# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ကဆုန်လဆန်း ၁၄ ရက်၊ စနေနေ့။ Saturday 28 April 2018 ၄၂၇၀


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏနသသတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပိဋက(ဓမ္မပဒ-၂၁၂)

# (၃၂)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီထိပ်သီးအစည်းအဝေး စင်ကာပူမြို့၌ ကျင်းပ

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကြွခိုင်နိုင်စွမ်းရှိ၍ တီထွင်ဆန်းသစ်သည့် အာဆီယံတည်ဆောက်ခြင်း ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေး

**စင်ကာပူ ဧပြီ ၂၇**

(၃၂)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် စင်ကာပူမြို့ရှိ Gardens by the Bay ဥယျာဉ်သို့ သွားရောက်လေ့လာသည်။

နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် Gardens by the Bay သို့ ရောက်ရှိပြီး ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ Chief Executive Officer Mr. Felix Loh က လိုက်လံရှင်းလင်းပြသသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**



(၃၂)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီထိပ်သီးအစည်းအဝေး၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဆွေးနွေးစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား Gardens by the Bay ဥယျာဉ် အမှုဆောင်အရာရှိချုပ်က အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့** နှင့် **ကရင်ပြည်နယ်အစိုးရအဖွဲ့** တို့၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈) မျက်နှာဖြင့် ဖော်ပြထားပါသည်။

**ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံ ဘားအံမြို့တွင် ကျင်းပ**

**တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေသည့် ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်စာစောင်များ ထုတ်ဝေနိုင်ရန် ကူညီပေးမည်**

စာမျက်နှာ - ၅

**လှိုင်သာယာအမှိုက်ပုံမီးလောင်မှု Biofoam ဆေးရည်ဖြင့် ပက်ဖျန်းမှုအောင်မြင်**

စာမျက်နှာ - ၁၀




## ကြေးမုံ

# ကျန်းမာသော နေထိုင်မှုဘဝ တည်ဆောက်

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟုဆိုသည့်အတိုင်း ခန္ဓာကိုယ်ချွတ်ယွင်းမှုကင်း၍ ရောဂါဘယ ကင်းရှင်းခြင်းသာမက ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ လူမှုရေးသုခနှင့်ပြည့်စုံခြင်း စသည့်ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်းနှင့်ပြည့်စုံခြင်းကို တည်ဆောက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလမှာ ဆုတ်ကပ်ဟုဆိုသကဲ့သို့ ကိုယ်စိတ်နှစ်ပါးကျန်းမာခြင်းကို ထိခိုက်စေနိုင်သော အခြေအနေအကြောင်းအမျိုးမျိုးတို့နှင့် တစ်နည်းမဟုတ်တစ်နည်း ကြုံတွေ့နေရသည်။ယခုအခါ လူတို့၏ပယောဂတစ်မျိုးမျိုးကြောင့် မိမိတို့နေထိုင်သော ပတ်ဝန်းကျင်တွင် ကိုယ်စိတ်နှစ်ပါးထိခိုက်စေသော အမှုအစုစုတို့ဖြစ်ပေါ်လာသည်။

ထို့ကြောင့် အများပြည်သူတို့ ကာယသုခနှင့်ပြည့်စုံစေရန်အတွက် ဦးစွာ တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားပြုမူဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အပြင် အန္တရာယ်ကင်း၍ ကျန်းမာရေးနှင့်ညီညွတ်သည့် အာဟာရပြည့်ဝသော အစားအစာများကို စားသုံးရန်လိုပြီး ဆီနှင့်အငန်များသော အစားအစာများ၊ အချိုမှုန့်ကဲ့သို့ ဟင်းချိုမှုန့်တို့ကို စားသုံးခြင်းမှ ရှောင်ရှားကြရန် လိုအပ်သည်။

ပြည်သူလူထုအားလုံး ကျန်းမာရေးနှင့်ညီညွတ်သော ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ရန်အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် သန့်ရှင်းသော သောက်သုံးရေရရှိသုံးစွဲနိုင်ရန် လိုအပ်သည်။ မြို့ပြလူနေထူထပ်သော ဒေသများ၊ ရေရှားပါးသောအရပ်များတွင် သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရေးကို အလေးထားကြရမည်ဖြစ်သည်။ သန့်ရှင်းသော အစားအသောက်နှင့်သောက်သုံးရေသည် လူတို့အတွက် အရေးအကြီးဆုံးပဓာနလိုအပ်ချက်ဖြစ်သည်။

မျက်မှောက်ကာလ လူအများမှာ ပြောင်းလဲလာသော နေထိုင်မှုဘဝပုံစံသစ်များဖြစ်လာသည်။ နိစ္စဓူဝ လှုပ်ရှားရုန်းကန်နေရသော ဘဝအခြေအနေအပြောင်းအလဲများကြောင့် ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်သည်။ ယင်းအခြေအနေအရပ်ရပ်ကြောင့်လည်း လူတို့၏ကျန်းမာရေးကို ထိခိုက်နိုင်စရာအကြောင်းများဖြစ်လာခဲ့သည်။ ယခုကဲ့သို့ ပူပြင်းသောရာသီကာလတွင် အပူဒဏ်ကြောင့် ကျန်းမာရေးမထိခိုက်စေရေး သတိထားကြရမည် ဖြစ်သည်။ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော ဝတ်စားဆင်ယင်မှုလည်း ဝတ်ဆင်သင့်သည်။

အရွယ်ရောက်သူ ကျား၊မ မရွေးတို့သည် မိမိတို့၏အလုပ်အကိုင်များကို ဦးစားပေးရလွန်းသောကြောင့် မိမိတို့၏ကျန်းမာရေးကိုပင် သတိမမူမိသည့် အခြေအနေများရှိလာသည်။ ထို့ကြောင့် မိမိတို့၏အသက်အရွယ်နှင့် လိုက်လျောညီထွေရှိသည့် သင့်တင့်မျှတသော ကိုယ်လက်လှုပ်ရှားမှုများကို နေ့စဉ်မှန်မှန် ဆောင်ရွက်သင့်သည်။ နေ့စဉ်လုပ်ငန်းဆောင်တာများကို အပြင်းအထန်ဆောင်ရွက်ရသောကြောင့် ပင်ပန်းနွမ်းနယ်မှုများကို ပြေပျောက်စေရန် လုံလောက်သော အပန်းဖြေအနားယူမှုများပြုလုပ်သင့်သည်။ လုံလောက်သော အိပ်စက်အနားယူမှု၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော စိတ်ဖိစီးမှုဖြစ်စေနိုင်သည့်ကိစ္စများအား ရှောင်ရှားတတ်ရန်လည်း လိုအပ်သည်။

ထို့အပြင် မူးယစ်ဆေးဝါး၊ အရက်သေစာနှင့် ဆေးလိပ်၊ ကွမ်းတို့သည် ကျန်းမာရေးကို ထိခိုက်စေနိုင်သဖြင့် လုံးဝရှောင်ကြဉ်သင့်သည်။ လူတို့အနေဖြင့် စိတ်အပန်းဖြေသည်ဟူသော အကြောင်းပြချက်ဖြင့် အပျော်အပါးလိုက်စားခြင်းတို့ကိုလည်း အထူးသတိထားရှောင်ရှားသင့်သည်။ လူတို့အနေဖြင့် မိမိတို့၏တစ်ကိုယ်ရေ ကျန်းမာရေးကိုသာမက မိမိပတ်ဝန်းကျင်ရှိ ပြည်သူများ၏ ကျန်းမာရေးကို မထိခိုက်စေရန်လည်း သတိထားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာပျော်ရွှင်သောဘဝ၊ ကျန်းမာရွှင်လန်းသော ပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရန်အတွက် ကျန်းမာရေးနှင့်မညီညွတ်သော အမှုတို့ကိုရှောင်ရှားကြကာ ကျန်းမာသောလူမှုဘဝကို တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Xiaojie Fan နှင့်အဖွဲ့အား ယမန်နေ့ နံနက် ၉ နာရီက ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် FAO အကြား ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် သစ်တောသယံဇာတ စာရင်းများ ကောက်ယူခြင်းစီမံကိန်းနှင့် တောမီးများ စီမံခန့်ခွဲမှုစီမံကိန်းတို့အား စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးဌာနသို့ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

**ပေါင်းတည် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့တွင် ပညာရေးဌာနသို့ ကျောင်းဆောင်သစ်များအား လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက မင်းကွက် အထကကျောင်း ပင်မခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပေါင်းတည်မြို့ မင်းကွက် အထက RC နှစ်ထပ်ကျောင်းဆောင်နှင့် သဖန်းချို အမက Steel Structure တစ်ထပ်ကျောင်းဆောင်သစ်၏ မှတ်တမ်းများအား မြင့်မိုရ်ဆင်မင်းကုမ္ပဏီမှ MD ဦးအောင်မြင့်ထွန်းက လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်ညိမ်းမြင့်က လက်ခံရယူသည်။

ယနေ့လွှဲပြောင်းပေးအပ်သည့် သဖန်းချို အမကကျောင်းဆောင်သစ်အား နိုင်ငံတော်မှခွင့်ပြုငွေကျပ် သိန်း ၂၈၀ ဖြင့် ၆၀× ၃၀ ပေ Steel Structure တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး မင်းကွက် အထက ကျောင်းဆောင်သစ်အား နိုင်ငံတော်မှခွင့်ပြုငွေကျပ် သိန်း ၁၄၀၀ ဖြင့် ၁၂၀×၃၀ ပေ RC နှစ်ထပ်ဆောင် ဖြစ်ကာ ပေ ၃၀ စာသင်ခန်း လေးခန်းနှင့် ပေ ၂၀ စာသင်ခန်း လေးခန်း ပါရှိကြောင်း ကျောင်းအကျိုးဆောင် ဦးမြဇော်က ပြောကြားသည်။

**တင်ဝင်းဇော်**



# ဒုတိယအကြိမ် လှော်ကားကန်ပတ်လမ်း စက်ဘီးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် GIANT Myanmar စက်ဘီးကုမ္ပဏီတို့ ပူးပေါင်း၍ ဒုတိယအကြိမ် လှော်ကားကန်ပတ်လမ်း Mountain Bike စက်ဘီးပြိုင်ပွဲကို မေ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဖုန်း-၀၉ ၉၆၄၉၂၂၂၇၀၊ ၀၉ ၉၇၀၃၃၁၂၃၅ နှင့် ၀၉ ၂၅၀၂၀၅၆၅၂ တို့သို့ မေ ၂၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းများအား ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် မေ ၂၇**

နိုင်ငံတော်အစိုးရမှ မြို့ပြနှင့် ကျေးလက်ဒေသ ကွာဟမှုများမရှိစေရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများထဲတွင် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ လမ်းညွှန်များနှင့်အညီ ဆောင်ရွက်ထားရှိမှုရှိစေရေး ယမန်နေ့က ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းသန့်သည် ကြောင်ပန်းကုန်းကျေးရွာသို့ ကွင်းဆင်းပြီး စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ဆောင်ထားမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကြောင်ပန်းကုန်းကျေးရွာသည် မြစိမ်းရောင်စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယနေ့အချိန်တွင် စီမံကိန်းလည်ပတ်ငွေ ၃၄၇ ဒသမ ၆ သိန်းဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၁၈ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၅၄ ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၂၀နှင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူ နှစ်ဦးတို့အား မိသားစုဝင်ငွေတိုးပွားစေရေးအတွက် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နိုင်ရေး စီမံကိန်းချေးငွေများ ထုတ်ချေးပေးထားကြောင်း သိရသည်။

**သက်မောင်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂၇**

ရန်ကုန်(ရွှေဈေး) ၉၄၀၀၀၀ - ၉၄၀၀၀၀    မန္တလေး(ရွှေဈေး) ၉၄၀၀၀၀ - ၉၄၀၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၃၅ ကျပ်၊ | ၈၅၀/၈၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၅/၈၅၀ ကျပ်၊ | ၈၉၀/၉၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၅/၈၀၅ ကျပ်၊ | ၈၅၅/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၅/၈၅၀ ကျပ်၊ | ၈၆၀/၉၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၁၀/၈၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၁၅/၈၂၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၆၅/၇၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၁၇. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၈၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၂၃၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၈၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၉၉၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၂. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၀၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၈. ၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၅. ၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

themirror.npt@gmail.com
www.facebook.com/themirrordaily

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေးရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁) တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## စုပေါင်းအင်အား


ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး တည်ဆောက်ရာမှာ **စုပေါင်းအင်အားဟာ** အဓိကပါ။ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန် နားလည်မှု၊ အပြန်အလှန်လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို **စုပေါင်းအင်အားနဲ့** ခိုင်မာအောင် ဆောက်တည်နိုင်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

**ရွှေဖုံးမှ**

ယင်းနောက် နိုင်ငံတော်သမ္မတသည် Gardens by the Bay ဥယျာဉ် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး Mr. Felix Loh အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် သီးခြားစီတွေ့ဆုံသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ တွေ့ဆုံဆွေးနွေးစဉ်။

နိုင်ငံတော်သမ္မတသည် စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းနှင့် စင်ကာပူမြို့ Istana Presidential Palace ၌ တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး၊ စင်ကာပူနိုင်ငံက မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ဆက်လက်အကူအညီ ပေးအပ်သွားရေး၊ ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးကိစ္စများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် စင်ကာပူမြို့ ရှန်ဂရီလာဟိုတယ်၌ တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုရှိသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်နိုင်ရေးနှင့် နိုင်ငံတော်သမ္မတအား လာအိုနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အင်ဒိုနီးရှားနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုနှင့် ရှန်ဂရီလာဟိုတယ်၌ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေး၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့၏နှစ်ပတ်လည် အစည်းအဝေးများနှင့် ဆက်စပ်ကျင်းပမည့် အာဆီယံခေါင်းဆောင်များ၏ တွေ့ဆုံပွဲ (ASEAN Leaders gathering)သို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စင်ကာပူမြို့ Istana Presidential Palace ၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် အာဆီယံမျက်နှာစုံညီထိပ်သီးအစည်းအဝေး (Plenary Session)သို့ တက်ရောက်သည်။

မျက်နှာစုံညီအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ကြံ့ခိုင်နိုင်စွမ်းရှိ၍ တီထွင်ဆန်းသစ်သည့် အာဆီယံတည်ဆောက်ခြင်း (Building a "Resilient and Innovative" ASEAN) ခေါင်းစဉ်အောက်တွင် ပါဝင်ဆွေးနွေးခဲ့သည်။

ညစာစားပွဲနှင့် မျက်နှာစုံညီအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

**တွေ့ဆုံဆွေးနွေး**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အင်ဒိုနီးရှားနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုတို့ တွေ့ဆုံဆွေးနွေးစဉ်။**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး




**စင်ကာပူ မေ ၂၇**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ရှိ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှန်ဂရီလာဟိုတယ်၌ ဆက်လက်ကျင်းပသည့် (၁၇) ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းကောင်စီအစည်းအဝေးနှင့် (၂၁)ကြိမ်မြောက် အာဆီယံ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေးများသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံအဆင့် စံလုပ်ငန်းအစီအစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂၇**

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံအဆင့် စံလုပ်ငန်းအစီအစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ် မတ်လအထိ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား စုစုပေါင်း ၁၅၂၇ ဦးအား ပြန်လည်ခေါ်ယူနိုင်ခဲ့သည့်အပြင် ပြည်တွင်း လူကုန်ကူးခံရသူ ၅၈ ဦးကိုလည်း မိဘရပ်ထံ ပြန်လည်ပို့ဆောင်အပ်နှံပေးနိုင်ခဲ့ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း "အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်သော



လူ့ဂုဏ်သိက္ခာ အပြည့်အဝရရှိနိုင်မည့် လူမှုအသိုက်အဝန်းတစ်ရပ် ပေါ်ပေါက်လာစေရန် အထောက်အကူ ဖြစ်စေရေးနှင့် အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့မှုရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများဖြင့် ပြည်သူလူထုလွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်စေရေး" မူဝါဒချမှတ်ဆောင်ရွက်နေကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းမှာ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံအဆင့် စံလုပ်ငန်းအစီအစဉ်ဆိုင်ရာ (မူကြမ်း)နှင့်ပတ်သက်၍ လက်တွေ့လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရမည့် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ သုံးသပ်အကြံပြုချက်များ ရယူနိုင်ရန်ဖြစ်ကြောင်း၊ စံလုပ်ငန်းအစီအစဉ် ဖော်ထုတ်နိုင်ခြင်းဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် မိမိတို့ဌာန၊ အဖွဲ့အစည်း အသီးသီးမှ ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို တိကျရှင်းလင်းစွာသိရှိနိုင်ပြီး လူကုန်ကူးခံရသူများအတွက် ဝန်ဆောင်မှုများပေးရာတွင် လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်နည်းများဖြင့် ၎င်းတို့၏ အခွင့်အရေးများကို အပြည့်အဝရရှိစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များနှင့် သက်ဆိုင်ရာဌာနများမှ ဌာနအကြီးအကဲများ၊ အစိုးရမဟုတ်သော အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ UN, INGOs များမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စံလုပ်ငန်း အစီအစဉ်အား အတည်ပြုပြီးပါက ပုံနှိပ်ထုတ်ဝေခြင်း၊ မိတ်ဆက်ဖြန့်ချိခြင်း လုပ်ငန်းများနှင့် လက်တွေ့ဝန်ဆောင်မှုပေးနေသူများအတွက် စံလုပ်ငန်းအစီအစဉ် အသုံးပြုနည်းသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နှစ် (၂၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နှစ်(၂၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ကျင်းပသည်။






အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သတင်းဆောင်းပါးထူးချွန်ဆု ရရှိကြသူများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်(မောင်စာဂ)နှင့် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့် (ဦးဟန်ညွန့် ဥပဒေ)တို့က သတင်းထူးချွန်ဆု ရရှိကြသူများကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက သတင်းဓာတ်ပုံထူးချွန်ဆု ရရှိကြသူများကိုလည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက ထူးချွန်စွာတာဝန်ထမ်းဆောင်မှုဆုနှင့် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများတွင် ကြော်ငြာထည့်သွင်းဖော်ပြမှု အများဆုံးသူများကို လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အထွေထွေမန်နေဂျာ ဦးသက်ဆွေက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၉၈၅ ဦး အတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဝါရင့်သတင်းစာ ဆရာကြီး ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)၊ ဆောင်းပါးရှင် ဒေါက်တာ မောင်ဖြေနှင့် သိပ္ပံစာရေးဆရာ ကိုကိုအောင်တို့က မုဒိတာစကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဆုရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နှစ်ပတ်လည်နေ့အခမ်းအနားသို့ ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များနှင့် စာတည်းမှူးများ၊ စာပေပညာရှင်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ဆုရရှိကြသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်အမျိုးသားအစည်းအရုံး(KNU)မှ ဖဒိုစောသမိန်ထွန်း တို့နှင့်အတူ တက်ရောက်လာကြသူများ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

# ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံ ဘားအံမြို့တွင် ကျင်းပ

## တိုင်းရင်းသားဘာသာဖြင့်ထုတ်ဝေသည့် ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်စာစောင်များ ထုတ်ဝေနိုင်ရန် ကူညီပေးမည်

**ဘားအံ မေ ၂၇**

ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံကို "တိုင်းရင်းမီဒီယာ ရေရှည်တည်တံ့ရေး မီဒီယာဆိုင်ရာ အသိမြှင့်တင်ပေး"ခေါင်းစဉ်ဖြင့် ယနေ့နံနက် ၉ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)မှ ဖဒိုစောသမိန်ထွန်းတို့က တိုင်းရင်းမီဒီယာညီလာခံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး တိုင်းရင်းမီဒီယာညီလာခံ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ကရင်တိုင်းရင်းသား တိုင်းရင်းသူလေးများက ဒုံးယိမ်းအကဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေကြသည်။

ယင်းနောက် Burma News International (BNI) မှ အမှုဆောင် နိုင်ကဆော့မွန်က ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် ဆောင်ရွက်မည့်အစီအစဉ်များ၊ ယခင်က တိုင်းရင်းမီဒီယာညီလာခံများ ကျင်းပခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ တိုင်းရင်းသားလူမျိုးစု များပြားစွာရှိနေသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် တိုင်းရင်းမီဒီယာများသည် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေပါကြောင်း။

တိုင်းရင်းသားလူမျိုးစုများ စာပေနှင့် အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုများကိုသိရှိပြီး တိုင်းရင်းမီဒီယာများအနေဖြင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်မည်ကို စဉ်းစားဆောင်ရွက်နိုင်ရန် ရှင်းလင်းပြောကြားလိုပါကြောင်း၊ မီဒီယာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပုံနှိပ်မီဒီယာကဏ္ဍတွင် ပုံနှိပ်ထုတ်ဝေခွင့်များ မှတ်ပုံတင်အတည်ပြုပြီး ခွင့်ပြုပေးနေပါကြောင်း၊ ၎င်းတွင် တိုင်းရင်းသား ဘာသာစကားများဖြင့်ထုတ်ဝေသည့် သတင်းဆိုင်ရာ ဂျာနယ်၊ မဂ္ဂဇင်းများစွာ ပါဝင်ပါကြောင်း၊ ဆက်လက်ပြီးလည်း တိုင်းရင်းသားဘာသာဖြင့်ထုတ်ဝေသည့် ဂျာနယ်၊ မဂ္ဂဇင်းများအပြင် စာအုပ်စာစောင်များ ထုတ်ဝေနိုင်ရန် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

နိုင်ငံပိုင်သတင်းစာများတွင်လည်း တိုင်းရင်းသားဘာသာများဖြင့်ထုတ်ဝေသည့် အချပ်ပိုစာမျက်နှာများကို ကြားညှပ်ထည့်သွင်းပြီး ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ ၎င်းတွင် ကရင်ပြည်နယ်အတွင်းဖြန့်ဝေသည့် သတင်းစာများ၌ မွန်၊ ပိုးကရင်၊ စကောကရင်၊ ပအိုဝ်းဘာသာများဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်တွင် ဖြန့်ဝေသည့် သတင်းစာများတွင် ဂျိမ်းဖောဘာသာဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် ဖြန့်ဝေသည့် သတင်းစာများတွင် မြန်မာဘာသာနှင့် ရခိုင်ဘာသာတို့ဖြင့် လည်းကောင်း ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

အလားတူ တိုင်းရင်းသားဘာသာများဖြင့် ဆက်လက်ထုတ်ဝေနိုင်ရေး တိုင်းရင်းမီဒီယာများအနေဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ရုပ်မြင်သံကြားကဏ္ဍတွင် ရုပ်သံမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်သံလိုင်းအသစ် ငါးလိုင်း တိုးချဲ့လုပ်ကိုင်ခွင့်ပြုထားပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် တိုင်းရင်းသားလူမျိုးစုများရုပ်သံလိုင်းတွင် ဘာသာစကား ၁၁ မျိုးဖြင့် ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါကြောင်း၊ ရေဒီယိုအစီအစဉ်တွင် ဘာသာစကား ၁၇ မျိုးဖြင့် ထုတ်လွှင့်ပေးလျက် ရှိပါကြောင်း။

**မိမိတို့နိုင်ငံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းဆဲဖြစ်ပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ရည်မှန်း၍ဆောင်ရွက်နေ၊ ဒီမိုကရေစီ ပြည့်ဝလာသည်နှင့်အမျှ လွတ်လပ်ခွင့်များသည်လည်း ယခုထက်မက ပိုမိုပီသစွာဖြင့် ပြည့်ဝလာမည်ဟု ယုံကြည်၊ ၎င်းအချိန်တွင် မီဒီယာလွတ်လပ်ခွင့်သည်လည်း အမြင့်မားဆုံးအဆင့်ကို ရောက်ရှိလာမည်ဟု မျှော်လင့်။**

လက်ရှိထုတ်လွှင့်မှုများအပြင် ထပ်မံတိုးချဲ့ထုတ်လွှင့်နိုင်ရေးအတွက် တိုင်းရင်းမီဒီယာများအနေဖြင့် ညှိနှိုင်းဆွေးနွေးပြီး လုပ်ကိုင်နိုင်ပါကြောင်း၊ ရေဒီယိုနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ ဒေသများအပါအဝင် နိုင်ငံအနှံ့အပြားတွင် ရေဒီယိုလုပ်ငန်းလုပ်ကိုင်လိုမှုများ ရှိနေသည်ကို သိရှိရပါကြောင်း၊ ရပ်ရွာအလိုက် Community Radio များ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ခရေ FM အမည်ဖြင့် Community Radio အစီအစဉ်ကို စမ်းသပ်ပြီး ထုတ်လွှင့်နေပါကြောင်း၊ ရုပ်သံဥပဒေပြင်ဆင်ရေး

**စာမျက်နှာ ၆ သို့** »»



တိုင်းရင်းမီဒီယာညီလာခံကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ကရင်အမျိုးသားအစည်းအရုံးမှ ဖဒိုစောသမိန်ထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။






တိုင်းရင်းမီဒီယာညီလာခံဖွင့်ပွဲ၌ တက်ရောက်လာကြသူများအား ကရင်တိုင်းရင်းသား တိုင်းရင်းသူလေးများက ဒုံးယိမ်းအကဖြင့် သီဆိုတီးမှုတ်ကပြ ဖျော်ဖြေကြစဉ်။

»» **စာမျက်နှာ ၅ မှ**

ဆောင်ရွက်လျက်ရှိရာ အတည်ပြုပြီးပါက နည်းဥပဒေဆက်လက်ရေးဆွဲ အတည်ပြုပြီး Community Radio လုပ်ကိုင်လိုသူများ ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းရယူမှုနှင့် ပတ်သက်၍ တိုင်းရင်းသားမီဒီယာများအပြင် မြန်မာနိုင်ငံတွင် မီဒီယာလုပ်ငန်းဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများ သတင်းရယူခွင့် တိုးတက်စေရန်အတွက် ဆောင်ရွက်ပေးနေပါကြောင်း။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအပါအဝင် မီဒီယာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်နေပါကြောင်း၊ ထိုကဲ့သို့ စီစဉ်ဆောင်ရွက်လျက်ရှိရာတွင် မဏ္ဍိုင်(၃)ရပ်နှင့် သတင်းမီဒီယာသမားများ ထိတွေ့သည့် အစီအစဉ်များလည်း ပူးတွဲပြီး လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်စည်းမခြား သတင်းသမားများအဖွဲ့(RSF)၏ ၂၀၁၈ ခုနှစ်အတွက် ထုတ်ပြန်ခဲ့သည့် Freedom of the Press Index တွင် မြန်မာနိုင်ငံကို အဆင့်(၁၃၇)ဖြင့် ထုတ်ပြန်ထားပါကြောင်း၊ ၎င်းမှာ ယခင်နှစ်သတ်မှတ်ချက်ထက် အနည်းငယ်ကျဆင်းခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းမှာ နိုင်ငံတကာနှင့်ဆက်စပ်သည့် ပြဿနာတစ်ရပ်အပေါ် သက်ရောက်မှုကြောင့်ဟု ထင်မြင်ပါကြောင်း။

သို့သော်လည်း ကမ္ဘာ့အကြီးမားဆုံး ဒီမိုကရေစီနိုင်ငံကြီးဖြစ်သည့် အိန္ဒိယနိုင်ငံမှာ မိမိတို့နိုင်ငံ၏ နောက်တစ်ဆင့်တွင် ရှိနေပါကြောင်း၊ အခြားအိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့၏ အဆင့်အတန်းသတ်မှတ်ချက်များမှာ မိမိတို့နိုင်ငံအား သတ်မှတ်ချက်ထက် အောက်ဘက်တွင် ရှိနေပါကြောင်း။

အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါကလည်း မိမိတို့နိုင်ငံမှာ အဆင့်(၃)တွင် တွေ့ရှိရပြီး အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့မှာ မိမိတို့နိုင်ငံ၏ အဆင့်သတ်မှတ်ချက်အပေါ်တွင် ရှိနေကြပါကြောင်း၊ ၎င်းသတ်မှတ်ချက်များ အပေါ် ကျေနပ်အားရမှုရှိ၍ ပြောဆိုနေခြင်းမျိုး မဟုတ်ပါကြောင်း၊ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် အဖွဲ့အစည်းတစ်ခု၏ သတ်မှတ်ချက်တွင် မိမိတို့နိုင်ငံ၏ အဆင့်အတန်းသတ်မှတ်ချက် ကျဆင်းသွားခြင်းမျိုးကို မလိုလားမနှစ်သက်ပါကြောင်း၊ မိမိတို့အနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တွေ့ဆုံချိန်များတွင် မည်သည့်အချက်အလက်များအပေါ် မူတည်ပြီး မည်ကဲ့သို့ အဆင့်သတ်မှတ်သည်ကို မေးမြန်းလေ့ရှိပါကြောင်း၊ မိမိတို့ဘက်က တိုးတက်မှုရှိအောင် မည်သည့်နေရာကဏ္ဍများတွင် ပြုပြင်ပြောင်းလဲရမည် ဆိုသည်ကိုလည်း မေးမြန်းလေ့ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းဆဲနိုင်ငံဖြစ်ပြီး ဒီမိုကရေစီပြည့်ဝသည့်နိုင်ငံအဆင့်ကို မရောက်ရှိသေးပါကြောင်း။

လွတ်လပ်ခွင့်များသည် ဒီမိုကရေစီပြည့်ဝခြင်းနှင့် မပြည့်ဝခြင်းတို့အပေါ်တွင် မူတည်ပြီး ဖြစ်ပေါ်လေ့ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းဆဲဖြစ်ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် ရည်မှန်း၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီ ပြည့်ဝလာသည်နှင့်အမျှ လွတ်လပ်ခွင့်များသည်လည်း ယခုထက်မက ပိုမိုပီသစွာ ပြည့်ဝလာမည်ဟု ယုံကြည်ပါကြောင်း၊ ၎င်းအချိန်တွင် မီဒီယာလွတ်လပ်ခွင့်သည်လည်း အမြင့်မားဆုံးအဆင့်ကို ရောက်ရှိလာမည်ဟု မျှော်လင့်ပါကြောင်း၊ သတင်းမီဒီယာလွတ်လပ်ခွင့်တိုးတက်ရေးအတွက် မိမိတို့အနေဖြင့် မီဒီယာသမားများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်




ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်




ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်




ကရင်အမျိုးသားအစည်းအရုံးမှ ဖဒိုစောသမိန်ထွန်း

မဏ္ဍိုင်(၃)ရပ်နှင့် သတင်းမီဒီယာများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများတည်ဆောက်ပြီး သတင်းရယူမှု တိုးတက်စေရန် ဆက်လက်ဆောင်ရွက်သွားရမည်ဟု မြင်ပါကြောင်း၊ ၎င်းအတွက် ညှိနှိုင်းဆောင်ရွက်သည့် အလုပ်ကို ထိရောက်စွာလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်သည်ဟု မြင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားလူမျိုးစုများ၏ နယ်မြေဒေသများတွင် မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် နောက်ဆက်တွဲဆိုးကျိုးပြဿနာများစွာရှိနေရာ ၎င်းအတွက် တိုင်းရင်းသားမီဒီယာများက အသိပညာပေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးစေလိုပါကြောင်း၊ တိုင်းရင်းသားမီဒီယာများ စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နည်းလမ်းရှာဖွေပြီး ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး(KNU)မှ ဖဒိုစောသမိန်ထွန်းနှင့် တိုင်းရင်းမီဒီယာညီလာခံကျင်းပရေး ကော်မတီဥက္ကဋ္ဌ နန်းဖော့ဂေတို့က အမှာစကားများပြောကြားကြပြီး နော်အဲ့ဖောဝါးက ကရင်ပြည်နယ်အကြောင်း မိတ်ဆက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ်တို့သည် တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပထမအကြိမ် တိုင်းရင်းမီဒီယာညီလာခံကို မွန်ပြည်နယ် မော်လမြိုင်မြို့တွင် လည်းကောင်း၊ ဒုတိယအကြိမ်ကို ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် လည်းကောင်း၊ တတိယအကြိမ်ကို ချင်းပြည်နယ် ဟားခါးမြို့တွင် လည်းကောင်း၊ စတုတ္ထအကြိမ်ကို ရခိုင်ပြည်နယ် မြောက်ဦးမြို့နှင့် ပဉ္စမအကြိမ်ကို ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် လည်းကောင်း ကျင်းပခဲ့ပြီး ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံကို Burma News International(BNI)နှင့် ကရင်သတင်းစဉ်(KIC)တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကာ ကရင်ပြည်နယ် ဘားအံမြို့၌ မေ ၂၉ ရက်အထိ သုံးရက်တာ ကျင်းပမည်ဖြစ်သည်။

ယင်းညီလာခံတွင် စာတမ်းများဖတ်ကြားခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အမေးအဖြေပြုလုပ်ခြင်းနှင့် အကြံပေးခြင်း၊ စားပွဲဝိုင်းဆွေးနွေးခြင်း၊ ရလဒ်များ ထုတ်ပြန်ကြေညာခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံ ကျင်းပစဉ်။

# NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့ ဆက်လက်တွေ့ဆုံဆွေးနွေးမှု အောင်မြင်စွာပြီးစီး

## သဘောတူညီချက်များရရှိပြီး ပူးတွဲကြေညာချက်ထုတ်ပြန်နိုင်ခဲ့



**လွိုင်ကော် မေ ၂၇**

NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့ တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ နှစ်ဖက်သဘောတူညီချက်များရရှိပြီး ပူးတွဲကြေညာချက် ထုတ်ပြန်နိုင်ခဲ့သည်။

**ဖိတ်ကြားထားသူများ တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦးနှင့် တပ်မတော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အစိုးရဌာနဆိုင်ရာအကြီးအကဲများ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရေးကော်မတီမှ အဖွဲ့ခေါင်းဆောင်နှင့် ကော်မတီဝင်များ၊ အစိုးရမှ ဖိတ်ကြားထားသော လေ့လာသူများနှင့် KNPP မှ ဖိတ်ကြားထားသော လေ့လာသူများ တက်ရောက်ကြသည်။

**နည်းလမ်းများ ရှာဖွေ**

ဆွေးနွေးပွဲ အစီအစဉ်အရ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့ မေ ၂၆ ရက်တွင် ပြည်နယ်ခန်းမ၌ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆွေးနွေးခဲ့ပါကြောင်း၊ ယင်းနောက် အလွတ်သဘော အစည်းအဝေးကို ညနေ ၃ နာရီမှ ည ၇ နာရီ ၁၅ မိနစ်အထိ ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမတွင် ဆက်လက်ဆွေးနွေးခဲ့ပါကြောင်း၊ ယနေ့တွင်လည်း အလွတ်သဘော အစည်းအဝေးကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်အထိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ဆက်လက်ဆွေးနွေးခဲ့ပါကြောင်း၊ ဆွေးနွေးရန် သဘောတူထားသည့် ခေါင်းစဉ်၊ အကြောင်းအရာ ကိုးခုလုံးကို အကျေအလည်ဆွေးနွေးခဲ့ပါကြောင်း၊ သဘောတူညီချက်အများစု ရရှိခဲ့ပြီး နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားမည့် နည်းလမ်းများကိုလည်း ရှာဖွေနိုင်ခဲ့ကြပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အထွေထွေအတွင်းရေးမှူး ရွှေမျိုးသန့်က ဆွေးနွေးညှိနှိုင်းမှုများအပေါ် အားရကျေနပ်မှုရှိပါကြောင်း၊ ဆွေးနွေးမည့် ကိစ္စရပ်အားလုံးကို ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီး ဆွေးနွေးနိုင်ခဲ့ကြပါကြောင်း၊ သဘောတူညီချက်များရရှိပြီး ပူးတွဲထုတ်ပြန်ကြေညာချက် ထုတ်ပြန်နိုင်ခဲ့သည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အစိုးရဘက်မှ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးခင်ဇော်ဦးနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးကော်မတီအဖွဲ့ခေါင်းဆောင် ဦးဘီထူးတို့က အစည်းအဝေးမှတ်တမ်းအား အတည်ပြုလက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက နှစ်ဖက်တွေ့ဆုံဆွေးနွေးမှု၏ ရလဒ်ဖြစ်သည့် ပူးတွဲထုတ်ပြန်ကြေညာချက်ကို ဖတ်ကြားရှင်းလင်းတင်ပြသည်။

**ဆက်လက်ကြိုးပမ်း**

ထို့နောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးကော်မတီ အဖွဲ့ခေါင်းဆောင် ဦးဘီထူးက နှစ်ရက်တာအစည်းအဝေးသို့ အင်တိုက်အားတိုက် တက်ရောက်ခဲ့သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် စစ်မှန်သည့် ငြိမ်းချမ်းရေးကို လိုလားတောင့်တပြီး ယခုတိုင် ငြိမ်းချမ်းရေးလမ်းတွင် လျှောက်လှမ်းနေဆဲဖြစ်ပါကြောင်း၊ နှစ်ရက်တာ အကျေအလည် ဆွေးနွေးခဲ့ကြပြီး သဘောတူညီချက်များ ရရှိခဲ့ကြသည့်အတွက် ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ဆွေးနွေးသူအားလုံးကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ ယခု အစည်းအဝေးဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ပြည်သူများ တည်ငြိမ်အေးချမ်းမှု ရရှိပြီးနောက် ပိုမိုတိုးတက်၊ ပိုမိုဖွံ့ဖြိုးလာရန် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အနေဖြင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ညီနောင်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်အတူ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြမည်**

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် မေ ၂၆ ရက်နှင့် ၂၇ ရက် နှစ်ရက်တာ တွေ့ဆုံဆွေးနွေးပြီးနောက် သဘောတူညီချက် အများအပြား ရရှိခဲ့ကြောင်း၊ ပူးတွဲထုတ်ပြန်ကြေညာချက်ကိုလည်း ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းအားဖြင့် အပြုသဘောဆောင်သော အဖြေများ ထွက်ပေါ်လာနိုင်သည်ကို စောင့်ကြည့်နေကြသည့် ပြည်သူများကို သတင်းကောင်းပါးနိုင်ခဲ့ပါကြောင်း၊ နှစ်ဦးနှစ်ဖက် နားလည်မှု၊ ယုံကြည်မှုများလည်း ရရှိလာခဲ့ပါကြောင်း။

ကယားပြည်နယ်၏ ရှေ့ဆက်သွားမည့် ငြိမ်းချမ်းရေးလမ်းကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းများတွင် လွန်စွာမှပင် အပေါင်းလက္ခဏာဆောင်သော ရလဒ်ဖြစ်ပါကြောင်း၊ နှစ်ဖက်သော ခေါင်းဆောင်များအနေဖြင့်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြမည် ဖြစ်ပါကြောင်း၊ ယခု နှစ်ရက်တာအတွင်း အားကြိုးမာန်တက် ဆွေးနွေးညှိနှိုင်းကြရာ၌ ညပိုင်းအထိ ဆွေးနွေးခဲ့ရခြင်းဖြစ်၍ ပါဝင်ဆွေးနွေးသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

**သမိုင်းဝင်မှတ်တမ်းတစ်ခုဖြစ်**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သည် နှစ်ဦးနှစ်ဖက်စလုံးအတွက် ကောင်းမွန်သော လမ်းကြောင်းဖြစ်ပါကြောင်း၊ အထူးသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို လာမည့် မေလ နောက်ဆုံးရက်သတ္တပတ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း၊ ယင်းညီလာခံတွင် KNPP ပါတီခေါင်းဆောင်များနှင့် ညီနောင်များက NCA လက်မှတ်ရေးထိုးနိုင်သည့် အခြေအနေတစ်ခုကို ဖန်တီးပေးနိုင်ရန် မျှော်လင့်ပါကြောင်း၊ နှစ်ဖက်ခေါင်းဆောင်များ တွေ့ဆုံပြီး (၂၁) ရာစုပင်လုံညီလာခံတွင် လက်မှတ်ရေးထိုးနိုင်မည်ဆိုပါက လွန်စွာ အောင်မြင်သော သမိုင်းဝင်မှတ်တမ်းတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ နှစ်ရက်တာအတွင်း ဆွေးနွေးခဲ့ကြသူအားလုံး ပင်ပန်းခဲ့ကြသော်လည်း စေတနာထား၍ NCA လက်မှတ်ရေးထိုးနိုင်မည့် အခြေအနေတစ်ခုရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများ၊ နှစ်ဖက်မှ ဖိတ်ကြားထားသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ယခုအစည်းအဝေးမှ သဘောတူညီချက်များ ရယူနိုင်ခဲ့ခြင်း၊ ပူးတွဲထုတ်ပြန်ကြေညာချက် ထုတ်ပြန်နိုင်ခဲ့ခြင်းတို့သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကယားပြည်နယ်၏ အရေးကြီးလှသော ငြိမ်းချမ်းရေးခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။ **သတင်းစဉ်**

---

## ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးကော်မတီ ပူးတွဲထုတ်ပြန်ကြေညာချက်

**(၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၇ ရက်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့)**

၁။ ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးကော်မတီတို့သည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ပြည်နယ်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြရာ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

၂။ ဆွေးနွေးရာတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် အမြန်ဆုံးပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပါဝင်မရေးထိုးနိုင်မီ ရေတိုကာလအတွင်း အောက်ပါအတိုင်း ဆောင်ရွက်ရန် သဘောတူသည်-

(က) **Local Monitoring Team & JMC ကိစ္စ၊ နှစ်ဖက်တပ်ဖွဲ့များသွားလာမှု၊ ဆက်သွယ်မှုပြည်နယ်အဆင့်တွင် ညှိနှိုင်းရေးကိစ္စ။** ပြည်နယ်အစိုးရနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အကြား နှစ်ဖက်သဘောတူညီထားသည့်အတိုင်း ပုံမှန်တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်။

(ခ) **ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်များတွင် ဆက်ဆံရေးတာဝန်ခံများ ပြန်လည်ထားရှိရေးကိစ္စ။** ပြည်နယ်အဆင့်တွင် လည်းကောင်း၊ ပြည်ထောင်စုအဆင့်တွင် လည်းကောင်း နှစ်ဖက်ညှိနှိုင်းသဘောတူထားသော ဆက်ဆံရေးလမ်းကြောင်းများမှတစ်ဆင့် ဆောင်ရွက်ရန်။

(ဂ) တပ်ပိုင်းဆိုင်ရာကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် တိုးတက်မှုများရရှိခဲ့ပြီး နှစ်ဖက်ညှိနှိုင်းသဘောတူညီသည့်အတိုင်း ဆက်လက်ဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါအချက်များကို နှစ်ဖက်ညှိနှိုင်းဆွေးနွေးသဘောတူညီမှု ရရှိခဲ့သဖြင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **ငြိမ်းချမ်းရေးကော်မရှင်** | **ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)** |

# ပထမအကြိမ် ပညာရေးသဘောတရားနှင့် လက်တွေ့သင်ကြားရေးသင်တန်း သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၂၇**

ပညာရေးဝန်ကြီးဌာနနှင့် ILBC တို့မှ ကြီးမှူးကျင်းပသည့် ပထမအကြိမ် ပညာရေးသဘောတရားနှင့် လက်တွေ့ သင်ကြားရေးသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ILBC ကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မွေးဖွားလာသည့် အချိန်မှစ၍ ဘဝတွင် ရပ်တည်နိုင်ရန် သင်ကြားသင်ယူမှုများ ဆောင်ရွက်ရာတွင် ပညာရေးမှသာလျှင် ပေးစွမ်းနိုင်မည်ဖြစ်သည့်အတွက် လူတိုင်း အခြေခံပညာသင်ယူပြီးမြောက်ရန် လိုအပ်ပါကြောင်း၊ လူတိုင်းဘဝရပ်တည်မှုအတွက် လိုအပ်သောကျွမ်းကျင်မှုများ ရှိရန်လိုအပ်ပြီး လူမှုအသိုင်းအဝိုင်း ပတ်ဝန်းကျင်တွင် တစ်ဦးတစ်ယောက်တည်း ရပ်တည်ရန်မဖြစ်နိုင်သည့်အတွက် အားလုံးပူးပေါင်းဆောင်ရွက်တတ်သည့် အသင်းအဖွဲ့စိတ်ဓာတ်များကို မွေးမြူရန်လိုအပ်ပါကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာသော်လည်း ရိုးရာဓလေ့များကို တန်ဖိုးထားမြှင့်တင်ရန် လိုအပ်ပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးမှ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန် လိုအပ်ပြီး လုပ်ငန်းခွင်များကို တိုက်ရိုက်အကျိုးပြုသည့် သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါကြောင်း။

အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရန်အတွက် ကျွမ်းကျင်မှုရှိရန် လိုအပ်ပြီး High Level Skill ရှိသည့် ကျွမ်းကျင်လုပ်သားများကို Vocational Training School များမှသာ မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေရရှိရန်အတွက် ရေတိုရေရှည် စီမံကိန်းများရေးဆွဲပြီး ဒေသ၏ လိုအပ်ချက်နှင့် လိုက်လျောညီထွေမှုရှိသည့် သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက မိမိတို့ဒေသတွင် ကြုံတွေ့ရသည့် ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများက "မြတ်ဆရာ" သီချင်းဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။



အဆိုပါ ပညာရေးဝန်ကြီးဌာနနှင့် ILBC တို့မှ ကြီးမှူးကျင်းပသည့် ပထမအကြိမ် ပညာရေးသဘောတရားနှင့် လက်တွေ့သင်ကြားရေးသင်တန်းကို မေ ၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းရည်မှန်းချက် အဆိုပြုချက်များ ညှိနှိုင်းအစည်းအဝေးကျင်းပ



**စစ်တွေ မေ ၂၇**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးခြင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ဆောင်ရွက်ရန် လျာထားသည့် စီမံကိန်းရည်မှန်းချက် အဆိုပြုချက်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်များ၊ ဆက်လက်ဆောင်ရွက်ရန် လျာထားချက်များနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တင်ပြဆွေးနွေးချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့က တင်ပြချက်များနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ရခိုင်ပြည်နယ် စီမံကိန်းရည်မှန်းချက်များအား ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများသို့ တာဝန်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဆက်စပ်ဌာနများ အချင်းချင်း ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ကြရန်နှင့် စီမံကိန်းရည်မှန်းချက်များကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန် ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ထိန်ပင်အမှိုက်ပုံမီး အပြီးသတ်ငြိမ်းသတ်နိုင်ရန် အမြှုပ်ဆေးရည်ဖြင့် စတင်ငြိမ်းသတ်

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံမီးလောင်နေမှုကို အပြီးသတ်ငြိမ်းသတ်နိုင်ရန် ယနေ့ နံနက်ပိုင်းက Bio Foam (အမြှုပ်ဆေးရည်)ဖြင့် စတင်ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဝင်းက "ဒီကနေ့မှာတော့ အပြီးသတ်မီးငြိမ်းသတ်မှုကို ထိုင်းနိုင်ငံက တင်သွင်းလာတဲ့ Bio Foam နဲ့ စတင်ငြိမ်းသတ်နေပါပြီ၊ Bio Foam ကတော့ ရိုးရိုးသာမန်ရေထက် မီးငြိမ်းတာပိုမြန်သလို မီးခိုးထွက်တာကိုလည်း လျော့နည်းစေပါတယ်၊ ပူပြင်းမှုနဲ့အတူ မီးလောင်မှုဧရိယာကျယ်ပြန့်တဲ့အတွက်ကြောင့် အပြီးသတ် ငြိမ်းသတ်မှုအပိုင်းကို အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်နေပါတယ်"ဟု ပြောကြားသည်။



မီးငြိမ်းသတ်မှုတွင် ပါဝင်ဆောင်ရွက်နေသည့် အင်းစိန်မြို့နယ် မီးသတ်စခန်းမှ ဒုတပ်ကြပ်ကျော်မင်းဦးက "လေတိုက်တော့ မီးခိုးတော်တော်များတယ်၊ အမှိုက်ပုံကို လောင်တာဆိုတော့ အထဲအထိရောက်အောင် ဆေးရည်နဲ့ သေချာငြိမ်းသတ်ရတယ်၊ ဒီကနေ့ဆိုရင် ခြောက်ရက်လောက်ရှိပါပြီ၊ ညဘက်မှာလည်း ဆလိုက်မီးတွေထွန်းပြီး ငြိမ်းနေကြတာပါ၊ နောက်ထပ် ဘယ်နှရက်လောက်ငြိမ်းရမလဲဆိုတာတော့ မသိသေးပါဘူး"ဟု ပြောသည်။

အဆိုပါ ထိန်ပင်အမှိုက်ပုံမီးလောင်မှုသည် မေ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီခန့်မှ စတင်ကာ အပြီးသတ်မီးငြိမ်းသတ်နိုင်ရန် Bio Foam (အမြှုပ်ဆေးရည်)ကို အသုံးပြု၍ ငြိမ်းသတ်လျက်ရှိသည်။

မီးစတင်လောင်ကျွမ်းစဉ်က လှိုင်သာယာမြို့နယ်အတွင်းနှင့် ဆက်စပ်မြို့နယ်တချို့ရှိ ပြည်သူများသာ မီးလောင်မှုမှ ထွက်ရှိသည့် မီးခိုးများဒဏ်ကို ခံစားခဲ့ရသော်လည်း မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရန်ကုန်မြို့တွင်းမြို့နယ်များသာမက ဆင်ခြေဖုံးမြို့နယ်များတွင်လည်း မီးခိုးမွှန်သည့်ဒဏ်ကို ခံစားခဲ့ရသည်။ ယခုအခါ အပြီးသတ်မီးငြိမ်းသတ်မှုအဆင့်သို့ ရောက်ရှိနေပြီဖြစ်သဖြင့် မီးခိုးထွက်ရှိမှုလည်း လျော့နည်းသွားပြီဖြစ်သည်။

လှိုင်သာယာမြို့နယ် အမှတ်(၁၀)ရပ်ကွက်မှ ဦးမြတ်သူနိုင်က "၂၄ ရက် ညနေပိုင်းက လှိုင်သာယာတစ်မြို့လုံး နီးပါး မီးခိုးတွေကြောင့် မှောင်သွားတယ်၊ နောက်ရက်တွေမှာတော့ တဖြည်းဖြည်း နည်းသွားပါတယ်၊ အခုဆိုရင် မီးခိုးမွှန်တဲ့ အနံ့မရှိသလောက်ပါပဲ"ဟု ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မီးခိုးဒဏ်ကို အများဆုံးခံစားနေရသည့် ရပ်ကွက်များအတွင်းနှင့် မီးလောင်မှုအနီးတွင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးကုသမှုစခန်းများ ဖွင့်လှစ်ကာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာခင်နန်းလှုံက "စတင်လောင်ကျွမ်းပြီး နောက်တစ်ရက်မှာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက နေရာခြောက်နေရာခွဲပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ စတင်ပေးထားပါတယ်၊ မေ ၂၄ ရက်လောက်မှာတော့ မီးလောင်မှုဖြစ်တဲ့ အနီးပတ်ဝန်းကျင်က မီးခိုးမွှန်တဲ့ဒဏ်ကိုခံစားရပြီး ဆေးရုံတက်ရောက်ကုသတာမျိုးတော့ရှိပါတယ်၊ စိုးရိမ်ရတဲ့အခြေအနေမျိုး မဟုတ်ပါဘူး၊ မီးလောင်မှုကြောင့် မီးခိုးမွှန်ပြီး သေဆုံးတာမျိုးလည်း မရှိပါဘူး"ဟု ပြောသည်။

ထို့အတူ မီးလောင်မှုအနီးတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပြီး စေတနာရှင်များကလည်း အစားအသောက်၊ ရေနှင့် ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။

ထိန်ပင်အမှိုက်ပုံကို ၂၀၀၁ ခုနှစ်ခန့်က စတင်ခဲ့ကာ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ နေ့စဉ်ထွက်ရှိသည့် အမှိုက်တန်ချိန် ၂၅၀၀ အနက်မှ တန် ၁၀၀၀ ကို ယင်းအမှိုက်ပုံတွင် နေ့စဉ် လာရောက်စွန့်ပစ်လျက်ရှိသည်။ အမှိုက်ပုံသည် ဧက ၃၀၀ ခန့်ရှိပြီး ယင်းတို့အနက် ဧက ၁၀၀ ခန့် လောင်ကျွမ်းခြင်းဖြစ်ရာ အပြီးသတ်ငြိမ်းသတ်မှုကို Bio Foam (အမြှုပ်ဆေးရည်)ဖြင့် ဆက်လက်ငြိမ်းသတ်လျက်ရှိသည်။

**ဇော်ကြီး**

✻ ကျောဖုံးမှ

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ(၅)ရပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### သတ္တမအကြိမ်

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ တစ်နှစ်ခွဲကျော်ခန့်ရှိပြီဖြစ်ရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထိုက်အလျောက် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကော်မတီစတင်ဖွဲ့စည်းစဉ်ကတည်းက လုပ်ငန်းတာဝန်(၅)ရပ် ချမှတ်ခဲ့ပြီး ကော်မတီလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ(၅)ရပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍများ သိသိသာသာ တိုးတက်လာနိုင်မည်ဖြစ်သည့်အတွက် လုပ်ငန်းကော်မတီများ၏ကဏ္ဍသည် အရေးကြီးသည်ကို တွေ့ရှိရပါကြောင်း၊ ပြီးခဲ့သည့် ဆဋ္ဌမအကြိမ်မြောက်အစည်းအဝေးအထိ ဆုံးဖြတ်ချက်စုစုပေါင်း ၄၅ ချက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး ၄၂ ချက်နှင့် ဆောင်ရွက်ဆဲ (၃)ချက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ကျန်ရှိနေသည့် ဆောင်ရွက်ဆဲလုပ်ငန်း(၃)ချက်တွင် ချေးငွေနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ စုဆောင်းသည့်အဖွဲ့အစည်း(Credit Bureau)သည် မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်း၊ ကျန်နှစ်ခုဖြစ်သည့် Ease of Doing Business အဆင့် တိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများအတွက် မှတ်ပုံတင်ရာတွင် ဝန်ကြီးဌာနအသီးသီး၌ သီးခြားစီဆောင်ရွက်နေခြင်းကို ဝန်ကြီးဌာန(၁)ခု၊ တစ်နေရာတည်းတွင် မှတ်ပုံတင်ခြင်းစနစ်(Single Registration System) ကျင့်သုံးခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ၎င်းအချက် နှစ်ချက်သည် အချိန်ယူ၍ ဆောင်ရွက်ရသည့် လုပ်ငန်းများ ဖြစ်ပါကြောင်း။

### အကြံပြုတင်ပြချက် ၂၄၅ ချက်

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး အစုအဖွဲ့အလိုက်၊ လုပ်ငန်းကဏ္ဍများအလိုက် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ပြီးခဲ့သည့် ဧပြီလအထိ တွေ့ဆုံဆွေးနွေးမှု အကြိမ်ပေါင်း ၁၆ ကြိမ် ဆောင်ရွက်ခဲ့ပြီး အကြံပြုတင်ပြချက်စုစုပေါင်း ၂၄၅ ချက်ရှိခဲ့ပါကြောင်း၊ အဆိုပါအချက်များအားလုံးကို သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များထံသို့ ပြန်ကြားပေးပြီး ဖြစ်ပါကြောင်း၊ အချို့ကိစ္စရပ်များမှာ နှစ်ဆင့်သုံးဆင့် ဖြေရှင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်နေသဖြင့် လုပ်ငန်းကော်မတီ(၅)ရပ်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ(Private-Public Dialogue)များကို စဉ်ဆက်မပြတ်ပြုလုပ်၍ ပြီးပြတ်သည်အထိ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

၂၀၁၈ ခုနှစ် Doing Business နှင့် ပတ်သက်၍ ကမ္ဘာ့ဘဏ်မှထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် အဆင့် ၁၇၁ ၌ ရောက်ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ သုံးနှစ်အတွင်း အဆင့် ၁၀၀ အောက်ရောက်ရှိရန် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါရည်မှန်းချက်အောင်မြင်စေရန်အတွက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ Ease of Doing Business Indicator များအလိုက် ညွှန်းကိန်း ၁၀ ခုကို လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ Ease of Doing Business အဆင့်ပိုမိုတိုးတက်မှုရရှိစေရေးအတွက် ညွှန်းကိန်းတစ်ခုချင်းအလိုက် လုပ်ငန်းစီမံချက် (Work Plan)များကို စနစ်တကျချမှတ်ကာ ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားကြစေလိုပါကြောင်း။

### အထောက်အကူပြုမည်

စီးပွားရေးလုပ်ငန်းများမှတ်ပုံတင်ရာတွင် အာဆီယံနိုင်ငံများနည်းတူ One Stop Service ဖြင့် တစ်နေရာတည်းတွင် လုပ်ငန်းအားလုံးပြီးစီးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမှသာ Ease of Doing Business တွင် အဆင့်တိုးတက်လာရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်မည့် Ease of Doing Business အစီရင်ခံစာနှင့် ပတ်သက်၍ စစ်တမ်းများကောက်ယူသည့်အချိန်တွင် ၂၀၁၉ ခုနှစ်အတွက် Survey Questionnaire များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သည့် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှု၊ အထောက်အကူပြုအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စံပြုအဖြေလွှာများကို ပြုစု၍ ဖြေဆိုရန် အလားအလာရှိသည့် ဖြေဆိုသူများ ကိုးကားနိုင်ရေးအတွက် အချိန်မီပေးပို့ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ကိုးကားချက်များကို အလေးထားဆောင်ရွက်မှသာ Ease of Doing Business Ranking တိုးတက်လာမည်ဖြစ်သဖြင့် ညွှန်းကိန်းများတိုးတက်စေရေး အထောက်အကူပြုအဖွဲ့ ၁၀ ဖွဲ့၏ တာဝန်ခံအဖွဲ့ခေါင်းဆောင်များအနေဖြင့် စေ့စပ်သေချာစွာ အလေးအနက်ထားဆောင်ရွက်သွားကြစေလိုပါကြောင်း။

ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိသူများ၊ Ease of Doing Business Ranking တိုးတက်စေရေးလုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးမည့်လုပ်ငန်းအခြေအနေများ၊ စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေမှု အဆင့်တိုးတက်ရေးဆောင်ရွက်မှုများနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့သည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

### ကဏ္ဍများအလိုက်တင်ပြ

ယင်းနောက် ကော်မတီအတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ဥပဒေလုပ်ထုံးလုပ်နည်းဆိုင်ရာဝန်းကျင် တိုးတက်ကောင်းမွန်စေရေးလုပ်ငန်းကော်မတီ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီနှင့် စီးပွားရေးနှင့်ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ချေးငွေနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ စုဆောင်းသည့် အဖွဲ့အစည်း(Credit Bureau) ထူထောင်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က Ease of Doing Business ကဏ္ဍ ၁၀ ခုမှ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

### ပေါင်းစပ်ညှိနှိုင်းပေး

ထို့နောက် ကော်မတီဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် Ease of Doing Business Ranking တိုးတက်ရေး အထောက်အကူပြုအဖွဲ့များမှ တာဝန်ရှိသူများက Ease of Doing Business အစီရင်ခံစာနှင့်ပတ်သက်၍ လက်ရှိအခြေအနေနှင့် မျှော်မှန်းချက်များကို ညွှန်းကိန်းနယ်ပယ်အလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက Ease of Doing Business Ranking တိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၇**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ယာဉ်ပြင်သင်တန်းလက်တွေ့ သရုပ်ပြခန်းအတွင်းရှိ သရုပ်ပြ မော်တော်ယာဉ်အစိတ်အပိုင်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အနီးစခန်း တောင်စလင်းဓာတ်တော်ကျောင်းတိုက်သို့ ရောက်ရှိကြပြီး ဒုတိယတိုက်အုပ်ဆရာတော် ဘဒ္ဒန္တနေမိန္ဒအား ဖူးမြော်ကြည်ညို၍ မဟာဓာတုစေတီတော်ကြီးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ရွှေပုဇွန်ကော်ဖီခြံ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတစ်ခု၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ နိုင်ငံတကာဈေးကွက်ဝင် ထုတ်ကုန်ပစ္စည်းရှိရန်လိုကြောင်း၊ ယင်းတို့အနက် ကော်ဖီစိုက်ပျိုး၍ ထုတ်လုပ်ရောင်းချခြင်းမှာလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပသို့တင်ပို့နိုင်ရန်အတွက် အရည်အသွေးပြည့်မီသည့် ကော်ဖီများထုတ်လုပ်နိုင်ရေး လိုအပ်သည့်သတင်းအချက်အလက်များရရှိနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အကြံပြုဆွေးနွေးကြစေလိုကြောင်း ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌနှင့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းရှင်များက ကော်ဖီစိုက်ပျိုးထုတ်လုပ်နေမှု အခြေအနေများ၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ဆောင်ရွက်ပေးစေလိုသည့်အကြံပြုချက်များအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ စီးပွားရေးကော်ပိုရေးရှင်း ပြင်ဦးလွင် နန်းမြိုင်ကော်ဖီစက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# မြန်မာ ယူ-၂၁ အသင်း ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် နိုင်ပွဲစရ

**ရန်ကုန် ဧပြီ ၂၇**

၂၀၁၈ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ အုပ်စု(က)ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဘရူနိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၂၁ အသင်း ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။ ဒုတိယနေ့တွင် မြန်မာ ယူ-၂၁ အသင်းအနိုင်ရခဲ့သလို အိမ်ရှင်ဘရူနိုင်းအသင်းသည် နာမည်ကြီးထိုင်းအသင်းကို အနိုင်ကစားခဲ့သည်။

ဒုတိယနေ့တွင် မြန်မာ ယူ-၂၁ အသင်းက တီမောအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘရူနိုင်းအသင်းက ထိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၂၁ အသင်းသည် အဖွင့်ပွဲတွင် ထိုင်းအသင်းအားသရေကျထားသောကြောင့် နိုင်ပွဲစရရန် အားကုန်ထုတ်ကစားခဲ့ပြီး နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ထိုင်းအသင်းနှင့်သရေကျခဲ့သည့် လူစာရင်းအတိုင်း ပွဲထွက်ကစားခဲ့ပြီး တီမောအသင်းကို ခြေအသာဖြင့်ကစားကာ ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ အဖွင့်ပွဲတွင် ဘရူနိုင်းအသင်းကို အနိုင်ကစားထားသည့် တီမောအသင်းသည် မြန်မာအသင်းကို အရေးနိမ့်ကာ ပထမဆုံးရှုံးပွဲ ကြုံတွေ့ခဲ့သည်။

ယခုပွဲအပြီးတွင် အုပ်စု(က)တွင် မြန်မာအသင်းက လေးမှတ်ဖြင့် ဦးဆောင်နေပြီး ဘရူနိုင်းနှင့် တီမောအသင်းက သုံးမှတ်စီ၊ ထိုင်းအသင်းက တစ်မှတ်ရထားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဧပြီ ၃၀ ရက်တွင် အိမ်ရှင်ဘရူနိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# ကပ္ပလီပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဧပြီ ၂၇**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ နောက် ၄၈ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ကြေးမုံ**

# ထိန်ပင်အမှိုက်ပုံ အမြန်ဆုံးမီးငြိမ်းသတ်နိုင်ရန်အတွက် အရေးပေါ်လိုအပ်နေသော Biofoam မီးသတ်ဆေးကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ဦးဆောင်၍ ငွေကျပ်သိန်းပေါင်း ၃၄၀၀ လှူဒါန်း

**ရန်ကုန် ဧပြီ ၂၇**
လှိုင်သာယာမြို့နယ်ရှိ ဧရိယာစတုရန်းဧက ၃၀၀ ခန့်ရှိသော ထိန်ပင်အမှိုက်ပုံကြီး မီးလောင်ကျွမ်းနေမှုကို အမြန်ဆုံးနှင့် အထိရောက်ဆုံးအပြီးသတ် မီးငြိမ်းပေးနိုင်သည့် Class A အမျိုးအစား Biofoam မီးသတ်ဆေးရည် ဂါလန် ၅၀၀၀ ကို ပြည်ပမှ အလျင်အမြန်ဝယ်ယူ၍ ငြိမ်းသတ်နိုင်ရန်အတွက် ငွေကျပ်သိန်းပေါင်း ၃၄၀၀ အား ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းနှင့် ညီနောင်မိတ်ဖက်ကုမ္ပဏီများ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံသို့ ဧပြီ ၂၆ ရက်တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိန်ပင်အမှိုက်ပုံမှာ ဧရိယာစတုရန်းဧက ၃၀၀ ခန့်ကျယ်ပြန့်ရုံသာမက အနက်ပေထုထည်ကြီးမားပြီး ရေဖြင့်ငြိမ်းသတ်နိုင်ရန် မလွယ်ကူသည့်အပြင် အတွင်းမှ လှိုက်စား၍ လောင်ကျွမ်းလျက်ရှိသည့်အတွက် ကာလကြာရှည်လာပါက လေထုညစ်ညမ်းမှုဖြစ်ပွားကာ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်နေထိုင်သော ပြည်သူများ၏ ကျန်းမာရေးထိခိုက်မှုမရှိစေရေးနှင့် အမြန်ဆုံးအပြီးသတ် မီးငြိမ်းသတ်နိုင်ရေးအတွက် လိုအပ်နေသည့် Class A အမျိုးအစား Biofoam မီးသတ်ဆေး ဂါလန် ၅၀၀၀ ဝယ်ယူနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက လှူဒါန်းမယ်လို့ သိရတဲ့အချိန်မှာ လှိုင်သာယာမှာရှိတဲ့ ပြည်သူတွေကို ထုတ်ပြန်ပေးခဲ့ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ပြည်သူလူထုကို ပိုပြီးပြည့်ပြည့်စုံစုံနဲ့ ကူညီပေးနိုင်ဖို့ အလှူရှင်တွေ ရှိနေတယ်ဆိုတာ ပြည်သူတွေကို အသိပေးခဲ့တာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယခုလှူဒါန်းမှုကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းခမ်းနောင် ဦးဆောင်၍ ညီနောင်မိတ်ဖက်ကုမ္ပဏီများဖြစ်သည့် ကမ္ဘောဇဘဏ်လီမိတက်၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း(IKBZ Insurance)၊ Jasmine Palace Hotel၊ အဏ္ဏဝါအောင်ဆောက်လုပ်ရေး၊ မြန်မာစည်းလုံးဆောက်လုပ်ရေး၊ Strong Source Group of Co.,Ltd. နှင့် Famous Group တို့အတူပူးပေါင်း၍ အလျင်အမြန်လိုအပ်နေသော Class A အမျိုးအစား Biofoam မီးသတ်ဆေးရည်ဂါလန် ၅၀၀၀ ဝယ်ယူရန်အတွက် ချက်ချင်းသွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဒေါ်နန်းလိုင်းခမ်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်လျက်ရှိသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် နိုင်ငံအတွင်း လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး စဉ်ဆက်မပြတ် ပံ့ပိုးကူညီ လှူဒါန်းပေးလျက်ရှိပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်များ ကာကွယ်တားဆီးရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ စသည့် ကဏ္ဍအသီးသီးတွင် နိုင်ငံတော်နှင့် ပြည်သူအတွက် ယနေ့အထိ စုစုပေါင်းငွေကျပ် ၁၃၈ ဘီလီယံကျော်ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဝ၁ဝ**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှုအပေါ် ကျန်းမာရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ထားရှိမှုအခြေအနေ

**နေပြည်တော် ဧပြီ ၂၇**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှုဖြစ်စဉ်နှင့်ပတ်သက်၍ ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများနှင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အမှိုက်ပုံမီးစတင်လောင်ကျွမ်းသည်မှ မီးခိုးမွှန်ခြင်းနှင့် ဆက်စပ်ရောဂါများဖြင့် လှိုင်သာယာပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တက်ရောက်၍ ဆေးဝါးကုသမှုခံယူသူလူနာ ဧပြီ ၂၄ ရက်မှ ၂၆ ရက်အထိ ၁၉ ဦးနှင့် ဧပြီ ၂၇ ရက်တွင် ခုနစ်ဦး စုစုပေါင်း ၂၆ ဦးနှင့် ပြင်ပလူနာအဖြစ် ဧပြီ ၂၄ ရက်မှ ၂၆ ရက်အထိ ၁၉ ဦးနှင့် ဧပြီ ၂၇ ရက်တွင် နှစ်ဦး စုစုပေါင်း ၂၁ ဦးရှိသည်။ ဧပြီ ၂၇ ရက်တွင် ထပ်မံ၍ဆေးရုံတက်ရောက်သူ အတွင်းလူနာများ၏ သွေးအတွင်းရှိ Carboxyhaemoglobin ပမာဏကို စစ်ဆေးကြည့်ခဲ့ရာ ပုံမှန်ပမာဏအတွင်းသာရှိကြောင်းတွေ့ရသည်။ ဆေးရုံတက်ရောက်ကုသမှုခံယူသူများအနက်မှ ရောဂါသက်သာကောင်းမွန်သဖြင့် ဧပြီ ၂၄ ရက်မှ ၂၆ ရက်အထိ စုစုပေါင်းလူနာ ခြောက်ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီး ကျန်ရှိသောအတွင်းလူနာ ၁၉ ဦး၏ ကျန်းမာရေးအခြေအနေမှာလည်း သက်သာကောင်းမွန်လျက်ရှိသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ဧပြီ ၂၇ ရက်တွင် လှိုင်သာယာပြည်သူ့ဆေးရုံကြီး၌ နီးနွယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ လှိုင်သာယာပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဗဟိုကွင်းဆင်းအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် မီးခိုးငွေ့ဘေးအန္တရာယ်အပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲ၊ လိုအပ်ချက်များနှင့် ထပ်မံဆောင်ရွက်ရန် လုပ်ငန်းများကိုဆွေးနွေးခဲ့ကြပြီး နေ့စဉ် နံနက်တိုင်း တွေ့ဆုံဆွေးနွေး၍ လုပ်ငန်းကိစ္စရပ်များကို ခွဲဝေဆောင်ရွက်ကြမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် လေထုတိုင်းတာစစ်ဆေးမှုရလဒ်များ၊ လက်ရှိမီးခိုးမွှန်ခြင်းနှင့် ဆက်စပ်သောရောဂါများဖြင့် ကျန်းမာရေးဌာနများတွင် ကုသမှုခံယူခဲ့သော လူနာများ၏အခြေအနေများကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ နေ့စဉ်အစီရင်ခံတင်ပြလျက်ရှိပြီး မီးသတ်ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းနိုင်စေရန်အတွက် ကျန်းမာရေးဆိုင်ရာအကြံပြုချက်များ ပံ့ပိုးပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။




**လှိုင်သာယာပြည်သူ့ဆေးရုံကြီး၌ ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှုအပေါ် ကျန်းမာရေးကဏ္ဍ ညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ဌာနေကိုယ်စားလှယ်ရုံးနှင့် ဒေသဆိုင်ရာရုံးတို့နှင့်ဆက်သွယ်၍ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပံ့ပိုးမှုများ ရယူပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် မီးခိုးမွှန်ခြင်းနှင့် ဆက်စပ်ရောဂါများ ဖြစ်ပွားမှုများကို အနီးကပ်စောင့်ကြပ်ကြည့်ရှု၍ အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နီးနွယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လှိုင်သာယာအမှိုက်ပုံမီးလောင်မှု Biofoam ဆေးရည်ဖြင့် ပက်ဖျန်းမှုအောင်မြင်

**ရန်ကုန် ဧပြီ ၂၇**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံမီးလောင်မှုအား ထိုင်းနိုင်ငံမှ မှာယူထားရှိသည့် Biofoam ဆေးရည်ဖြင့် ယနေ့နံနက်ပိုင်းမှစ၍ မီးငြိမ်းသတ်ရာအောင်မြင်မှု ရရှိကြောင်း သိရသည်။

"ဒီနေ့ ပုံးလေးဆယ်ရောက်တာ ပုံးသုံးဆယ်ဖျန်းပြီးသွားပြီ၊ မီးခိုးတွေ ဆယ်ရာခိုင်နှုန်း လျော့နည်းသွားတယ်၊ မနက်ဖြန် ဆယ်ပုံး ထပ်ဖျန်းမယ်၊ နောက်ထပ်ဂါလန်ငါးထောင် မှာထားတာလည်း ကားပေါ်တင်ပြီး သွားပြီ၊ မနက်ဖြန်ရောက်မယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က ပြောသည်။

အဆိုပါ မီးငြိမ်းသတ်မှုများနှင့် ပက်သက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့မွန်းလွဲပိုင်းတွင် လှိုင်သာယာပြည်သူ့ဆေးရုံကြီး၌ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆောင်ရွက်နေမှုများနှင့် ရလဒ်များအပေါ် အခြေခံ၍ လိုအပ်သည်များကို မှာကြားသည်။

"ကျွန်တော်တို့ စည်ပင်ကို မီသိန်းထုတ်တဲ့ ဝါးလုံးတွေစိုက်ဖို့နဲ့ ရေမြောင်းတွေ ဖောက်ဖို့မှာကြားတယ်၊ တခြားဌာနကသူတွေကိုလည်း လိုအပ်တာတွေ မှာကြားသွားတယ်" ဟု ဒေါက်တာအောင်မြင့်မော်က ပြောသည်။

အဆိုပါမီးလောင်မှုအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများဖြင့် ဝိုင်းဝန်း ငြိမ်းသတ်ဆောင်ရွက်နေကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်**
**အေးမင်းသူ**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲအရေးယူ

**နေပြည်တော် မေ ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ စီမံကိန်းများနှင့် ပတ်သက်၍ ဆေးရုံကြီးများ အရည်အသွေးပြည့်မီမှုမရှိခြင်း၊ FDA ရုံးများ၊ ဆေးရုံများ ဆောက်လုပ်ရာ၌ ဌာနအကြီးအကဲအချို့၏ ပြည်သူ့ဘဏ္ဍာများအပေါ် ကိုယ်ကျိုးပြုသုံးစွဲထားမှုများအား ဖော်ထုတ်စစ်ဆေးပေးနိုင်ပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်သည် ၎င်း၏လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ ၂၀၁၇ ခုနှစ်အတွင်း ၎င်းပိုင်ဆိုင်သည့် မြေကွက်ပေါ်ရှိ နေအိမ်အတွက် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် နေအိမ်အတွင်းအသုံးအဆောင်ပစ္စည်းများအား လည်းကောင်း၊ ၎င်းပိုင်ဆိုင်သည့် အခြားမြေကွက်ပေါ်တွင် ခြံစည်းရိုးကာရံခြင်း၊ တစ်ထပ်တိုက် နေအိမ်တစ်လုံး၊ ကားဂိုဒေါင်ပါ နှစ်ထပ်နေအိမ်တစ်လုံး၊ ဂိတ်တဲတစ်လုံး၊ ရေကူးကန်တစ်ခုနှင့် ရေပန်းတစ်ခုတို့အား လည်းကောင်း စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅၁၄၃၉၇၈၆ ကို အဆောက်အအုံများ ဆောက်လုပ်ရန် တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီထံမှ တောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ အရေးယူဆောင်ရွက်ရန် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရဲစခန်း၌ မေ ၂၀ ရက်တွင် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆အရ အရေးယူဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သို့ ယနေ့တွင် တရားစွဲဆိုတင်ပို့ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးနှင့် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးများ ဒုတိယအခွင့်အရေးအဖြစ် ထိုးနှံပေးမည်

**နေပြည်တော် မေ ၂၇**

တစ်နိုင်ငံလုံးတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ဆောင်ရွက်ခဲ့သော ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ၉၂ ဒသမ ၅ ရာခိုင်နှုန်း လွှမ်းခြုံနိုင်ခဲ့သော်လည်း အကြောင်းကြောင်းကြောင့် မထိုးခဲ့ရသော အသက် ကိုးလမှ ၁၅ နှစ်အတွင်း ကလေး တစ်သန်းကျော်သည် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လုံးဝမရရှိခဲ့သော ကလေးများဖြစ်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၎င်းကလေးများကို အသည်းရောင်အသားဝါ (ဘီ)နှင့် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးရရှိရန် ဒုတိယအခွင့်အရေးအနေဖြင့် ပြန်လည်ထိုးနှံပေးမည်ဖြစ်သည်။

ထို့ကြောင့် ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း မွေးဖွားခဲ့သဖြင့် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးမထိုးရသေးသည့် ကလေးများကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၁၀ ရက်အတွင်း မွေးဖွားခဲ့ပြီး ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ကာကွယ်ဆေးမထိုးခဲ့ရသည့် ကလေးများကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ် ဧပြီ၊ မေ၊ ဇွန်လနှင့် ဇူလိုင်လများအတွင်း အောက်ပါကျန်းမာရေးဌာနများတွင် ထိုးနှံပေးသွားမည်ဖြစ်သည်။

(၁) ဗဟိုအဆင့်ဆေးရုံကြီးများရှိ ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးခန်းများ၊
(၂) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် ခုတင် ၁၀၀ နှင့် အထက်ဆေးရုံကြီးများ၊
(၃) မြို့နယ်ဆေးရုံများအားလုံး၊
(၄) ဒေသန္တရ မိခင်ကလေး ကျန်းမာရေးဌာနများအားလုံး၊
(၅) အအေးလမ်းကြောင်းရှိသော တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများတွင် မည်သည့်တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အတွင်း နေထိုင်သည်ဖြစ်စေ လာရောက်ထိုးနှံသော မည်သည့်ကလေးကိုမဆို ထိုးနှံပေးသွားမည်ဖြစ်သည်။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို တစ်ကြိမ်ထိုးနှံပေးသွားမည်ဖြစ်ပြီး အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို တစ်လခြား၍ သုံးကြိမ် ထိုးနှံပေးသွားမည်ဖြစ်ရာ အကြိမ်ပြည့်ထိုးနှံနိုင်ရန်အတွက် ပထမအကြိမ် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးကို မေလတွင် နောက်ဆုံးထိုးရန် လိုအပ်ပါသည်။

ထိုသို့ ထိုးနှံပေးရာတွင် သက်ဆိုင်ရာကျန်းမာရေးဌာန၊ ဆေးရုံများတွင် သတ်မှတ်ထားသော ကာကွယ်ဆေးထိုးရက်တွင် ဝန်ထမ်းအင်အားဖြင့်သာ ထိုးနှံပေးမည်ဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများက ဘေးကင်းသော ကာကွယ်ဆေးထိုးလုပ်ငန်းကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာနများတွင် အသေးစိတ်မေးမြန်း၍ ချိန်းဆိုသည့်အတိုင်း သတ်မှတ်နေ့ရက်များတွင် လာရောက်ထိုးနှံခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**



# နယ်စပ်ရေးရာဝန်ကြီးဌာနမှ သောက်သုံးရေလှူဒါန်းမှု ပြုလုပ်

**နေပြည်တော် မေ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ နေပြည်တော်ကောင်စီနယ်မြေအတွင်း နွေရာသီရေရှားပါးသည့် ကျေးရွာများသို့ ဂါလန် ၂၀၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ရေလှူဒါန်းလျက်ရှိရာ မေ ၂၄ ရက်တွင် ပျဉ်းမနားမြို့နယ် တောင်သာကျေးရွာအား ရေဂါလန် ၄၀၀၀၊ မေ ၂၅ ရက်တွင် ပုဗ္ဗသီရိမြို့နယ် ဖတ်တဲကုန်းကျေးရွာအား ရေဂါလန် ၂၀၀၀၊ ညောင်ပင်ကုန်းကျေးရွာအား ရေဂါလန် ၂၀၀၀၊ မေ ၂၆ ရက်တွင် ဇေယျာသီရိမြို့နယ် စက်ကုန်းကျေးရွာအား ရေဂါလန် ၂၀၀၀၊ ချောင်းဖျားကျေးရွာအား ရေဂါလန် ၂၀၀၀၊ မေ ၂၇ ရက်တွင် လယ်ဝေးမြို့နယ် ပင်သောင်ကျေးရွာအား ရေဂါလန် ၆၀၀၀ စုစုပေါင်းရေဂါလန် ၁၈၀၀၀ အား လှူဒါန်းဖြန့်ဝေပြီး မိုးမကျမီကာလအထိ ရေရှားပါးသော ကျေးရွာများသို့ ဆက်လက်လှူဒါန်းဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲများ ကွင်းဆင်းအကြံပြု



**ကော့မှူး မေ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကော့မှူးမြို့နယ်အတွင်းရှိ ဘို့ဒင်၊ ကျေးတရာ၊ ထန်းတပင်ကန်၊ ကမာပတ်၊ ခရိုက္ခနိ၊ သရက်တောနှင့် ဝါးဘလောက်သောက် ကျေးရွာများအတွင်း စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်နေမှုကို မေ ၂၄ ရက်က ကော့မှူးမြို့နယ် လူထုဗဟိုပြုစီမံကိန်း တာဝန်ခံ ဦးကျော်ညီညီထွန်းနှင့် တာဝန်ကျ ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ကျေးရွာလုံခြုံရေးနှင့် မူးယစ်အသိပညာပေး ဟောပြော

**မင်းတပ် မေ ၂၇**

ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ လုံခြုံရေးနှင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါး သုံးစွဲမှုမရှိစေရေး အသိပညာပေးဟောပြောပွဲကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက မင်းတပ်မြို့နယ် မသူး ကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မသူးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ ကျေးရွာသူ ကျေးရွာသား ၆၅ ဦးကျော် တက်ရောက်ခဲ့ကြကြောင်း၊ ယင်းအသိပညာပေးဟောပြောပွဲတွင် မင်းတပ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်ဌေးနိုင်က လုံခြုံရေးနှင့် လူငယ်ထု



အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေးအတွက် လူကြီး၊ လူငယ်များက ဝိုင်းဝန်းတားဆီးကြရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများကို အကျယ်တဝင့် ရှင်းလင်းဟောပြောပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ရထားခဲပေါက်မှုဖြစ်စဉ် မဖြစ်ပွားစေရေး အသိပညာပေးဟောပြော

**အုတ်တွင်း မေ ၂၇** - ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ခွဲ တပ်စု(၃) ဖြူးမှ တပ်စုမှူး ရဲအုပ်စိုးနိုင်ဝင်း ဦးစီးအဖွဲ့သည် မေ ၂၆ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ ခင်ကြီး အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရထားခဲပေါက်မှုဖြစ်စဉ် မဖြစ်ပွားစေရေး၊ ရထားနှင့်ယာဉ် တိုက်မိသည့်ဖြစ်စဉ်များ၊ ရထားကြိတ်ခံရသည့် ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ လျော့နည်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေချပြရှင်းလင်းခြင်းများဆောင်ရွက်ရာ ကျွဲပွဲဘူတာရုံပိုင် ဦးခင်မောင်တင့်၊ ခင်ကြီး အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိန်တိုးနှင့် ဒေသခံပြည်သူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၃၆၈ စီး၊ သွင်းကုန် ၁၀၀၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၈ စီး၊ သွင်းကုန် ၂၃၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် မေ ၂၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၆ ဒသမ ၂၀၇ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၇၅၄ သန်းခန့်) စုစုပေါင်း တားဆီးမှု ၂၁ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃ ဒသမ ၉၆၁ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၆ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့သို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် နားဆော့ကျေးရွာအနီးတွင် TOYOTA SUCCED ယာဉ်တစ်စီးနှင့် TOYOTA PROBOX ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၃၁ တုံး (၁ ဒသမ ၀၀၂၆ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ ဒသမ ၀၀၇ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အိမ်သာကျင်းတူးရာမှ ဗုံးသီးဟောင်းများတွေ့ရှိ

**တံတားဦး မေ ၂၇**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် တံတားဦးမြို့မရဲစခန်းအတွင်းရှိ ရဲတပ်ကြပ် ကျော်ဌေး၏နေအိမ်လိုင်းခန်းအနောက်ဘက်တွင် မေ ၂၆ ရက် နံနက် ၉ နာရီခွဲက အိမ်သာကျင်းတူးရာမှ ဗုံးသီးဟောင်းများတွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တံတားဦးမြို့မရဲစခန်းအတွင်းရှိ ရဲတပ်ကြပ် ကျော်ဌေး၏ နေအိမ်လိုင်းခန်းအနောက်ဘက် ၁၅ ပေအကွာတွင်အိမ်သာကျင်းတူးရာ အကျယ်သုံးပေ အနက်သုံးပေခန့်အရောက်တွင် အလျား ရှစ်လက်မခွဲ အနံတစ်လက်မခွဲ လုံးပတ်ခုနစ်လက်မခန့်ရှိ နှစ်လက်မ စိန်ပြောင်းဗုံးသီး နှစ်လုံး၊ အလျားလေးလက်မခွဲ အနံနှစ်လက်မ လုံးပတ်ခြောက်လက်မရှိ မီးခိုးဗုံး သုံးလုံးတွေ့ရသဖြင့် နယ်မြေခံတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ ရောက်ရှိလာပြီး ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားရှိခဲ့သည်။

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် နယ်မြေခံတပ်ဖွဲ့မှ ဗုံးသီးဟောင်းတွေ့ရှိသည့် အိမ်သာကျင်းကို ဆက်လက်ရှင်းလင်းဆောင်ရွက်ရာ အလျား ရှစ်လက်မခွဲ၊အနံတစ်လက်မခွဲ၊ လုံးပတ်ခုနစ်လက်မရှိ နှစ်လက်မစိန်ပြောင်းဗုံးသီးတစ်လုံး၊ အလျား လေးလက်မခွဲ၊ အနံနှစ်လက်မ၊ လုံးပတ်ခြောက်လက်မရှိ မီးခိုးဗုံးခုနစ်လုံးတို့ကိုထပ်မံတွေ့ရှိသဖြင့် အိမ်သာကျင်းအတွင်း တူးရာမှ တွေ့ရှိသော မီးခိုးဗုံးစုစုပေါင်း ၁၀ လုံး၊ နှစ်လက်မစိန်ပြောင်းဗုံးသီးသုံးလုံးကို ဖျက်ဆီးနိုင်ရေးအတွက် မော်တော်ယာဉ်ဖြင့် သယ်ဆောင်သွားကြောင်း သိရသည်။

**ရဲတင့်(မြန်/ဆက်)**





## ပုဗ္ဗသီရိမြို့နယ်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်ခြင်းနှင့် ဓာတ်တိုင်များ ပြိုကျပျက်စီး

**နေပြည်တော် မေ ၂၇**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိ မြို့နယ်တွင် ယနေ့ မွန်းလွဲ ၁ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ နေအိမ်များ အမိုးလန်ခြင်းနှင့် ဓာတ်တိုင်များ ပြိုကျပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဝဏ္ဏဒီပရပ်ကွက်တွင် လူနေအိမ်လေးလုံး အမိုးလန်ခြင်း၊ သုခဒီပရပ်ကွက်တွင် လူနေအိမ်လေးလုံး အမိုးလန်ခြင်းနှင့် ဓာတ်တိုင်ရှစ်တိုင် ပြိုကျပျက်စီးခြင်း၊ ထုံးဘိုကျေးရွာတွင် မန်ကျည်းပင် တစ်ပင် လဲကျခြင်းနှင့် ဓာတ်တိုင်တစ်တိုင်ယိုင်သွားခြင်း၊ စက်ကုန်းကျေးရွာတွင် နေအိမ် ၁၅ လုံး အမိုးလန်ခြင်း၊ ကျည်တောင်ကန် (၆)ရပ်ကွက်တွင် နေအိမ်သုံးလုံး အမိုးလန်ပျက်စီးခြင်းနှင့် ကျည်တောင်ကန်(၅)ရပ်ကွက်တွင် နေအိမ်နှစ်လုံး ပြိုကျပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်ပွားရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် လျှပ်စစ်မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သွားရောက်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်(မြန်/ဆက်)**

## အမှတ်(၇၀)အစုန် သာရဝေါ-ကြည့်မြင်တိုင် အမြန်ရထား လမ်းချော်မှုဖြစ်ပွား

**လက်ပံတန်း မေ ၂၇**

သာရဝေါဘူတာမှ ထွက်ခွာလာသော ရထားစက်ခေါင်းအမှတ် DF-1626 အမှတ် (၇၀)အစုန် သာရဝေါ-ကြည့်မြင်တိုင် အမြန်ရထားသည် မေ ၂၇ ရက် ညနေ ၂ နာရီ ၅ မိနစ်တွင် လက်ပံတန်းဘူတာအဝင် အမှတ်(၁)လမ်းနှင့် အမှတ်(၆)လမ်းသို့ ခွဲထွက်သည့် ရထားလမ်းခွဲပွိုင့် မိုင်တိုင်အမှတ်(၇၇/၉-၁၀) ကြားတွင် ရှေ့ဘီးလေးဘီး၊ အလယ်ဘီးလေးဘီး ချော်ကျမှု ဖြစ်ပွားခဲ့သည်။ လမ်းချော်မှုကြောင့် အစုန်အဆန် ရထားလမ်းပိုင်းများ ခေတ္တပိတ်ဆို့မှုဖြစ်ခဲ့သည်။ ရထားစက်ခေါင်းအား အမြန်မတင်ရေးနှင့် လမ်းပိုင်းများ အမြန်ပွင့်စေနိုင်ရေးအတွက် မြန်မာ့မီးရထားလက်ပံ တန်းဘူတာရထားထိန်းချုပ်ရေးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရထားစက်ခေါင်း ဘီးချော်ကျမှုကြောင့် ခရီးသည်နှင့် ရထားဝန်ထမ်းများ ထိခိုက်မှုတစ်စုံတစ်ရာ မရှိကြောင်း သိရသည်။



**မြို့နယ် (မြန်/ဆက်)**


## တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်လမ်းတွင် ကားနှင့်ဆိုင်ကယ်တိုက်၍ ဆိုင်ကယ်စီးသူသေဆုံး

**တိုက်ကြီး မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည် ကားလမ်း ကျိုက်စကိုင်းရွာအနီးတွင် မေ ၂၆ ရက် ညနေ ၄ နာရီခန့်က ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်မောင်းသူ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပြည် ကားလမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း(စုံစမ်းဆဲ)မောင်းနှင်လာသော ယာဉ်တစ်စီးသည် တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာ အထွက် ရန်ကုန်-ပြည် ကားလမ်း မိုင်တိုင်အမှတ် (၅၃/၃)နှင့် (၅၃/၂) အကြား အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ စိုးသူအောင်မောင်းနှင်သည့် JLM125 အနက်ရောင် ဆိုင်ကယ်ကို တိုက်မိခဲ့ရာ စိုးသူအောင်မှာ အခင်းဖြစ် နေရာတွင် သေဆုံးသွားသည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူ ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်း(စုံစမ်းဆဲ)အား တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

**ထွန်းလှိုင်(မြိုင်)**



## မြန်မာ့ရုပ်မြင်သံကြား

**၂၈-၅-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**
၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ Weekly Sport Info
၈း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ပဲခူးတိုင်းဒေသကြီး)(ပဲခူး)
၉း၀၀ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ကရင်ပြည်နယ်)(ဘားအံ)
၉း၃၀ ပန်းပျိုးခြင်း (အပိုင်း - ၃၉)
၉း၄၀ "တောတောင်အလှသဘာဝ လှပစုံလင် ကရင်ပြည်နယ်တစ်ခွင်"
၁၀း၃၀ လုံမမှတ်စု (အပိုင်း - ၃၄)
၁၀း၄၅ ကဗျာရိပ်မြုံ "တတ်တာပေါ့"
၁၁း၀၀ NHK Program " Pythatora Switch 2" (အရာဝတ္ထုများကို ခွဲခြားရှာထုတ်ခြင်း)
၁၁း၂၀ ဆေးဖက်ဝင်ဟင်းသီး ဟင်းရွက်နှင့် ကျန်းမာရေး "လက်တွေ့အသုံးချ ဆေးနည်းတိုများ"(အပိုင်း-၂၃)
၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၁၆) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးနန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ)
၁၃း၃၀ ရုပ်ရှင်ရိုက်မယ်(အပိုင်း- ၁၁) (ထဆင့်ထူး၊ဆေးလိပ်ရုပ်ရှင်)
၁၄း၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ " ချစ်ကြွေးရာဇဝင်" (အပိုင်း - ၂၈)

**ညပိုင်း**
၁၅း၁၅ Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဧရာဝတီယူနိုက်တက် FCနှင့် ဟံသာဝတီယူနိုက်တက် FC)
၁၇း၃၀ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၄၅ "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၄၇)
၁၈း၃၀ Tasty Trip
၁၉း၁၅ အိန္ဒိယဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်" (အပိုင်း - ၈၄)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (မန္တလေးတိုင်းဒေသကြီး) - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ရခိုင်ပြည်နယ်)(စစ်တွေ) -The Big Step (Singer - Iren Zinmar Myint) -ဂီတသမား၊ ဂီတစကား "မောင်ခွေးဘို့ သီချင်းများ" (ဂီတစာဆို - ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်) - အစီအစဉ်ပြီး၏။

# ကိုရီးယားစစ်ပွဲကို တရားဝင်အဆုံးသတ်ရန် တောင်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ သဘောတူညီ





**ပန်မွန်ဂျုံ ဧပြီ ၂၇**
တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံမှ ခေါင်းဆောင်များ၏ သမိုင်းဝင်ထိပ်သီးဆွေးနွေးပွဲကို နှစ်နိုင်ငံနယ်စပ်စစ်မဲ့ဇုန်အတွင်းတည်ရှိသော ပန်မွန်ဂျုံကျေးရွာရှိ ငြိမ်းချမ်းရေးဂေဟာတွင် ဧပြီ ၂၇ ရက်က ပြုလုပ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆယ်စုနှစ်တစ်စုကျော်ကြာကာလအတွင်း ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲကို ပထမဆုံးအကြိမ်ပြုလုပ်ခြင်းဖြစ်ပြီး နှစ်နိုင်ငံမှ ခေါင်းဆောင်များက အပြုံးပန်းများ ဖလှယ်ကြ၊ လက်ဆွဲနှုတ်ဆက်ကြနှင့် မင်္ဂလာရှိသော နေ့ရက်တစ်ရက်ဖြစ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ကင်ဂျုံအန်သည် ၁၉၅၀-၁၉၅၃ ခုနှစ် ကိုရီးယားစစ်ပွဲ အဆုံးသတ်ခဲ့ချိန်နောက်ပိုင်း တောင်ကိုရီးယားပိုင်နက်နယ်မြေအတွင်း ခြေချသည့် ပထမဆုံးသော မြောက်ကိုရီးယားခေါင်းဆောင် ဖြစ်လာသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်အား တောင်ကိုရီးယားသမ္မတက လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုနှုတ်ခွန်းဆက်သခဲ့ပြီး ထိပ်သီးဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ၆၅ နှစ်ကြာ ရန်စောင်မှုများ၏ နိဂုံးအဖြစ် ကိုရီးယားစစ်ပွဲ အဆုံးသတ်ပြီဖြစ်ကြောင်း ကိုရီးယားနှစ်နိုင်ငံတို့၏ ခေါင်းဆောင်များက ထုတ်ပြန်ကြေညာခဲ့ကြသည်။

တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် ဧပြီ ၂၇ ရက်က နှစ်နိုင်ငံကို ပိုင်းခြားထားသော စစ်မဲ့ဇုန်ရှိ ပန်မွန်ဂျုံကျေးရွာတွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ကိုရီးယားစစ်ပြေငြိမ်းရေး သဘောတူစာချုပ်ကို ငြိမ်းချမ်းရေးစာချုပ်အဖြစ်သို့ အဆင့်မြှင့်တင်မည်ဟု ခေါင်းဆောင်နှစ်ဦးက ထုတ်ဖော်ပြောကြားကြသည်။ ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စု၊ တရုတ်နိုင်ငံတို့နှင့် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟုလည်း ၎င်းတို့က ထုတ်ဖော်ပြောဆိုကြသည်။

ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယားဖျက်သိမ်းရေးကို ဦးတည်သော အပြုသဘောဆောင်သည့် ကြိုးပမ်းမှုများကို နှစ်ဖက်စလုံးက လုပ်ဆောင်သွားမည်ဟု ခေါင်းဆောင်များက ပြောကြားကြပြီး မြေပြင်၊ ရေပြင်နှင့် ဝေဟင်တို့တွင် ရန်စသည့် အပြုအမူမှန်သမျှ မလုပ်ဆောင်ကြရန်လည်း ခေါင်းဆောင်များ သဘောတူခဲ့ကြသည်။

တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းသည် လာမည့် ဆောင်းဦးရာသီတွင် မြောက်ကိုရီးယားသို့ သွားရောက်ရန် သဘောတူခဲ့သည်။ မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားနယ်စပ်ဒေသရှိ ကေဆောင်းမြို့၌ ဆက်ဆံရေးရုံးတစ်ရုံးကို ဖွင့်လှစ်မည်ဖြစ်ပြီး နှစ်ဖက်အရာရှိများ ရုံးထိုင်ကြမည်ဖြစ်သည်။

ကိုရီးယားစစ်ပွဲကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ အဆုံးသတ်ခဲ့ပြီးနောက် ၆၅ နှစ်အကြာတွင် ကိုရီးယားစစ်ပွဲကို တရားဝင်အဆုံးသတ်ရန် ခေါင်းဆောင်နှစ်ဦးတို့က သဘောတူညီခဲ့ကြခြင်းကို နိုင်ငံတကာက ကြိုဆိုကြသည်။

ကိုရီးယားကျွန်းဆွယ်ကို နျူကလီးယားကင်းမဲ့ဇုန်အဖြစ်သို့ လုံးလုံးလျားလျားပြောင်းလဲနိုင်ရေးအတွက် ကြိုးပမ်းကြရန် ခေါင်းဆောင်နှစ်ဦး ကတိကဝတ်ပြုကြခြင်းကို ဒေသတွင်းရှိ တရုတ်နှင့် ဂျပန်တို့အပါအဝင် နိုင်ငံများက ဝမ်းမြောက်စွာကြိုဆိုကြသည်။

ဧပြီ ၂၇ ရက် နံနက်ပိုင်း တံခါးပိတ်အစည်းအဝေးတွင် နျူကလီးယားကင်းမဲ့ဇုန် ထူထောင်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်ဆို၏။

နေ့လယ်စာသုံးဆောင်အပြီးတွင် ငြိမ်းချမ်းရေးသစ်ပင်စိုက်ပျိုးခြင်း အထိမ်းအမှတ်ပွဲသို့ ခေါင်းဆောင်နှစ်ဦးတက်ရောက်ခဲ့ကြပြီး ငြိမ်းချမ်းရေးဂေဟာ၏ ဉယျာဉ်အတွင်း ဆွေးနွေးခြင်းနှင့် တံခါးပိတ်အစည်းအဝေး ပြုလုပ်ခြင်းတို့အပြီးတွင် ပန်မွန်ဂျုံကြေညာချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ကြသည်။

**အေအက်ဖ်ပီ၊ ကျိုဒို**

# နီပေါနိုင်ငံရှိ ခါမလိုင်မာတောင်တက်ရန် အမျိုးသမီးတောင်တက်သမား ၆၀ ကြိုးပမ်းမည်

**ခတ္တမန္ဒူ ဧပြီ ၂၇**
နီပေါနိုင်ငံ၌ ဧပြီ ၂၆ ရက်တွင် စတင်သည့် နွေဦးရာသီအတွင်း ခါမလိုင်မာတောင်သို့တက်ရောက်ရန် အမျိုးသမီးတောင်တက်သမား စုစုပေါင်း ၆၀ တို့က တောင်တက်ခွင့်များ လက်ခံရရှိထားပြီဖြစ်ကြောင်း၊ ယင်းမှာ ၂၀၁၇ ခုနှစ်က တောင်တက်ခွင့် ရရှိခဲ့သည့် အမျိုးသမီး တောင်တက်သမားဦးရေထက်ပိုမိုကြောင်း နီပေါခရီးသွားလုပ်ငန်း ဝန်ကြီးဌာနက ဧပြီ ၂၇ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့်နှစ်က အဆိုပါတောင်သို့ တက်ရောက်ခွင့်ရသူ အမျိုးသမီးတောင်တက်သမား ၅၉ ဦးရှိပြီး ၎င်းတို့အနက် ၃၃ ဦးသည် ဟိမဝန္တာတောင်တန်းဒေသရှိ နာမည်ကျော် ခါမလိုင်မာ တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသည်။

ယခုနှစ် နွေဦးရာသီအတွင်း တောင်တက်ခွင့် ပါမစ်ထုတ်ပေးခြင်းကို မိမိတို့ ရပ်ဆိုင်းထားမည်မဟုတ်ကြောင်း၊ တောင်တက်ခွင့် ပါမစ်တောင်းခံသည့် အမျိုးသမီးဦးရေ ပိုမိုမြင့်တက်လာဖွယ်ရှိကြောင်း နီပေါခရီးသွားလုပ်ငန်း ဝန်ကြီးဌာနမှ အတွင်းဝန် ရမ်ပရာဆတ် ဆက်လိုတာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ခါမလိုင်မာ တောင်ထိပ်သို့ တက်ရောက်ရန် တောင်တက်သမား စုစုပေါင်း ၃၄၆ ဦးတို့က နီပေါအစိုးရထံမှ ခွင့်ပြုချက်တောင်းခံခဲ့ကြောင်း နီပေါခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

ခါမလိုင်မာ တောင်ထိပ်သို့ တက်ရောက်ကြသည့် အမျိုးသမီးတောင်တက်သမားများတွင် နီပေါနိုင်ငံမှ အမျိုးသမီး ၁၅ ဦး၊ အမေရိကန်ပြည်ထောင်စုမှ ကိုးဦး၊ အိန္ဒိယမှ ရှစ်ဦး၊ တရုတ်နိုင်ငံမှ ခုနစ်ဦးနှင့် ဗြိတိန်နိုင်ငံမှ လေးဦးတို့ ပါဝင်ကြသည်။

ခါမလိုင်မာတောင်ထိပ်သို့ ၁၉၇၅ ခုနှစ်က ဂျပန်အမျိုးသမီး တောင်တက်သမားဂျုန်ကို တာဘေးက ပထမဦးဆုံး တက်ရောက်နိုင်ခဲ့ကြောင်း၊ ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်ဖြစ်သည့် ခါမလိုင်မာ တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့သည့် အမျိုးသမီးဦးရေမှာ ၃၅၆ ဦး ရှိပြီဖြစ်ကြောင်း နီပေါခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

**ဆင်ဟွာ**





# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသစ် ကျမ်းသစ္စာ ကျိန်ဆို

**ဝါရှင်တန် ဧပြီ ၂၇**
အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသစ်အဖြစ် မိုက်ပွန်ပဲယို ကျမ်းသစ္စာကျိန်ဆိုလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတဒေါ်နယ်ထရန့် အစိုးရလက်ထက်၌ အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ) အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ပွန်ပဲယိုသည် ဒေါ်နယ်ထရန့်အစိုးရလက်ထက် ဒုတိယမြောက် နိုင်ငံခြားရေးဝန်ကြီးအဖြစ် အမေရိကန်ဆီးနိတ်အထက်လွှတ်တော်က ထောက်ခံမဲ ၅၇ မဲ၊ ကန့်ကွက်မဲ ၄၂ မဲဖြင့် အတည်ပြုပေးခဲ့သည်။

ပွန်ပဲယိုသည် မကြာမီက မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းသို့ လျှို့ဝှက်သွားရောက်ခဲ့ကာ ခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံခဲ့သည်။ **ကျိုဒို**

# ပူဇော်ခွဲပျော် သွန်းညောင်ရေပွဲတော်

ရွှေတိုင်လွင်

ကဆုန်လသည် မြန်မာနှစ် တစ်ဆယ့်နှစ်လရာသီဝယ် ဒုတိယမြောက်လဖြစ်ပြီး ဂိမှာန် နွေဥတုတွင် သက်ရောက်လျက်ရှိပါပေသည်။ ပူပြင်းခြောက်သွေ့သောလဟုဆိုလျှင်လည်း မှန်ပါပေ၏။ ဤလရာသီ အခါသမယတွင် တန်ခူးရေကုန် ကဆုန်ရေခန်းဆိုသည့်အတိုင်းပင် ကျေးလက်ဒေသတို့တွင် သောက်ရေကို ရေကန်များမှ အားထားသောက်သုံးကြရသည်ဖြစ်၍ သောက်ရေကန်တို့ဝယ် ရေများခန်းခြောက်လေ့ရှိသော နွေအလှပန်းချီကားတစ်ချပ်ပင် ဖြစ်ပါပေသည်။

ပြိဿရာသီခွင်သက်ဆင်းလျက်ရှိသော လကဆုန်သည် ဟဿတရာတောက်ထွန်းပြီး ကြတ္တိကာ၊ ရောဟဏီ၊ မိဂသီမည်သော နက္ခတ်တို့နှင့်စန်းယှဉ်ကာ ရာသီပန်းအဖြစ် ရွှေစံကားပန်းတို့သည် ဝါဝင်း စိုပြည်လျက် မွှေးပျံ့နေပါပေတော့သည်။ ဤလတွင် အလွန်ပူပြင်းသောကြောင့် မြတ်စွာဘုရားရှင်တို့ မှီတွယ် ပွင့်ထွန်းတော်မူသည့် ဗောဓိပင်တို့သည် ရေငတ်ခန်းခြောက်ကြကာ အပင်များမျိုးမတုန်းရလေအောင် ရေသွန်းလောင်းခြင်း၊ ဗုဒ္ဓဘဂဝါအားရည်စူး၍ ညောင်ရေသွန်းလောင်းခြင်းတို့ကို ဤလရာသီဝယ် ဗုဒ္ဓဘာသာနွယ်ဝင်များမှ အထွတ်အမြတ်ထားကာပူဇော်ကြခြင်းကို ရှေးရှေးသောကာလများစွာကတည်းက ယနေ့တိုင် စဉ်လာမပျက် ဆင်နွှဲလျက်ရှိခဲ့ပါလေသည်။

**ဗောဓိပင်အမျိုးမျိုး**

ဂင်္ဂါဝါဠူ သဲစုမက ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့ပြီးသော ဘုရားရှင်တို့သည် မှီတွယ်ပွင့်ထွန်းတော် မူသော ဗောဓိပင်လည်း အမျိုးမျိုးရှိခဲ့ကြပေသည်။ သို့ဖြစ်ရာ ယခု ဂေါတမမြတ်စွာဘုရားရှင်သည် ညောင်ဗုဒ္ဓဟေပင်၌ ပွင့်ခဲ့တော်မူသည်ကို မဟာဝင် ဗုဒ္ဓဝင်တို့၌ အကျယ်တဝင့် ဖော်ပြထားသည်ကို လေ့လာတွေ့ရှိသိရပါပေမည်။

ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာလူမျိုးတို့သည် ထိုကဆုန်လပြည့် ဗုဒ္ဓနေ့သို့ရောက်လျှင် ပရိဘောဂစေတီ ထိုက်ပေသည့် ထိုဗောဓိပင်ကြီး၌ မြတ်ဗုဒ္ဓကိုကြည်ညို ပူဇော်ကြသော သွန်းညောင်ရေကို နှစ်စဉ်လောင်းလှူခဲ့ကြသည်မှာလည်း ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူဖွယ်ဖြစ်ပါလေသည်။

ကဆုန်လပြည့် ဗုဒ္ဓနေ့သည် အလွန်မှထူးမြတ်သော နေ့တစ်နေ့ဖြစ်ခြင်းကို တင်ပြရမည်ဆိုပါလျှင် ထိုနေ့သည် ဂေါတမမြတ်စွာဘုရား လောင်းလျာသည် ဒီပင်္ကရာဘုရားရှင်၏အထံတော်မှောက်၌ သုမေဓာ ရသေ့သူတော်စင်ကြီးဘဝဖြင့် ဤဘဒ္ဒကမ္ဘာ၌ ဂေါတမဘုရား တစ်ဆူဖြစ်မည်ဟူသော ဗျာဒိတ်တော်ကို ပထမဆုံးရရှိတော်မူသောနေ့ဖြစ်ခြင်း၊ ဂေါတမဗုဒ္ဓလောင်းတော်အား မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ကြို ကဆုန်လပြည့်နေ့တွင် ချမ်းမြေ့သာယာလှပသော လုမ္ဗိနီသာမော အင်ကြင်းတောဝယ် ဖွားမြင်တော်မူခဲ့သည်မှာလည်း ကဆုန်လပြည့် နေ့ပင်ဖြစ်ပါလေသည်။

သက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့် အရုဏ်တက်ချိန်၌ ဂေါတမမြတ်စွာဘုရားစင်စစ်ဖြစ်တော်မူခြင်း၊ ကုသိနာရုံ အင်ကြင်းစုံသည့် ရဂုံသာမော အင်ကြင်းတော၌ ဂေါတမဗုဒ္ဓမြတ်စွာဘုရား၊ အကျွန်ုပ်တို့ယုံကြည်ကိုးကွယ်တော်မူသော မြတ်စွာဘုရားရှင်သည် ထိုကဆုန်လပြည့် ဗုဒ္ဓနေ့ဝယ် ပရိနိဗ္ဗာန် စံတော်မူခဲ့လေသည်။ ဤသို့ထူးခြားလေးနက်သော ကဆုန်လပြည့် ဗုဒ္ဓနေ့အား ဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းတို့မှ ထိုကဆုန်လပြည့် ဗုဒ္ဓနေ့သို့ရောက်တိုင်း ဘုရားရှင်၏ မှီတွယ်ပွင့်ထွန်းတော်မူသည့် ဗောဓိညောင်ပင်ကို ပရိဘောဂစေတီအဖြစ် ကြည်ညိုသဒ္ဓါ ပွားများကြကာ ရေများ သွန်းလောင်းကြောင်း၊ သီလ ဘာဝနာတို့ဖြင့်ဆောက်တည်ကြကာ အလှူဒါနပြုခြင်းအမှုတို့ကို ရှေးစဉ်လာအတိုင်း ပြုဆောင်လျက်ရှိသော သဒ္ဓါပွားများကြခြင်းကို ကြည်နူးဖွယ်ရာ တွေ့မြင်ကြရပါလေသည်။

**သီတာရေသွန်းလောင်း**

ကဆုန်လ၏အလှတရားတို့ကို အမရပူရ ကုန်းဘောင်မင်းလက်ထက်၌ စာဆိုရှင် လူဦးမင်း၏ ရာသီဘွဲ့လေးချိုးမှ ပြိဿရာသီလေးချိုး တစ်စိတ်တစ်ဒေသကို ဖော်ညွှန်းကာတင်ပြရမည်ဆိုပါလျှင် "မဟီရန်ညွန့်၊ မြိုင်စံထွတ်ဝယ်၊ ညှာညွတ်ကယ်ဖူးဝေ၊ စကားရွှေနှင့် ညောင်ရေခါဟူ၊ မွှေးထုံရည်ကြူလှတယ်၊ မြတ်လှူတော်ငယ်"ဟူ၍ ဖွဲ့ဆိုထားခြင်းကို ကောက်နုတ်ကာတင်ပြရပါလျှင် ပျိုကညာ မဟေသီ မိန်းကလေးများ၏ ဦးခေါင်း၌ အထွတ်အမြတ်ထားရာ ဆံကေသာထက်ဝယ် ရွှေရောင်တမျှ ဝါဝင်းထိန်တောက်လျက်ရှိသော ကဆုန်လ၏နိမိတ်၊ ရွှေဝါရောင် စံကားဝါပန်းတို့က နေရာယူထားသကဲ့သို့၊ ဤကဲ့သို့ ပင်လုံးကျွတ်မျှ ပွင့်ဝေလျက်ရှိသောကာလဝယ် မြတ်ဗုဒ္ဓ၏ ပရိဘောဂစေတီထိုက်ပေသော မဟာဗောဓိပင်အား အလေးအမြတ်ထားကာ အမွှေးနံ့သာရည်များဖြင့် အေးမြသောသီတာရေသွန်းလောင်းသည့်အလှူတော် ကျင်းပပုံကို ပုံဖော်ရေးသားထားပါပေသည်။

ထို့အတူပင် ကုန်းဘောင်ခေတ် စာဆိုအကျော်ဖိုးသူတော်ဦးမင်းကလည်း ဆယ့်နှစ်လရာသီဘွဲ့ သဖြန်လေးဆစ်များထဲမှ ကဆုန်လ၏သဖြန်လေးဆစ်ကို ဖော်ညွှန်းထားသည်ကိုလည်း စာဖတ်ပရိသတ်တို့ခံစားနိုင်ရန် တင်ပြရမည်ဆိုပါလျှင်-

"စကားဝါငုံသင်းလို့၊ ကြယ်မင်းတဲ့ဝိသာခါ၊ တိမ်တွေမှာ ရောင်ခြည်ရွှန်း၊ ထွန်းတဲ့ချိန်ပါ၊ စုံကန္တာ ဟေမာမြိုင်ထဲ ရွှေကျေးပျံသင်လို့၊ စံပျော်ရွှင်သည်ဟိုကူးလို့ရယ် မြူးကြစမြဲ"ဟူ၍ ဖွဲ့ဆိုထားမှုမှာ လရာသီနှင့် အလွန်မှလိုက်ဖက်လှပါပေ၏။ ဤကဆုန်လသည် စံကားဝါ ရွှေရောင်များ တောက်ပစွာ ပွင့်လန်းမွှေးထုံလျက်ရှိပုံ၊ ကောင်းကင်အလယ်မှာ အလွန်မှတင့်တယ်စွာ ပေါ်ထွန်းလျက်ရှိနေပုံ၊ ဤကာလဝယ် စုံ=တော၊ ကန္တာ=တော၊ မြိုင် = တောစသည်တို့ဖြင့် တောအလှကို သုံးနေရာဖွဲ့ဆိုထားပါပေ၏။ တောတောင်ရေမြေ အလှကို ခံစားရှုမြင်စေသည်ဟု ယူဆရပါပေသည်။ ထိုတောဝနာ၌ ကျေးငှက်ပေါက်ကလေးများ အပျံသင်ကာ ပျော်မြူးလျက်ရှိနေသည်ကို ကွင်းကွင်းကွက်ကွက်ပေါ်လွင်အောင် ဖွဲ့ဆိုထားမှုမှာ ကဆုန်လ၏ နွေသရုပ်ကို ပီပြင်စွာဖော်ညွှန်းထားပေသည်ဟု စာရေးသူ ခံစားတင်ပြရပါပေမည်။

ထို့ကြောင့် ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာလူမျိုးတိုင်းသည် မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာတော်ကို နှစ်ငါးထောင်များမြောင်ရှည်ကြာ တည်တံ့ခိုင်မြဲစေရေး အစဉ်ဦးထိပ်ထားလျက် ကဆုန်လပြည့် မြတ်ဗုဒ္ဓ၏ ဗုဒ္ဓဝင်နေ့အား အစဉ်အလေးထားကာ ကဆုန်လပြည့် ဗုဒ္ဓနေ့ဝယ် ပရိဘောဂစေတီထိုက်ပေသော ညောင်ဗုဒ္ဓဟေပင်အား ဘုရားမြတ်စွာ၏ကိုယ်စား ပူဇော်သက္ကာရပြု၍ နှစ်စဉ် သွန်းညောင်ရေပွဲ ခြိမ့်သဲစွာ ကျင်းပပူဇော်နိုင်ကြပါစေကြောင်း ရတနာသုံးပါး၌ ရိုသေဂါရဝထားလျက် ရေးသားပူဇော် တင်ပြလိုက်ရပါတော့သတည်း။ ။

> "သက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့် အရုဏ်တက် ချိန်၌
> ဂေါတမမြတ်စွာဘုရား စင်စစ်ဖြစ်တော်မူ...
> မြတ်စွာဘုရားရှင်သည် ထိုကဆုန်လပြည့်
> ဗုဒ္ဓနေ့ဝယ် ပရိနိဗ္ဗာန်စံတော်မူ...
> ထိုကဆုန်လပြည့် ဗုဒ္ဓနေ့သို့ရောက်တိုင်း ဘုရားရှင်၏
> မှီတွယ်ပွင့်ထွန်းတော်မူသည့် ဗောဓိညောင်ပင်..."

# ကဆုန်လပြည့်ဗုဒ္ဓနေ့ ညောင်ရေသွန်းဖို့ ထာဝရမမေ့

မျိုးသိန်း(ပဲခူး)

မြန်မာဗုဒ္ဓဘာသာဝင်တို့၏ တစ်ဆယ့်နှစ်လ ရာသီပွဲတော်များအနက် ကဆုန်လပြည့်နေ့၌ ကျင်းပသော မြန်မာ့ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည့် ညောင်ရေသွန်းပွဲမှာ အလွန်ထူးမြတ်လှပြီး ထိုကဆုန်လပြည့်နေ့၏ နေ့ထူးနေ့မြတ်ဟူသည်ကား ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်ဟုဆိုသည်နှင့်အညီ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တော်မှ ဘုရားအလောင်းရှင်ရသေ့အား ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်ဟု နိယတဗျာဒိတ်ခံယူခဲ့ခြင်းသည် ထိုကဆုန်လပြည့်နေ့ဖြစ်သလို ဘုရားအလောင်းဖွားမြင်ခဲ့ခြင်းသည်လည်း ထိုနေ့ပင်ဖြစ်၍ မဟာဗောဓိပင်ပေါက်ခဲ့ခြင်းနှင့် ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခဲ့ခြင်းတို့သည် ကဆုန်လပြည့်နေ့၌ပင် ထပ်တူတစ်နေ့တည်း ကျရောက်ခဲ့သောနေ့ကို ဗုဒ္ဓနေ့ဟူ၍ပင် ဗုဒ္ဓဘာသာဝင်များက သတ်မှတ်ခဲ့ကြလေသည်။

**ရှေးမင်းအဆက်ဆက်မှယနေ့ထိတိုင်**

ရှေးနှစ်ပေါင်းများစွာ မင်းအစဉ်အဆက်မှပင်ကျင်းပဆောင်ရွက်ပြုလုပ်လာခဲ့ကြသည့် ကဆုန်လပြည့်နေ့ရောက်တိုင်း ညောင်ရေသွန်းပွဲတော်အား ယနေ့ခေတ် ဗုဒ္ဓဘာသာဝင်လူကြီး၊ လူရွယ်၊ လူငယ်တိုင်းက မြန်မာ့ရိုးရာ အမွေအနှစ်ရာသီပွဲတော်ကို လက်ဆင့်ကမ်းထိန်းသိမ်းကြဖို့ကိုလည်း အထူးလိုအပ်မည်ဖြစ်ပေသည်။ ထိုကဆုန်လပြည့်နေ့၌ဗုဒ္ဓမြတ်စွာဘုရားဖြစ်တော်မူစဉ် အခါကျူးရင့်တော်မူခဲ့သော ဥဒါန်းဂါထာတော်များနှင့် ပဋိစ္စသမုပ္ပါဒ်ပါဠိဒေသနာတော်များအား ရွတ်ဖတ်ပူဇော်ကြပြီး ညောင်ရေသွန်းပွဲတော်ကို အများသူငါဗုဒ္ဓဘာသာဝင်များ စုပေါင်းကြ၍ ရှေးမင်းအဆက်ဆက်မှ ယနေ့ထိတိုင် မြန်မာပြည်အနှံ့ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြလေသည်။

ညောင်ရေသွန်းပွဲတော်သည် ဂေါတမမြတ်စွာဘုရားပွင့်တော်မူခဲ့ရာဗောဓိညောင်ပင်၏ဆင့်ပွားဗောဓိပင်များကို သန့်စင်သောရေ၊ အမွှေးနံ့သာရည်တို့ဖြင့် သွန်းလောင်းကြသည့်ပွဲတော်ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တိုင်းက ဗုဒ္ဓအသုံးအဆောင်တို့ကို ဥပနာပြုတည်ထားသော ပရိဘောဂစေတီထိုက်သောစေတီနှင့် ဗောဓိပင်တို့အား ရေသွန်းလောင်းပူဇော်ခြင်းများပြုကြသည်။ မြန်မာဗုဒ္ဓဘာသာဝင်တို့ ကဆုန်လတွင် မဟာဗောဓိညောင်ပင်ကို ရေသွန်းသည့်ယဉ်ကျေးမှုဓလေ့သည် ထူးခြားပြီး ရှေးခေတ်မြန်မာတို့က မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် စတင်ကျင်းပပြုလုပ်ဆောင်ရွက်ခဲ့ကြသော မြန်မာ့ကိုယ်ပိုင်ပွဲတော်ပင်ဖြစ်ပေသည်။

**ဗုဒ္ဓပွင့်ထွန်းဆင့်ပွားအပင်**

တစ်ဆယ့်နှစ်လရာသီတွင် ကဆုန်လသည်အလွန်ပူပြင်းပြီး တန်ခူးရေကုန် ကဆုန်ရေခန်း ဆိုသည့်အတိုင်း ထိုလတွင် ရေများခန်းခြောက်၍ ရေပြတ်လေ့ရှိကာအပူရှိန်ပြင်းထန်ရေပြတ်ခြင်းတို့ကြောင့် အချို့သစ်ပင်ပန်းပင်များ ညှိုးနွမ်းခြောက်သွေ့သေကျေပျက်စီးကြသည်။ ထိုအချိန်တွင် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ပရိဘောဂစေတီထိုက်သော မဟာဗောဓိညောင်ပင်များ ရှေးမြန်မာတို့ စိုးရိမ်ကြကာ ဗောဓိညောင်ပင်များသည် ရှားပါးမျိုးဖြစ်၍ ဗုဒ္ဓပွင့်ထွန်းဆင့်ပွားအပင်များ ဖြစ်သည့်အတွက် မညှိုးမနွမ်း အစဉ်လန်းဆန်းရှင်သန်နေစေရန် မြန်မာဗုဒ္ဓဘာသာဝင်တိုင်းတို့မှ စုပေါင်းညီညာစွာ မြန်မာပြည်တစ်ဝန်း ရေသွန်းလောင်းပူဇော်ကြခြင်းဖြစ်ပေသည်။ သို့ပါ၍ မြန်မာ့ယဉ်ကျေးမှု ဓလေ့ကောင်းကို နောင်လာနောက်သားများကလည်း အစဉ်အလာကောင်းတစ်ခုဆက်လက်ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်မှာ လေးစားချီးကျူးမြတ်နိုးဖွယ်ဖြစ်ပေသည်။

ရှေးအစဉ်အဆက် မြန်မာနိုင်ငံတစ်ဝန်းလုံး ဗုဒ္ဓဘာသာဝင်တိုင်း ကျင်းပလာခဲ့သော ညောင်ရေသွန်းပွဲတော်ကို ယနေ့ခေတ်ထိတိုင် ဆက်လက်ကျင်းပလျက်ရှိနေကြပြီး ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော်အချိန်သို့ရောက်တိုင်းပင် ဗုဒ္ဓဘာသာဝင်တို့က ဗုဒ္ဓမြတ်စွာဘုရားအလောင်းရှင်ရသေ့ဖြစ်စဉ်က ဗျာဒိတ်ခံယူခဲ့သည့်နေ့၊ ဗုဒ္ဓအားဖွားတော်မူခဲ့သောနေ့၊ မဟာဗောဓိပင် ပေါက်ခဲ့သည့်နေ့၊ ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်စံမြန်းခဲ့သည့်နေ့ စသည့်နေ့ထူးနေ့မြတ်တို့သည် ကဆုန်လပြည့်နေ့၌ပင်လျှင် ထပ်တူဖြစ်တည်လာခဲ့ကြသဖြင့် ထိုနေ့သည်ကား ဗုဒ္ဓနေ့ဟူ၍ ဗုဒ္ဓဘာသာဝင်တိုင်းမမေ့လျော့ကြဘဲ လက်ဆင့်ကမ်းကာ ထာဝစဉ်ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့နိုင်စေရန် ထိန်းသိမ်းစောင့်ရှောက်ပြီး ကဆုန်လပြည့် ဗုဒ္ဓနေ့ ညောင်ရေသွန်းဖို့ ထာဝရမမေ့ကြရန် တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါတော့သည်။ ။

# တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လည်ပတ်

**နေပြည်တော် မေ ၂၇**

နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာသိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်ထွက်သွား လာလည်ပတ်လျက်ရှိသည်။



မေ ၂၀ ရက်မှ ၂၆ ရက်အထိ တာချီလိတ်နယ်စပ်ဝင်၊ ထွက်ပေါက်မှတစ်ဆင့် နေ့ချင်းပြန် ခရီးစဉ်လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၆၄၄၅ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၀၇ ဦး၊ ဗီဇာဖြင့် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့်တတိယနိုင်ငံသားအများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၄၂ ဦးရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည် အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ရွှေတိဂုံစေတီတော်၊ ဝမ်ကောင်းဈေး၊ ကိုးမြို့ရှင်နတ်နန်း၊ မြို့လယ်ဓမ္မာရုံ၊ ပဒေါင်းကျေးရွာ၊ နဂါးနှစ်ကောင်ဆရာတော်ကျောင်း၊ ကျောက်တန်းဈေး၊ အာခါဈေး၊ တရုတ်ဘုံကျောင်းများသို့ သွားရောက် လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ်လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခိုကျောင်း၊ ဝတ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီစသည့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြသည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည်အရေအတွက်မှာ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၂၆ ရက်အထိ နေ့ချင်းပြန်ခရီးသည် စုစုပေါင်း ၅၆၆၀၀ ဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ခရီးသည် စုစုပေါင်း ၇၀၄ ဦးနှင့် ဗီဇာဖြင့် တာချိတ်လိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည်စုစုပေါင်း ၆၆၄ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နေ့စဉ် အသံချဲ့စက်ဖြင့်ကြေညာပြီး အမှိုက်များလိုက်လံသိမ်းဆည်း

**ပွင့်ဖြူ မေ ၂၇**


မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးဝင်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဝန်ထမ်းများအဖွဲ့က ပွင့်ဖြူမြို့အား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပသည့် မြို့ပြတစ်ခုဖြစ်စေရေးအတွက် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်အား နေ့စဉ်အသံချဲ့စက်ဖြင့် ကြေညာပြီး အမှိုက်သိမ်းယာဉ်များဖြင့် အမှိုက်သိမ်းစနစ်ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသဖြင့် ရပ်ကွက်နေပြည်သူများအတွက် အမှိုက်စွန့်ပစ်ရာတွင် အဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးဝင်းထံမှ သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပသော မြို့ပြတစ်ခုအဖြစ် စီမံချက်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်ပါတယ်၊ အဲဒီလို ဆောင်ရွက်တဲ့အခါမှာလည်း မြို့ပေါ်ရပ်ကွက်များ အလိုက် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် နေ့စဉ် အသံချဲ့စက်ဖြင့် ကြေညာပြီးတော့ အဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်သုံးစီးဖြင့် လိုက်လံ အမှိုက်သိမ်းစနစ်ကို အလေးထား ဆောင်ရွက်ပေးတာဖြစ်ပါတယ်၊ စနစ်တကျ အမှိုက်သိမ်းစနစ်ကို ဆောင်ရွက်ပေးတဲ့အတွက် မြို့မိမြို့ဖများအနေဖြင့် မီးဖိုချောင်သုံး အမှိုက်များနှင့် သာမန်အမှိုက်များကို စွန့်ပစ်ရာမှာ အဆင်ပြေချောမွေ့စွာ စွန့်ပစ်စေနိုင်တာဖြစ်လို့ အဆင်လည်း ပြေစေပါတယ်၊ ဒါ့အပြင် အခြားမြို့ပေါ်ရှိ စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားရှိတဲ့ သစ်ပင်၊ ပန်းပင်တွေ ရေဖျန်းခြင်းလုပ်ငန်းကိုလည်း ဝန်ထမ်းတွေကို စနစ်တကျ တာဝန်ပေးစေခိုင်းထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးဝင်းက ပြောပြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## နမ့်စန်တွင် နမ့်လတ်ချောင်းစီးဝင်သော ရေငုပ်ဂူများအတွင်းသန့်ရှင်းရေးဆောင်ရွက်

**နမ့်စန်(တ) မေ ၂၇**



ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် မိုးရာသီ ကာလအတွင်း ချောင်းရေလျှံ၍ လူနေအိမ်ခြေများရေနစ်မြုပ်မှုမဖြစ်ပွားစေရေးအတွက် အမှတ်(၁) ရပ်ကွက်အတွင်းရှိ နမ့်လတ်ချောင်းစီးဝင်သော ရေငုပ်ဂူများအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို မေ ၂၇ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေနှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးအောင်မြသိန်းတို့ဦးဆောင်၍ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၁၀၀ ခန့်က နမ့်လတ်ချောင်းစီးဝင်လျက်ရှိသော ရေငုပ်ကျောက်ဂူများ အတွင်းရှိ ပိတ်ဆို့နေသည့် သစ်တုံး၊ သစ်ကိုင်းများနှင့် အမှိုက်မျိုးစုံတို့ကို ဆယ်ယူရှင်းလင်းခြင်း၊ နမ့်လတ်ချောင်းတစ်လျှောက် ချုံနွယ်များခုတ်ထွင်ခြင်း၊ သစ်ကိုင်းများ ရှင်းလင်းခြင်းနှင့် ချောင်းတွင်းရှိ အမှိုက်များ ဆယ်ယူခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ်အတွင်းရှိ သောက်သုံးရေမလုံလောက်သော ရပ်ကွက်များသို့ ရေလှူဒါန်း

**ပျဉ်းမနား မေ ၂၇**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် နွေရာသီသို့ကူးပြောင်းလာမှုကြောင့် ကုန်းမြင့်ရပ်ကွက်များပေါ်တွင်ရှိသော ရေတွင်း၊ ရေကန်များမှ ရေထွက်ရှိမှု နည်းပါးလာခြင်းကြောင့် ဒေသခံပြည်သူများ သောက်သုံးရေ မလုံလောက်မှုနှင့် ကြုံတွေ့နေရသဖြင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြိုင် ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် ရန်အောင် (၂) ရပ်ကွက်အတွင်းရှိ အမှတ်(၁) အုပ်စုတွင် သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့လှူဒါန်းပေးရာတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအနေဖြင့် ဇန်နဝါရီမှစတင်၍ ဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် တစ်နေ့လျှင် ရေဂါလန် ၅၀၀၀ ကျော် လိုက်လံလှူဒါန်းပေးလျက်ရှိပြီး သောက်သုံးရေမလုံလောက်သည့် ရပ်ကွက်များကို ဆက်လက် လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## ဝန်းသိုမြို့နယ် ဂျိုးတောင်–အာမခံကျေးရွာ ကတ္တရာလမ်းခင်းမည်

**ဝန်းသို မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဂျိုးတောင်-အာမခံကျေးရွာလမ်းအား ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကိုလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ဒေသထွက် ကုန်စည်များ လျင်မြန်စွာစီးဆင်းပြီး ပြည်သူများလူနေမှုအဆင့်အတန်းမြင့်မားလာကာ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးလာစေရန် လမ်းပန်းဆက်သွယ်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၁၁၅၀၀ သန်းဖြင့်လည်းကောင်း၊ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂၇ ဒသမ ၄၀၀ သန်းဖြင့် လည်းကောင်း လုပ်ဆောင်ပေးလျက်ရှိသည်။

ဝန်းသိုမြို့နယ် ဂျိုးတောင်-အာမခံလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၁၂၇ ဒသမ ၄၀၀ သန်းဖြင့် လမ်းအကျယ် ၁၄ ပေ၊ အရှည် လေးဖာလုံအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ခင်းကျင်းပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ဝင်းဦး(ဗေယျာတိုင်း)**



## အပူချိန်မြင့်မားလာမှုကြောင့် မုက္ခာရေတံခွန်၌ အပန်းဖြေလာရောက်သူများပြား

**မင်းလှ မေ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ရွှေးကုန်းအုပ်စု ဘန့်ဘွေးကုန်းကျေးရွာအနီး မုက္ခာဆည်ဧရိယာအတွင်းရှိ မုက္ခာရေတံခွန်၌ အပူချိန်မြင့်တက်လာမှုကြောင့် အပန်းဖြေလာရောက်ရေကစားသူများဖြင့် မေ ၂၆ ရက်က စည်ကားလျက်ရှိသည်။

အဆိုပါ အပူချိန်မြင့်တက်လာမှုကြောင့် မုက္ခာရေတံခွန်တွင် မြို့ခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ရေကစားခြင်း၊ ရေစိမ်ခြင်းများဖြင့် လာရောက်အပန်းဖြေ အနားယူလျက်ရှိသည်။ ရေတံခွန်မှရေများသည် ကြည်လင်အေးမြနေပြီး သဘာဝအရိပ်ရသောနေရာကောင်းတစ်ခုဖြစ်ရာ လာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း၊ ဈေးဆိုင်များလည်း သောက်ရေသန့်၊ အချိုရည်များ ရောင်းချရကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# ၂၀၁၈ ခုနှစ် လူရည်ချွန်လူငယ်တွေ့ဆုံပွဲသို့ စခန်းဝင်မည့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသား ကျောင်းသူများ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံမှ သြဝါဒခံယူ

**ပဲခူး ဧပြီ ၂၇**

ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိပညာခန်းမ၌ ဧပြီ ၂၇ ရက် နံနက် ၈ နာရီက ၂၀၁၈ ခုနှစ် လူရည်ချွန်လူငယ် တွေ့ဆုံပွဲသို့ စခန်းဝင်မည့် ပဲခူးတိုင်းဒေသကြီးမှ ကျောင်းသားကျောင်းသူများက ဝန်ကြီးချုပ်ထံမှ သြဝါဒခံယူပွဲကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်း တာဝန်ယူကြရမှာဖြစ်၍ အခြေခံကျသည့် စာရိတ္တ၊ ပညာရေး၊ အတွေးအခေါ်၊ အလေ့အကျင့်၊ အပြုအမူစသည်တို့ မြင့်မားစေရန် လိုအပ်ကြောင်း၊ ဉာဏ်ပညာ ထူးချွန်ထက်မြက်ပြီး အကျင့်စာရိတ္တကောင်းမွန်ကာ ကျန်းမာသန်စွမ်းသည့် ဘက်စုံပညာထူးချွန်သည့် လူငယ်များကို ရွေးချယ်ပြီး လူရည်ချွန်စခန်းများသို့ ပြည်သူ့ဘဝလေ့လာရန်၊ အပန်းဖြေရန် လူငယ်တွေ့ဆုံပွဲတွေ ပြုလုပ်စေလွှတ်ခြင်းဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန်ရိုင်းပင်းကူညီမှု၊ ညီရင်း အစ်ကို၊ မောင်ရင်းနှမစသည့် စိတ်ဓာတ်ကို လက်ကိုင်ပြုထားရမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူရည်ချွန်လူငယ်များကိုယ်စား ကျောင်းသား ကျောင်းသူတစ်ဦးက ဂါရဝပြုကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီးနောက် ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်နှင့်ဝန်ကြီးများက ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ကာ လူရည်ချွန်လူငယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့သည်။

ဘတ်စုံထူးချွန်(လူရည်ချွန်) စီမံကိန်းကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ပြန်လည်စတင်ခဲ့ပြီး ထူးချွန်လူငယ် နွေရာသီအပန်းဖြေစခန်းများသို့ ပို့ဆောင်ခြင်း၊ လူငယ်တွေ့ဆုံပွဲများ ပြုလုပ်ပေးခဲ့သည်မှာ ငါးနှစ်ရှိပြီဖြစ်သည်။ ယခုနှစ်တွင် ပဲခူးတိုင်းဒေသကြီးမှ သုံးထပ်ကွမ်း လူရည်ချွန် သုံးဦး၊ နှစ်ထပ်ကွမ်း လူရည်ချွန် ၁၃ ဦးတို့ ထပ်မံပါဝင်လာခဲ့ပြီး အဌမတန်း လူရည်ချွန် ၁၆ ဦးကို ပုဂံစခန်း၊ နဝမတန်း လူရည်ချွန် ၁၆ ဦးကို အင်းလေးစခန်း၊ ဒသမတန်း လူရည်ချွန် ၁၆ ဦးကို ငွေဆောင်စခန်းများသို့ သွားရောက်ကြရမည်ဖြစ်သည်။

အခမ်းအနားသို့ ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ထူးချွန် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ခုတင် ၅၅၀ ဆံ့ ရန်ကင်းကလေးဆေးရုံကြီးသို့ ဧပြီ ၂၅ ရက်က ကွယ်လွန်သူဖခင်ကြီး ဦးသိန်းညွန့်အားရည်စူး၍ ဦးဇေယျ-ဒေါ်နှင်းဆီ မိသားစုက ခွဲစိတ်ဆောင်တွင်အသုံးပြုရန်အတွက် အသက်ရှူအထောက်အကူပြုစက် (CPAP)စက်အားပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်၊ ပါမောက္ခကြီးများ၊ တွဲဖက်ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီးများက လက်ခံယူစဉ်။ **(ကြေးမုံ)**

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး သရုပ်ပြလေ့ကျင့်

**ဘိုကလေး ဧပြီ ၂၇**



မိုးတွင်းကာလဖြစ်ပွားတတ်သည့် သဘာဝဘေး မုန်တိုင်းအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကျရောက်ဆဲကာလများတွင် ဒေသခံပြည်သူများကလည်း မိမိတို့ကိုယ်တိုင် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မုန်တိုင်းသဏ္ဌာန်တူ သရုပ်ပြ လေ့ကျင့်မှုများကို ဧပြီ ၂၆ နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မလော့ကျေးရွာအုပ်စု မလော့မြစ်တန်းကျေးရွာတွင် ကျင်းပခဲ့သည်။

ဤကဲ့သို့ ဇာတ်တိုက်လေ့ကျင့်ရာတွင် ဘိုကလေးမြို့နယ် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ကော်မတီက ဦးဆောင်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများအားလုံး ပူးပေါင်း၍ မုန်တိုင်းအန္တရာယ် ကျရောက်လာတော့မည့် အရေးပေါ် အခြေအနေအား အသံချဲ့စက်များဖြင့် ကျေးရွာများအား လှည့်လည်ကြေညာခြင်း၊ သောက်သုံးရေနှင့်စားနပ်ရိက္ခာများ ကြိုတင်စုဆောင်းထားရှိခြင်း၊ နေအိမ်များခိုင်ခံ့စေရန် ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအား ဘေးလွတ်ရာသို့ ဦးစွာရွှေ့ပြောင်းခြင်း၊ အရေးကြီးပစ္စည်းနှင့် စာရွက်စာတမ်းများ၊ တိရစ္ဆာန်များ သိမ်းဆည်းယူဆောင်၍ ပြည်သူများအား သတ်မှတ်ထားသည့် Cyclone Shelter များသို့ ရွှေ့ပြောင်းစေခြင်း၊ အရေးပေါ် အခြေအနေပြီးဆုံးပါကလည်း ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် ထောက်ပံ့ကယ်ဆယ်မှု ပြုလုပ်ပေးခြင်းများကို စနစ်တကျ သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ဘိုကလေး(ပြန်/ဆက်)**

# စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ကျင့်သုံးနိုင်ရေး ဆောင်ရွက်

**ပေါက်ခေါင်း ဧပြီ ၂၇**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးရွာများတွင် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ကျင့်သုံးနိုင်ရေးအတွက် အကောင်အထည်ဖော်စီစဉ်ဆောင်ရွက်လျက်ရှိရာ ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး များဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဦးထင်ဇော်အောင်တို့ ဦးစီး၍ သစ်ရောင်းပြန်အုပ်စု ကွမ်းအုံကျေးရွာတွင် ကျေးရွာအမှိုက်စွန့်ပစ်မှုအား ပူးပေါင်းလုပ်အားပေး ဆောင်ရွက်ခြင်းနှင့် ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုကော်မတီ ရွေးချယ်ခြင်းကို ဧပြီ ၂၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ **သူရိန်ထွန်း**

# ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**လပွတ္တာ ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သပြုကုန်းကျေးရွာအုပ်စု ကုလားကုန်းကျေးရွာတွင် ဆောင်ရွက်ခဲ့သော လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဂန့်အိတ်ကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေအား ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမောင်နှင့်အဖွဲ့သည် ဧပြီ ၂၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး လက်တူးတွင်း ရေရှည်တည်တံ့နိုင်ရေးနှင့် သရက်ကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်း ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **မောင်ဇော်**

# စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိရေး ကျေးရွာအရောက်သင်တန်းဖွင့်

**မယ်စဲ့ ဧပြီ ၂၇**

မယ်စဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာအရောက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာသင်တန်း ဖွင့်လှစ်ခြင်းကို ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက မယ်စဲ့မြို့နယ် နမ့်ပိန်းလင်ကျေးရွာ ခန်းမဆောင်၌ ကျင်းပသည်။

မယ်စဲ့မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးငြိမ်းထက်အောင်က ယခုဖွင့်လှစ်သည့် နည်းပညာသင်တန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပထမဦးဆုံး ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် ဆက်လက်ဖွင့်လှစ်မည့် သင်တန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ နည်းပညာသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဧပြီ ၂၇ ရက်မှ မေ ၁၁ ရက်အထိဖြစ်သည်။

ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာကောင်းများရရှိပြီး မိမိတို့လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချတတ်စေရန် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်ဆက်)**

# မှုခင်းအသိပညာပေးဟောပြော

**သုံးခွ ဧပြီ ၂၇**

သုံးခွမြို့မစခန်းမှူး ဒုရဲမှူးအောင်နိုင်ဦးနှင့် နယ်ထိန်းအဖွဲ့ခေါင်းဆောင် ရဲအုပ်အောင်ဇော်မိုးတို့အဖွဲ့သည် ဧပြီ ၂၇ ရက် နံနက် ၈ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ ၁၁ ရပ်ကွက် မြို့မဈေးအနီးတွင် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြည်သူများအား အသိပညာပေးဟောပြောခဲ့ရာ ပြည်သူအင်အား ၂၀၀ ခန့် ကြည့်ရှုလေ့လာခဲ့ကြသည်။ **အောင်ဆွေ(ရွှေတံတား)**



# ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြုခရီးသွားလုပ်ငန်း ငွေဆောင်အပန်းဖြေဆင်စခန်းဖွင့်

**ပုသိမ် ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ပုသိမ်သစ်ထုတ်လုပ်ရေးဒေသ မိုင်တိုင် (၁၉/၀)ရှိ ဌာနပိုင် ငွေဆောင်ဆင်စခန်း၌ အပန်းဖြေဆင်စခန်းဖွင့်ပွဲကို ဧပြီ ၂၇ရက် နံနက်ပိုင်းက အဆိုပါဆင်စခန်း၌ ကျင်းပသည်။

တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးမိုးလွင်က မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာန၏ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်း စတင်ဆောင်ရွက်ခဲ့မှုများ၊ ရည်ရွယ်ချက်များ၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်းများ၏ အခြေအနေနှင့် နှစ်နှစ်အတွင်း ဝင်ငွေရရှိမှု တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုသိမ်သစ်ထုတ်ရေးဒေသ မန်နေဂျာ ဦးကျော်စွာဝင်းက အပန်းဖြေဆင်စခန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များ၊ စခန်းတည်နေရာ၊ အကျယ်အဝန်း၊ လာရောက်လေ့လာနိုင်သည့်နည်းလမ်းများ၊ စခန်း၏ နေ့စဉ်ဆောင်ရွက်မှုများနှင့် ဝန်ဆောင်မှုများ၊ ဆင်များနှင့်ထိတွေ့ဆက်ဆံရာတွင်လိုက်နာရမည့်အချက်များ၊ စခန်းတွင်ထားရှိသည့် ဝန်ထမ်းဦးရေနှင့် ဆင်ကောင်ရေ ဆင်စခန်း ထပ်မံတိုးချဲ့ဆောင်ရွက်မည့် ဝန်ဆောင်မှု အစီအစဉ်များ ရှင်းလင်းဆွေးနွေးပြောကြားသည်။

၎င်းနောက် ဖွင့်ပွဲသို့ တက်ရောက်လာကြသူများအား ဆင်များ၏ လိမ္မာယဉ်ကျေးသည့်ပြကွက်များပြသခြင်း၊ ဆင်များအားကိုယ်တိုင်အစာကျွေးခြင်း၊ ဆင်ချစ်သူများက အမှတ်တရ လက်မှတ်ရေးထိုးခြင်းများပြုလုပ်ခဲ့ကြောင်းသိရသည်။

အပန်းဖြေဆင်စခန်းတွင် ဆင်ငါးကောင်ရှိပြီး ယခုဆင်စခန်းသည် တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း၏ သုံးခုမြောက်ဆင်စခန်းဖြစ်ပြီး တစ်နိုင်ငံလုံးအနေဖြင့် ၁၉ ခုမြောက်ဌာနပိုင်ဆင်စခန်းဖြစ်ကြောင်း သိရသည်။

ဆင်စခန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးမြန်မာ့သစ်လုပ်ငန်းမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးမိုးလွင်နှင့်တာဝန်ရှိသူများ၊ စခန်းတာဝန်ခံ ဦးသူရထွန်းနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသောသူများ တက်ရောက်ခဲ့သည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ(၆၀)




**မင်္ဂလာပါ ဆရာရှင့်။ သွားတအားကိုက်နေလို့ပါရှင့်။ အစာအိမ်ရောဂါရှိလို့ အကိုက်အခဲပျောက် ဆေး မသောက်ချင်လို့ပါရှင့်။ ကိုယ်ဝန်က ကိုးလထဲမှာပါ။ အပေါ်သွား အပေါက်ဖြစ်နေတာ ဘာဆေးသောက်ရ မလဲရှင့်။**

ခရေပွင့်အစိုကြိတ် သွားအခေါင်းပေါက်မှာ သိပ်ပါ။ ပုဏ္ဏရိက်ရွက်ပြုတ်ပြီး ငုံပေးပါ။ ကြက်သွန်နီ အလယ်က အူတိုင်ထုတ်ယူပြီး သွားပိုးပေါက်တွင် ဖိပြီးကိုက်ထားပါ။ လေးညှင်းဆီနဲ့ ငရုတ်ကောင်းဆီကို ဂွမ်းနဲ့တို့ပြီး သိပ်ပေး ရင် အကိုက်သက်သာစေပါတယ်။

**ဆရာခင်ဗျာ၊ နွေရာသီရောက်တဲ့အခါတိုင်း ချွေးထွက် များလွန်းနေပါတယ်။ အေးတဲ့ရာသီမှာတောင် ချွေး ထွက်ပါတယ်။ ခန္ဓာကိုယ်က ပိန်ပါတယ် ခင်ဗျာ။ ဘာလုပ်ရမလဲ ညွှန်ကြားပေးပါ ဆရာ။**

ရေတစ်ပုံးမှာ ဆားခါး သုံးဇွန်းထည့်ဖျော်ပြီး ချိုးပါ။ ချွေးထွက်များရင် အချဉ်အရသာ သံပရာသီး၊ ရှောက်သီး ရှောင်စားပါ။ အချဉ်အစပ်နှစ်မျိုးတွဲတဲ့ အရသာကို အထူးသဖြင့် ရှောင်စားပါ။ အဖန်အရသာ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မာလကာသီး များများစားပေးပါ။ ချွေးထွက် သက်သာစေပါတယ်။ ပူအိုက်တဲ့ရာသီမှာ ညအိပ်ရာ ဝင်ချိန် ရေချိုးပြီး အိပ်ရင် ချွေးထွက်သက်သာစေပါတယ်။

**ဆရာရှင့်၊ ကျွန်မ ဘယ်ဘက်ရင်ဘတ်က တစ်ခါတစ်ခါ စူးပြီးအောင့်ပါတယ်။ ဘာဖြစ်တာလဲ ဆရာ ရှင့်။ ဆေးပါ ညွှန်ပြပေးပါရှင့်။**

ဘယ်ဘက်ရင်ဘတ် အောက်မှာ နှလုံးရှိပါတယ်။ နှလုံးနဲ့ ပတ်သက်တာမို့ တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်၊ သမားတော်ပြပါ။ အဆီအဆိမ့်နဲ့ အချိုတွေ လျှော့စား ပါ။ အစာစားပြီးတိုင်း ချင်းကိုထောင်း အရည်ညှစ် ဟင်းစားဇွန်းတစ်ဇွန်းကို ပျားရည်တစ်ဇွန်း စပ်သောက် ပါ။ ကြက်သွန်ဖြူ ဥတစ်လုံးကို ပျားရည်စိမ်ထားပြီး တစ်နေ့ တစ်ဥစားပေးရင်လည်း နှလုံးသွေးကြော ကျဉ်းရောဂါ ကာကွယ်နိုင်ပါတယ်။

**ဆရာရှင့် သမီးအသက် ၃၇ နှစ်ပါ။ နှလုံးအားနည်းလို့ ရွှံ့စရာတွေ့ရင် သူများထက်ပိုပြီး ရွံ့တတ် ဖို့တတ်ပါ တယ်။ လူတွေများပြီး ဆူညံသံတွေကြားရင်လည်း ရင်ထဲ မှာ တဒုန်းဒုန်းနဲ့ဖြစ်ပြီး တအားလည်း မောပန်းတတ် ပါတယ်ရှင့်။ သောက်ရမယ့် ဆေးနည်းလေး ညွှန်ကြား ပေးပါ ဆရာရှင့်။**

နံ့သာနှစ်ပါးလို့ ခေါ်တဲ့ နံ့သာဖြူ နံ့သာနီသွေးတဲ့ အရည်မှာ ကံ့ကော်ဝတ်ဆံ ထည့်သောက်ရင် နှလုံး အားနည်းရောဂါ ပျောက်တယ်လို့ ဆေးကျမ်းများကဆိုပါ တယ်။ တိုင်းရင်းဆေး အမှတ်(၁၆) အပူငြိမ်း သွေးဆေး ကို ညအိပ်ရာဝင်ချိန် ပုံမှန်သောက်သုံးပေးရင်လည်း အိပ်ပျော်ပြီး နှလုံးအားနည်းရောဂါ သက်သာစေနိုင်ပါ တယ်။

**ဆရာခင်ဗျာ။ သက်ရင်းကြီးရွက်ကို မွှန်းတည့် ၁၂ နာရီ လောက်က အတို့အမြှုပ်လုပ်ပြီး စားလိုက်တာ ညထိ ဗိုက်ထဲ ရစ်နာနေပါတယ်။ ကျွန်တော်စားတာ ငါးရွက်၊ ခြောက်ရွက်လောက် ရှိပါတယ်။ ကျွန်တော်စားတာများ သွားလို့လား။ ဒါမှမဟုတ် ရေနွေးမဖြောလို့လား။ ဖြေကြားပေးပါ ဆရာ။ ဝမ်းကတော့ ညနေ နှစ်ခါ၊ သုံးခါ သွားပါတယ် ဆရာ။**

ရေနွေးမဖြောလို့ ဖြစ်မယ်ထင်တယ်။ ဝမ်းထဲမှာလေပူ ရှိရင်လည်း ဖြစ်နိုင်တယ်။ ဘယ်အရွက်မဆို မှို့နဲ့ ပိုးသေ အောင် ဆားရည်နဲ့ ခဏစိမ်ထားပြီး ဆေးပါ။ ရေနွေးစိမ် ဒါမှမဟုတ် အနည်းငယ်နွမ်းအောင် ပြုတ်ပြီးမှ စားပါ။ သက်ရင်းကြီးက ဝမ်းမှန်လေသက် အဆီကျစေပါတယ်။ အထူးသဖြင့် ဗိုက်ရွဲတာကျသွားတယ်လို့ လက်တွေ့ ကျသူက ပြောပါတယ်။ ဆက်စားကြည့်ပါ။ ရွက်နုကို စားပါ။

**မင်္ဂလာပါ ဆရာ။ ကျေးဇူးပြုပြီး ကျွန်တော့်ကို တစ်ခု လောက် ညွှန်ပြပေးပါ ခင်ဗျာ။ ကျွန်တော့်အမေ ပေါင် တစ်လျှောက်မှာ ရေယုန်လားမသိ ပေါက်နေလို့ပါ။ ဘာ ဆေးလိမ်းလို့ ပျောက်မလဲ ညွှန်ပေးပါ ဆရာ။**











**ဘာကြောင့် ပေါက်တာလဲဆိုတာ ပြောကြားပေးပါ ဆရာ။**

လေးညှင်းပွင့် သွေးလိမ်းပါ။ ပျောက်ပါတယ်။ ကင်းပုံရွက် အရည်ညှစ်လိမ်းရင်လည်း သက်သာပါ တယ်။ ရေယုန်က ပိုးကြောင့်ပါ။ ကူးစက်တတ်ပါတယ်။ နေရောင်ခြည် မထိတဲ့နေရာမှာ ပိုပြီး ပွားတတ်ပါတယ်။

**ဆရာခင်ဗျာ၊ ကျွန်တော့်မှာ အစာအိမ်ရောဂါ ခံစားနေ ရပါတယ်။ အစာမာစားရင်၊ ထမင်းစားရင် ရင်ညွန့်မှာ အောင့်လာလို့ ဆန်ပြုတ်နဲ့ မြူစွမ်ပဲ စားနေရပါတယ်။ စားသင့်တာနဲ့ ရှောင်သင့်တာတွေ လမ်းညွှန်ပေးစေလို ပါတယ်။ အသီးအနှံတွေရော စားလို့ရပါသလား သိပါ ရစေ ခင်ဗျာ။**

ရက်သတ္တပတ်လောက် ထမင်းမစားဘဲ ဆန်ပြုတ် သောက်ပါ။ ဆန်လက်တစ်ဆုပ်မှာ ပဲရာဇာခေါ် ပဲနီ လေး လက်တစ်ဆုပ် ရောပြုတ်ပါ။ ကြက်သွန်နီတစ်ဥ ရောပြုတ်ပြီး သောက်ပါ။ ဖီးကြမ်းငှက်ပျောသီး မီးဖုတ် စားပါ။ ပျားရည်တစ်ဇွန်း နံနက်၊ ည ရေအေးနဲ့ သောက် ပါ။ ချဉ်၊ ဖန်သော အသီးအနှံတွေ မစားရပါ။ ချိုတဲ့ အသီးအနှံ အားလုံး စားရပါတယ်။ ကွမ်းနဲ့ ဆေးလိပ် ရှောင်ပါ။ အစာအိမ်နဲ့ မတည့်ပါ။ အစာကို ပူပူနွေး နွေးစားပါ။ နည်းနည်းနဲ့ အကြိမ်များများ စားနိုင်ပါတယ်။

**ဆရာရှင့်၊ နို့စို့ကလေး နှာခေါင်းပိတ်ရင် ဘယ်လိုလုပ်ရ မလဲရှင့်။**

ခြေဖဝါးဆားပွတ် ရေဖတ်တိုက်ပေးပါ။ ကွမ်းရွက် မီးကင် အရည်ညှစ် အုန်းဆီနဲ့ရော ငယ်ထိပ်လိမ်းပေးပါ။

**ဆရာရှင့်၊ တစ်ခုလောက် မေးချင်လို့ပါ။ သမီးမောင်လေး က အသက် ၂၃ နှစ်ပါ။ မျက်နှာမှာ ဝက်ခြံဖု ကြီးတွေ ထွက်ပြီး ခံတွင်းအနံ့လည်း မကောင်းပါ။ ဝမ်းလည်း ချုပ်ပါတယ်ရှင့်။ သူ့အတွက် သင့်တော်မယ့် ဆေးနည်း လေး ပေးပါဆရာ။**

ရှားစောင်းလက်ပပ် အနှစ်ကို ပျားရည်နဲ့ဖျော် ဝက်ခြံ ဖုမှာ လိမ်းအုံထားပြီး နာရီဝက်ကြာမှ မျက်နှာ သစ်ပါ။ ဝမ်းမှန်အောင် မန်ကျည်းမှည့်ဖျော်ရည်မှာ ဆားခါး တစ်ဇွန်း ထည့်ဖျော် ညအိပ်ရာဝင် ပုံမှန်သောက်ပါ။ အသားလျှော့စားပြီး အသီးအနှံ များများစားပါ။ ခံတွင်း နံ့ ကောင်းလာပါလိမ့်မယ်။

**ဆရာခင်ဗျာ၊ ကျွန်တော့် လက်မောင်းမှာ ဆိုင်ကယ်လဲ ရာမှ ပွန်းပြီး အနာကျက်တဲ့အခါ ခရုသင်းလို အဖြူကွက် လေးတွေ ထွက်လာပါတယ်။ တချို့ကလည်း သမင်ဖြူလို့ ပြောပါတယ်။ အနာမကျက်ခင် နနွင်းစားမိလို့လည်း ပြောပါတယ်။ ပျောက်နိုင်မယ့် ဆေးနည်းလေးတွေ ရှိရင် ညွှန်ပြပေးပါ ဆရာ။**

ကြိတ်မှန်ရွက် အရည်ညှစ် လိမ်းပေးပါ။ (တစ်နည်း) အုန်းမှုတ်ခွက်မီးရှို့ ထွက်လာတဲ့ အဆီကို လိမ်းပါ။ (တစ်နည်း) စန္ဒကူးနီ (ဒန္တကူးနီ) အခေါက်သွေးလိမ်းပါ။ ဖွားဖက်တော်ပင် အခေါက်သွေးလိမ်းပါ။ (သမင်ဖြူရက် အကုခက်၊ ဖွားဖက် ဒန္တကူးနီ) စိတ်ရှည်ရှည်ကုပါ။နှစ်ချီ လိမ်းရပါတယ်။

**ဆရာရှင့်၊ ကျွန်မသမီး အသက်က ၁၆ နှစ်ပါ။ သူငယ် ငယ်ကတည်းက အချဉ်၊ အစပ် မပါရင် ထမင်းမစား နိုင်ပါဘူး။ အခု အစပ်စားလွန်းပြီးတော့ ဗိုက်အောင့် အောင့် နေပါတယ်။ အချဉ်၊ အစပ်မပါရင်လည်း ထမင်း သိပ်မစားနိုင်လို့ ဘယ်လိုလုပ်ရမလဲရှင့်။ ပြောပြပေးပါ ဦးရှင့်။**

ထမင်းစားပြီးတိုင်း ထန်းလျက်ခဲ တစ်ခဲ၊ ဖီးကြမ်း ငှက်ပျောသီးမှည့် တစ်လုံးစားပေးပါ။ အချဉ်အစပ်စားပြီး ရင် အချိုနဲ့ ဖြေရပါတယ်။

**ဆရာ၊ ကျွန်တော်က ထိုင်းနိုင်ငံမှာ အလုပ်လုပ်တာပါ။ ညဆိုင်း အလုပ်လုပ်ပြီး နံနက် ၇ နာရီလောက်မှာ အစာစားသောက်ပြီး အိပ်ရပါတယ်။ အခု အိပ်မရတာ ငါးရက်လောက် ရှိပါပြီ။ အိပ်ပျော်ပြီး တစ်နာရီ လောက် ကြာရင် လက်ပြင်နှစ်ခုကြားက အောင့်လာပြီး နိုးလာပါ တယ်။ ညာဘက်လက်ပြင်က ပိုဆိုးပါတယ်။ အိပ်ရေး ပျက်တာ ကြာတော့ မခံစားနိုင်တော့လို့ပါ။ ဆေးနည်း လေး ကူညီပေးပါ ဆရာ။**

အလုပ်ချိန်များပြီး စားချိန်မမှန်ရင် အစာအိမ် ရောင်တတ်ပါတယ်။ အစာအိမ်မှာ လေပူရှိရင်လက် ပြင်မှာ အောင့်တတ်ပါတယ်။ အိပ်ရာဝင်၊ အိပ်ရာထ ပျားရည်တစ်ဇွန်း သောက်ပါ။ အစာအိမ် လေပူကျ အောင် ဖီးကြမ်းငှက်ပျောသီး မီးဖုတ်စားပါ။ ပူစပ်ချဉ် သော အစားအသောက်၊ ဘီယာ၊ အရက်တွေ ရှောင် ကြဉ်ပါ။ (ထိုင်းနိုင်ငံမှာ ဖီးကြမ်းငှက်ပျောသီး မရရင် သဘော်သီးမှည့် စားပေးပါ။ အစာအိမ်အတွက် ကောင်း ပါတယ်)

**ဆရာရှင့်၊ သမီးရာသီပေါ်တဲ့အခါ အလွန်နာကျင် ကိုက်ခဲပါတယ်။ အရင်က စလာတဲ့နေ့ပဲ နာတာပါ။ အခု ငါးရက်လုံး တအားနာနေပါတယ်။ ကူညီပေးပါ ဦးရှင့်။**

အအေးစာ မစားပါနဲ့။ ရာသီပေါ်တဲ့ အချိန်မှာ ရေခဲ ရေ၊ ရေခဲမုန့်၊ သခွားသီး၊ ခရမ်းသီးစတဲ့ အအေးစာ၊ လေစာတွေစားမိရင် ပိုနာတတ်ပါတယ်။ လေစိမ်းတိုက် ခံရင်၊ ခြေထောက်ရေစိုရင်လည်း သွေးကောင်းကောင်း မဆင်းဘဲ နာတတ်ပါတယ်။ ရေနွေး မတ်ခွက်တစ်လုံးမှာ ချင်းပါးပါး ခုနစ်လွှာ၊ ငရုတ်ကောင်း ကိုးစေ့၊ ထန်းလျက် ခဲ ခုနစ်ခဲ၊ ဆားလှော် အနည်းငယ် ထည့်ကျိုပြီး ပူပူလေး သောက်ပေးပါ။ သွေးဆင်းပြီး အကိုက်အခဲပျောက် သက်သာစေနိုင်ပါတယ်။

**ဆရာရှင့်၊ သမီးအမေရဲ့ တင်ပါးမှာ ဆေးထိုးရလွန်းလို့ မာပြီး အခဲဖြစ်နေလို့ ဘယ်လိုလုပ်ပေးရင် ပျောက်နိုင် မလဲ သိချင်လို့ပါရှင့်။**

မုန်ညင်းဆီ ငါးကျပ်သား၊ ငရုတ်ကောင်းဆီ တစ်ကျပ်သား ရောစပ်ပြီး အကျိတ်အခဲရှိတဲ့ နေရာမှာ လိမ်းပါ။ ဆားကို အဝတ်နဲ့ထုပ်ပြီး ရေနွေးငွေ့ခံ ကြပ် ထုပ်ထိုးပေးပါ။ အကျိတ် ကြေစေနိုင်ပါတယ်။ (ငရုတ် ကောင်းဆီ ဝယ်မရရင် မုန်ညင်းဆီထဲမှာ ငရုတ်ကောင်း စေ့ တစ်ကျပ်သားထည့်ပြီး ဆူအောင်ချက်လိုက်ရင်ရပါ တယ်)

**ဆရာ ကျွန်တော့်မှာ ခေါင်းတစ်ခြမ်းကိုက် ရောဂါရှိပါ တယ်။ ကိုက်တော့မယ်ဆိုရင် ဇက်ကြောတွေ တက်ပါ တယ်။ ဖြစ်တဲ့အချိန်က ညနေပိုင်း အဖြစ်များပါတယ်။ ပျောက်ကင်းနိုင်မယ့် ဆေးနည်းလေးတွေ ညွှန်ပြပေးပါ ဆရာ။**

ဇက်ကျီးပေါင်း စစ်ဆေးကြည့်ပါ။ ကိုက်တဲ့အချိန် နားထင်နှစ်ဖက်မှာ ချင်းပါးပါးလှီး ကပ်ပေးပါ။ ည နေက လေချိန်ဖြစ်တဲ့အတွက် လေစာတွေ ရှောင်ကြဉ်ပါ။ ရှောက်ရည်နဲ့ ပျားရည် စပ်သောက်ပါ။

**ဆရာရှင့်၊ နဖူးမှာ အဆီကျိတ်လေးတွေ ရှိပါတယ်။ တဖြည်းဖြည်းနဲ့ များလာပါတယ်။ ဘယ်လိုလုပ်ရ မလဲရှင့်။**

ဖီးကြမ်းငှက်ပျောသီး အခွံနဲ့ ပွတ်တိုက်ပေးပါ။ ရေ မချိုးခင် ပွတ်တိုက်ပေးပါ။ လက်ဖက်အသားနဲ့ ဆားခါး ရောနယ် အုံပေးပါ။ နာရီဝက်လောက် ထားပြီး မျက်နှာ သစ်ပါ။ ပျားရည်နဲ့ သံပရာရည် လိမ်းပေးပြီးမှ မျက်နှာ သစ်ရင်လည်း သက်သာနိုင်ပါတယ်။

**ဆရာရှင့်၊ သားသားက အသက် တစ်နှစ်ခုနစ်လ ရှိပါပြီ။ အခုချိန်ထိ သွားရည် တအားကျနေလို့ပါ။ ရင်ဘတ် အေးမှာစိုးလို့ အကျီခဏခဏ လဲပေးနေရပါတယ်။ သွားရည်မကျအောင် ဘယ်လိုလုပ်ပေးရမလဲရှင့်။**

တိုင်းရင်းဆေး အမှတ်(၄၇) သူငယ်နာ ခုနစ်ပါး ဆေးဝါလေးကို ကလေးလျှာမှာ တို့ပေးပါ။ တစ်နေ့ လေးကြိမ်တို့ပေးနိုင်ပါတယ်။ ရေချိုးပြီး သနပ်ခါးလိမ်းတဲ့ အခါတိုင်း သနပ်ခါးခွံ့ပေးရင်လည်း သူငယ်နာ သွား ရည်ကျ သက်သာနိုင်ပါတယ်။

**ဆရာ ကျွန်တော် ဝမ်းသွားရင် လိပ်ခေါင်းထွက်လို့ပါ။ ကျေးဇူးပြုပြီး ဆေးနည်းလေး ပြောပြပေးပါ ဆရာ။**

ပန်းလဲပွင့်ခြောက် (ပရဆေးဆိုင် မေးဝယ်ပါ။) ပြုတ် ရည် နေ့စဉ် မတ်ခွက်နဲ့တစ်လုံး သောက်ပါ။ ဆားခါးထုပ် ဝယ်၊ ရေအေးနဲ့ဖျော် အင်တုံအကြီးမှာထည့် ဖင်ထိုင်ပေး ရင် လိပ်ခေါင်းပြန်ဝင်နိုင်ပါတယ်။

# စံချိန်သစ်တင်လိုက်တဲ့ BTS



"BTS"ဟာ မကြာမီ တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ယင်းတေးအယ်လ်ဘမ်သစ်အတွက် ကြိုတင်မှာယူမှုတွေကို လက်ခံပေးခဲ့တာဖြစ်ပြီး လတ်တလောမှာတော့ ယင်းတေးအယ်လ်ဘမ်ဟာ ကြိုတင်မှာယူမှုအများဆုံး တေးအယ်လ်ဘမ် ဖြစ်လာခဲ့တာကြောင့် အဖွဲ့အနေနဲ့ စံချိန်သစ်တစ်ရပ်တင်ခဲ့ပြန်ပြီ ဖြစ်ပါတယ်။

ယခင်ကလည်း "BTS"ကပင် တေးအယ်လ်ဘမ် မထုတ်လွှင့်မီကြိုတင်မှာယူမှုအများဆုံး တေးအယ်လ်ဘမ်အဖြစ် မှတ်တမ်းတင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ ပိုမိုများပြားတဲ့ အရေအတွက်နဲ့ စံချိန်သစ်ပြောင်းလဲတင်ခဲ့တာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့်မေလအတွင်း စတင်ထုတ်လွှင့်သွားမယ့် "BTS"ရဲ့ တေးအယ်လ်ဘ်သစ် "Love Yourself: Tear"အတွက် ကြိုတင်မှာယူခဲ့တဲ့ တေးအယ်လ်ဘမ်အရေအတွက်ဟာ ပြီးခဲ့တဲ့ ဧပြီ ၂၄ ရက်အထိ ၁၄၄၉၂၈၇ ရှိခဲ့ပြီဖြစ်ပါတယ်။ ဒီအရေအတွက်ဟာ တောင်ကိုရီးယားတေးသံရှင်တွေရဲ့ ထုတ်လွှင့်ပြီးခဲ့သမျှသော တေးအယ်လ်ဘမ်တွေအနက် ကြိုတင်မှာယူမှုအများဆုံးဖြစ်ခဲ့တာပါ။ ဒါ့အပြင် အဆိုပါအရေအတွက်ဟာ တေးအယ်လ်ဘမ်သစ်အတွက် ဒေသတွင်း မှာယူမှုသာဖြစ်ပြီး နိုင်ငံတကာမှ မှာယူမှုတွေကို ထည့်သွင်းထားခြင်းမရှိသေးတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီစံချိန်ဟာ ယခင်က တေးဂီတအဖွဲ့ရဲ့ စံချိန်ဟောင်းကို ကျော်လွန်ခဲ့တာဖြစ်ပါတယ်။ ယခင်စံချိန်အရ "BTS" ရဲ့ မီနီတေးအယ်လ်ဘမ် "Love Yourself: Her" ဟာ ကြိုတင်မှာယူခဲ့တဲ့ တေးအယ်လ်ဘမ်အရေအတွက် ၁၀၅၁၅၄၆ ခန့်ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့တာပါ။

အဖွဲ့ဟာ တတိယမြောက်တေးအယ်လ်ဘမ်ဖြစ်တဲ့ "Love Yourself: Tear"ကို လာမယ့် မေ ၁၈ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ လာမယ့် မေ ၂၀ ရက်မှာ ပြုလုပ်သွားမယ့် အမေရိကန်တေးဂီတဆုပေးပွဲ တစ်ပွဲဖြစ်တဲ့ "Billboard Music Awards"ဆုပေးပွဲမှာ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းသစ်ကို ပထမဆုံးအကြိမ် ဖျော်ဖြေတင်ဆက်ပေးသွားမှာလည်း ဖြစ်ပါတယ်။ "BTS"ဟာ ယခုနှစ်ရဲ့ "Billboard Music Awards "ဆုပေးပွဲကြီးမှာ "Top Social Artist" ဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတာ ဖြစ်ပါတယ်။ အဆိုပါဆုအတွက် လျာထားခံခဲ့ရတာဟာ "BTS" အတွက်တော့ ဒုတိယအကြိမ်မြောက် ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်း ကျင်းပခဲ့တဲ့ အဆိုပါဆုပေးပွဲမှာလည်း "BTS"ဟာ "Top Social Artist"အတွက် လျာထားခံခဲ့ရပြီး ဆုပေးပွဲနေ့မှာလည်း ယင်းထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ဆုပေးပွဲမှာ "BTS"ဟာ ကမ္ဘာကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာ၊ ဆယ်လီနာဂိုမက်ဇ်၊ အရီရန်နာဂရန်းဒ်နဲ့ ဆွမ်မန်းဒပ်စ်တို့နဲ့ အပြိုင်ဆန်ခါတင်စာရင်းဝင်ခဲ့ရာမှ ထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၁၇ ရက်မှာ ပြုလုပ်ခဲ့တဲ့ တိုက်ရိုက်ထုတ်လွှင့်မှုအတွင်း ဘေဘုတ်က ယခုနှစ်ရဲ့ဆုပေးပွဲမှာလည်း "BTS" ဟာ "Top Social Artist"အတွက် ဆန်ခါတင်စာရင်းဝင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ အဆိုပါတေးဂီတအဖွဲ့နဲ့အပြိုင် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ တေးသံရှင်တွေကတော့ ဂျက်စတင်ဘီဘာ၊ အရီရန်နာဂရန်းဒ်၊ ဒေမီလိုဗားတိုးနဲ့ ဆွမ်မန်းဒပ်စ်တို့ ဖြစ်ကြပါတယ်။

# တစ်ကိုယ်တည်းသမား မိခင်တွေအတွက် ဝမ်သန်း ၂၀ ဆူဇီ လှူဒါန်း



တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဆူဇီဟာ လတ်တလောမှာတော့ တစ်ကိုယ်တည်းဘဝကို ရုန်းကန်နေကြရတဲ့ မိခင်တွေအတွက် ရည်ရွယ်ကာ ကိုရီးယားဝမ်သန်း ၂၀၀ (အမေရိကန်ဒေါ်လာ ၁၈၅၈၄)ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၂၃ ရက်မှာ ဆူဇီရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီ အန်တာတိန်းမန့်က ဆူဇီအနေနဲ့ ယခုလို လှူဒါန်းခဲ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း အတည်ပြုပေးခဲ့ပါတယ်။

ဆူဇီဟာ ဘဝကိုတစ်ကိုယ်တည်း ကြိုးစားရုန်းကန်နေရတဲ့ မိခင်တွေအတွက် ရည်ရွယ်လှူဒါန်းခဲ့တာဖြစ်ပြီး အလှူငွေတွေကိုတော့ တောင်ကိုရီးယားလက်မထပ်ရသေးတဲ့ မိခင်များ ထောက်ပံ့ရေးကွန်ရက်ရဲ့ အစီအစဉ်တစ်ခုမှာ သုံးစွဲသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီလိုလှူဒါန်းတာ ဆူဇီအတွက်တော့ ပထမဆုံးအကြိမ်မဟုတ်ပါဘူး။ သူဟာ ကလေးငယ်တွေ၊ ဝင်ငွေနည်းမိသားစုတွေ၊ အဖြစ်နည်းတဲ့ ရောဂါခံစားနေရတဲ့ လူနာတွေအတွက်လည်း လှူဒါန်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာတော့ ဆူဇီဟာ ဝမ်သန်း ၁၀၀ အထက် လှူဒါန်းခဲ့တဲ့ အလှူရှင်တစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်းလည်း သိရပါတယ်။



# နယ်လှည့်ဖျော်ဖြေပွဲတွေအတွက် အဆင်သင့်ဖြစ်နေတဲ့ တေလာဆွစ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့တေးအယ်လ်ဘမ် "Reputation" အတွက် ရည်ရွယ်ပြုလုပ်တဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေကို လာမယ့် မေလအတွင်း စတင်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ တေလာဆွစ်က သူ့ရဲ့ဖျော်ဖြေပွဲတွေအတွက် အစမ်းလေ့ကျင့်နေတဲ့ ဓာတ်ပုံနဲ့ ဖျော်ဖြေပွဲအစီအစဉ်တွေနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့ကာ နယ်လှည့်ဖျော်ဖြေပွဲတွေ စတင်ဖို့ရာ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၂၅ ရက်မှာတော့ တေလာဆွစ်က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖျော်ဖြေပွဲတွေအတွက် လေ့ကျင့်နေတဲ့ သူ့ရဲ့ဓာတ်ပုံနဲ့ ဖျော်ဖြေပွဲအပေါ် စိတ်လှုပ်ရှားနေမိကြောင်း ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဓာတ်ပုံကတော့ အဖြူ အမည်းပုံဖြစ်ပြီး ဓာတ်ပုံရဲ့ အောက်မှာတော့ ဖျော်ဖြေပွဲစတင်ဖို့ရာ ၁၃ ရက်သာလိုတော့ကြောင်း ထည့်သွင်းဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

တေလာဆွစ်ကိုယ်တိုင်က နယ်လှည့်ဖျော်ဖြေပွဲတွေ မပြုလုပ်ဖြစ်တာ အတော်ကြာပြီဖြစ်တာကြောင့် စိတ်လှုပ်ရှားနေမိပြီး ပရိသတ်တွေကလည်း တေလာရဲ့ဖျော်ဖြေပွဲဖို့ရာ စိတ်လှုပ်ရှားမိနေမှာအမှန်ပင်ဖြစ်ပါတယ်။ တေလာဆွစ်က ပရိသတ်တွေကို ဖျော်ဖြေပွဲနဲ့ပတ်သက်ပြီး အချက်အလက်တွေ နေ့စဉ်ဖော်ပြပေးမှာဖြစ်တာကြောင့် လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် သတင်းတွေကို နားစွင့်စေလိုကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

"Reputation"အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကိုတော့ လာမယ့် မေ ၈ ရက်မှာ စတင်သွားမှာဖြစ်ပြီး နိုဝင်ဘာလအထိ ကမ္ဘာတစ်လွှားမှာ ပြုလုပ်သွားမှာလည်း ဖြစ်ပါတယ်။ ယင်းဖျော်ဖြေပွဲတွေရဲ့ အဖွင့်မှာတော့ တေလာဆွစ်နဲ့အတူ နာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ကမ်မီလာကပ်ဘဲလို၊ ချာလီအက်ဇ်စီအက်ဇ်တို့လည်း ပါဝင်ဖျော်ဖြေပေးသွားမှာဖြစ်ကြောင်း အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

# ကင်ဆာရောဂါကုသမှုတွေခံယူအပြီး ပထမဆုံးအကြိမ် တွေ့မြင်ခဲ့ရတဲ့ ကမ်ဝူဘင်း

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ကမ်ဝူဘင်းရဲ့ ဓာတ်ပုံတွေနဲ့ ဗီဒီယိုဖိုင်တစ်ခုဟာ အွန်လိုင်းမီဒီယာပေါ်မှာ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံတွေမှာ ဝူဘင်းဟာ အလွန်ကို ပိန်သွားခဲ့တာကို တွေ့ရပြီး ပရိသတ်တွေကတော့ သူ့ကို ပန်းစည်းတွေ၊ လက်ဆောင်တွေနဲ့ ကြိုဆိုခဲ့တာ တွေ့ရပါတယ်။ ဒီလိုဓာတ်ပုံတွေ ပေါ်ထွက်လာခဲ့ခြင်းဟာ ကမ်ဝူဘင်းအနေနဲ့ ကင်ဆာရောဂါကုသမှုခံယူနေရကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်နိုင်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။


ကမ်ဝူဘင်းရဲ့ လတ်တလောပေါ်ထွက်လာခဲ့တဲ့ ဓာတ်ပုံတွေဟာ အွန်လိုင်းမီဒီယာပေါ်မှာ ပျံ့နှံ့နေပြီး ယင်းဓာတ်ပုံတွေမှာတော့ ကမ်ဟာ အတော်လေးပိန်နေပါတယ်။ ပရိသတ်တွေကတော့ သူ့ကို လက်ဆောင်တွေနဲ့အတူ နှုတ်ဆက်ခဲ့ကြပြီး ယင်းပုံတွေအရ ကမ်ဝူဘင်းဟာ လေဆိပ်တစ်ခုမှာ ရောက်ရှိနေတာဖြစ်နိုင်ကြောင်း တွေ့ရပါတယ်။ အချို့သော ဓာတ်ပုံတွေမှာတော့ ကမ်ဟာ ဖြူဖပ်ဖြူရော်နဲ့ ဖြစ်နေပေမယ့် ပရိသတ်တွေကို ပြန်လည်ပြုံးပြကာ လက်ပြနှုတ်ဆက်နေတာကိုလည်း တွေ့ရပါတယ်။

စုံစမ်းမှုတွေပြုခဲ့ပြီးနောက်မှာတော့ ယင်းဓာတ်ပုံတွေဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းမှာ ရိုက်ကူးထားတဲ့ ပုံရိပ်တွေဖြစ်ကြောင်း သိရပါတယ်။ ကမ်ဝူဘင်းဟာ ပြီးခဲ့တဲ့ မေလအတွင်း ကင်ဆာကုသမှုတွေကို စတင်ခံယူခဲ့တာ ဖြစ်တာကြောင့် ယင်းဓာတ်ပုံတွေဟာ ကုသမှုခံယူအပြီး ပထမဆုံးအကြိမ် မြင်တွေ့ခွင့်ရခဲ့တဲ့ ကမ်ဝူဘင်းရဲ့ ဓာတ်ပုံတွေလည်း ဖြစ်ပါတယ်။



လတ်တလောမှာ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဝူဘင်းက ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာ ရောဂါကုသမှုအခြေအနေနဲ့ပတ်သက်ပြီး ပရိသတ်ကို လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် အသိပေးခဲ့ပါတယ်။ ကမ်ဟာ ပရိသတ်တွေအတွက် စာရှည်ကြီးတစ်စောင်ကို ရေးသားဖော်ပြခဲ့ပြီး ယင်းစာမှာတော့ သူ့ရဲ့ရောဂါအခြေအနေ သက်သာလာပြီဖြစ်ကြောင်းနဲ့ ပရိသတ်တွေရဲ့ ဆုတောင်းစကားတွေအတွက် ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

**အေးပြည့် ရေးသားသည်**


mazda
ENJOY THE ROAD WITH ALL NEW MAZDA CX-3
MAZDA CX-3
US$ 49,999 (YGN LICENSE)
FREE ACCESSORY FOR LAUNCH PROMOTION
RAIN GUARD
MUD GUARD
ONE YEAR PAINT PROTECTION
BLACK BOX
5 TIMES FREE CAR SERVICE
8 UNITS ONLY
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon - No. 96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay - No. 10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
Made In JAPAN
3 YEARS MAZDA WARRANTY

## ရွှေရတုမင်္ဂလာ အနှစ်(၅၀)ပြည့်ဆုတောင်း(၁၉၆၈ - ၂၀၁၈)
## GOLDEN JUBILEE (50) YEARS WEDDING ANNIVERSARY (1968-2018)

ရွှေရတုမင်္ဂလာ အနှစ်(၅၀)ပြည့်သည့် ၂၈-၄-၂၀၁၈ရက်(စနေနေ့)သည် ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သော ရဲမှူးကြီး MICHAELလှမြင့်(ငြိမ်း)(M.D Myanmar Chefs Arts)နှင့် ဒေါ်PRIMROSEတင်တင်မြင့်(လ/ထညွှန်ကြားရေးမှူး-ငြိမ်း၊ နယ်စပ်ကုန်သွယ်ရေး) (M.D Angel Travels & Tours)တို့သည် ချစ်သောသားသမီး၊ မြေးများကို ယနေ့တိုင် မိဘ/ဘိုးဘွားမေတ္တာပြည့်ဝစွာဖြင့် မွန်မြတ်တဲ့အတတ်ပညာများကို သင်ကြားသွန်သင်ဆုံးမပြီး မိသားစုများနှင့် ကျန်းမာပျော်ရွှင်စွာ အတူတကွ နေထိုင်လျက်ရှိ၍ နောင်လာမည့် စိန်ရတုမင်္ဂလာ(DIAMOMD JUBILEE) နှင့် နှစ်ပေါင်းများစွာတိုင်အောင် သားသမီး၊ မြေး၊ မြစ်မိသားစုများနှင့် ဆက်လက်နေထိုင်၍ သက်ရှည်ကျန်းမာစိတ်ချမ်းသာပြီး လူမျိုး၊ ဘာသာ၊ သာသနာ လူမှုကောင်းကျိုးများ ပို၍ပို၍ ထမ်းဆောင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းမေတ္တာ ပို့သလျက်-

**ချစ်သားသမီးများ**
- **ဒေါ်ခင်ခက်ခက်ခိုင်**
- **(Director Angel Travels & Tours)**
- **(Director Myanmar Chefs Arts)**
- **ဒေါ်နှင်းနုနုနိုင်၊ တေးသံရှင်(လေထီးစစ်သမီး)**
- **ဒုတိယဗိုလ်မှူးကြီး နေလင်း**
- **ဗိုလ်ကြီးမင်းခိုင်(ငြိမ်း) (747,အထည်ချုပ်လုပ်ငန်း) (River Ayeyarwaddy Art Gallery)ရန်ကုန်**

**ချစ်မြေးလေးများ**
- **ဖူးဖူး၊ ကိုရဲလွင်အောင်၊ ကိုသု၊ ကိုလင်းခန့်၊ ဂျူးဖူး၊ တာကားချို၊ နောင့်နောင့်။**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆေးဝါးလုပ်ငန်း ကြီးကြပ်မှုအတွင်းရှိ ဆေးဝါးစက်ရုံ(အင်းစိန်)၏ စက်နှင့်စက်ပစ္စည်းဝယ်ယူခြင်းလုပ်ငန်း(၂)မျိုးကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| | |
|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန် | - ၂၇-၄-၂၀၁၈၊ (၉း၃၀)နာရီ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - ၂၅-၅-၂၀၁၈၊ (၁၆း၀၀)နာရီ |
| Web site | - www.industry.gov.mm |
| တင်ဒါပေးသွင်းရမည့်နေရာ | - ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက အောက်ပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)စီမံရေးဌာန**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်းအမှတ်-၀၆၇-၄၀၈၂၇၅၊ ၄၀၈၁၉၅**


## အထက မာန်အောင် နဝမအကြိမ်
## မြတ်ဆရာပူဇော်ပွဲကျင်းပမည်

အထက မာန်အောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မာန်အောင်မြို့ အထကအောင်ဇေယျာခန်းမ၌ ၁၇-၄-၂၀၁၈ရက်တွင် ပြုလုပ်ခဲ့သော နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲသို့ မတက်ရောက်နိုင်သော ဆရာကြီး၊ ဆရာမကြီးများကို ရန်ကုန်မြို့ ရွှေတိဂုံစေတီအရှေ့ဘက်မုခ်အနီး ရခိုင်ပြည်နယ်ဓမ္မာရုံတွင် မေလ ၁ရက် (အလုပ်သမား)နေ့ (အင်္ဂါနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အထက မာန်အောင်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစားနှင့် အသက်(၆၀)ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အောက်ပါကျောင်းသား၊ ကျောင်းသူဟောင်းများထံသို့ဆက်သွယ်၍ ပူဇော်ခံတက်ရောက်ပေးကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက အလှူငွေများကို ဦးဘိုးတင်နု (၀၉-၅၁၇၀၉၀၃)၊ ကိုစည်သူကျော် (၀၉-၇၉၃၈၉၅၁၃၆)၊ ကိုအေးကိုသက် (၀၉-၄၂၁၇၄၈၃၄၈)၊ ကိုဝင်းနိုင် (၀၉-၇၆၄၆၅၆၅၃၆)နှင့် KBZ Bank Acc 319- 30231900039801သို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

23
မဆလာ
အတွက် ပြည့်စုံစွာရနိုင်ပါသည်။

တရုတ်
ENGLISH
Conversation Practice
Sayar Yang
Great Wall
TAMWE - 540714, 09 5183636
09 420230133

ရာဇာ
ဦးဒေနည်းပြ
ပထမနှစ်(ဥပဒေ)အဝေးသင်
ဒု၊ တ၊ စ၊ ပဉ္စမ သင်တန်းများ
J.O, L.O ပုံမှန်သင်တန်းများ
ဖွင့်ပြီ
ဆရာဦးစိုးမြင့် 09-73235553,09-443235553




**အမည်မှန်**

မြိတ်မြို့၊ ကန်ကြီးနယ်မြေ၊ ကွက်သစ်ရပ်၊ Eလမ်းနေ ဦးဟန်စိုး(ခ)ဆွာဟန်စိုး၏ သားဖြစ်သူ ဦးလွင်စိုး(ခ) ဦးတိုးလွင်၏ အမည်မှန်မှာ ဦးတိုးလွင် [၆/မအရ(နိုင်)၁၀၈၁၅၃] ဖြစ်ပါကြောင်း။ **ဦးတိုးလွင်**

**Restaurant Bar and KTV**
နေရာကောင်းပစ္စည်းစုံ
အမြန်ငှားမည်
မင်္ဂလာဒုံမြို့နယ်
**Ph-09-5199939**

(3700)
PH:09 77 51 450 70

**ငွေနှမ်းတော်**
09 - 45555 9285
09 - 45555 9286
09 - 45555 9287

- Dimsum






နှပျိုလှပခြင်းတို့ရဲ့နောက်ကွယ်
ရိုဗိုက်တယ် ရှိင်ရယ်

**REVITAL® Royale**

GINSENG · MINERALS · VITAMINS · Lecithin · Royal Jelly · Co Q10 · SELENIUM

SUN

---

ဉာဏ်ဖြည့်ဝ၊ နှလုံးလှ၊ ရင့်ကျက်စွာ…

# DHS

ဒဂုံကိုယ်ပိုင်အထက်တန်းကျောင်းနှင့်ထူးချွန်ဘော်ဒါ
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက်ကျောင်းအပ်လက်ခံပြီ။

အလွတ်ကျက်ပညာရေးမှ…တွေးခေါ်ဖန်တီးစွမ်းဆောင်မြင့်မားလူစွမ်းအားအဖြစ်သို့…
- English Basic Grammar ကိုပိုင်နိုင်စွာသင်ကြားပေးမည့်အပြင် English Four Skills အား "Native Speaker" များနှင့် တွဲဘက်၍ လေ့ကျင့်ပေးခြင်း
- Computer, Art, Music

တန်းခွဲများအားလုံးကို မေ(၃)ရက်တွင် စတင်သင်ကြားမည်။

PHONE: 09-731 21 329, 09-798 183761, 09-767950830

---

**ရောင်ခြည်ထိန်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10', 14', 15' ကားများဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

---

# အထွေထွေ ရောဂါစစ်ဆေးခြင်း

**General Screening Packages**
GS 01 & 02 စစ်ဆေးခြင်းဖြင့်
ရောဂါများကို
ကြိုတင်ရှာဖွေ ကာကွယ်ကုသနိုင်ပါပြီ။

Free အမျိုးသားများတွင် ဆီးကျိတ်ကင်ဆာ ရှိ/မရှိ စစ်ဆေးပေးခြင်း (PSA)
အမျိုးသမီးများတွင် သားအိမ်ခေါင်းကင်ဆာ ရှိ/မရှိ စစ်ဆေးပေးခြင်း (Pap Smear)

- ဆီးချိုရောဂါ၊ သွေးချိုရောဂါများ
- သွေးအားနည်းရောဂါ၊ သွေးဖြတ်ရောဂါများ
- သွေး ပိုးလေးဖက်နှင့် အဆစ်ရောင်ရောဂါ (Gout) ရောဂါများ
- TB ရောဂါ အဖြားအဆုတ်နှင့် ပတ်သက်သော ရောဂါများ
- နှလုံးသွေးကြောကျဉ်းရောဂါနှင့် နှလုံးလုပ်ဆောင်မှု အခြေအနေများ
- အသည်းအသီးရောင်ရောဂါများ
- ကျောက်ကပ်နှင့် သည်းခြေအိတ်ကျောက်တည်ခြင်းများ
- အမျိုးသားများတွင် ဆီးကျိတ်ရောဂါ
- အမျိုးသမီးများတွင် သားအိမ်နှင့် သားဥအိမ်အလုံးအကျိတ်များ ကိုယ်ဝန်သခွေ့သား ရှိ/မရှိ စစ်ဆေးခြင်းများ

KEMBANGAN UHC HOSPITAL
(ကမ်ဘန်ဂန်-ယူအိတ်ချ်စီ)
Kembangan Group of Medical Centres · Kembangan-thuwunna
Ph: 09 772 458 611 , 09 795 899 634

---

**N-WINNER Co.,Ltd**
ထိမ်၊ ဖြိုး၊ ဝေမြ မှ "ရောင်းမည်/ငှားမည်"
Ph:09450073838, 09783233356-57, 09254418033

| | | | | |
|---|---|---|---|---|
| ၁။ အင်းယားမြိုင်လမ်း(ဗဟန်း) | (1 ဧက) | | | 1' 2.8 L |
| ၂။ ပြည်လမ်းမ(ဂုဒိ) | (0.437ဧက) | | | 1' 1.5 L |
| ၃။ ဧဓိုင်လမ်းရှိမီ | (100'x100') | | 1RC | 20000 L |
| ၄။ သုမင်္ဂလာအိမ်ရာ(သဃက) | (41'x114') | | 2RC | 7000 L |
| ၅။ ကျောက်တံတား(ရက) | (30'x1000') | | 2RC | 6500 L |
| ၆။ ပြည်လမ်းမ(စမ်း) | (40'x50') | | 3RC | 5900 L |
| ၇။ Golden View Condo | (2400sqft) | 2M,2B | | 3300L |
| ၈။ River View Condo | (1960sqft) | 2M,1B | | 3300L |
| ၉။ ပါရမီလမ်းမ(မရက) | (100'x100') | 3M,1B | 2RC | $ 5000 |
| ၁၀။ VIP- II (သုဝဏ္ဏ) | (54'x70') | 3M,1B | 3RC | 25 L |
| ၁၁။ Golden City Condo | (1650sqft) | 1M,2B | | $ 2500 |
| ၁၂။ ပါရမီ Condo(သဃက) | (900sqft) | 1M,1B,F.F | | $ 1050 |

---

# ဆက်သွယ်နိုင်ပါသည်

ဗဟန်းမြို့နယ်အတွင်း၊ မဟာစည်သာသနာ့ရိပ်သာလမ်းထဲတွင် (ပေ၁၂၀ × ပေ၁၀၀) ရှိသော မြေကွက်အား ဝယ်ယူလိုခြင်း၊ ငှားရမ်းလိုခြင်း၊ အကျိုးတူပူးပေါင်းဆောက်လုပ်ခြင်း များကို ပြုလုပ်လိုပါကအောက်ပါဖုန်းနံပါတ်များကိုဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။
Ph; 09-777732959, 09-798112330, 09-767097870

---

**ထိပ်တန်း**
ဦးနှင်းဦး(ထားဝယ်)
အခြေခံစက်ပြင်ယာဉ်မောင်းသင်တန်း
(၁) ၀၉-၄၄၃၀၆၆၄၂၂၇
(၂) ၀၉-၂၈၂၁၅၁၀၄၅၇
(၃) ၀၉-၇၆၂၄၄၂၀၇၃

---

Living Yangon အိမ်ခြံမြေအကျိုးဆောင်မှ နိုင်ငံခြားသားများနှင့် သံရုံးဝန်ထမ်းများအတွက် အဆင့်မြင့်ကွန်ဒို၊ တိုက်ခန်း၊ လုံးချင်းများ အမြန်ငှားရမ်းလိုပါသည်။ ပိုင်ရှင်များကိုယ်တိုင် တိုက်ရိုက်ဆက်သွယ် အပ်နှံနိုင်ပါသည်။
Ph:09-5071087, 09-425282282

---

# အိမ်နှင့်ခြံအမြန်ရောင်းမည်

ကမ္ဘာအေးဘုရားလမ်း၊ ကုက္ကိုင်းအနီး၊ ဆရာစံရပ်ကွက်၊ ဗဟန်း၊ ပေ(၇၀×၁၁၀)။
ဖုန်း-၀၉-၄၀၁၀၃၄၅၈၅၊ ၀၉-၄၀၃၂၅၇၃၃၅

---

KN Tech Engineering Group
Air-Con
Ph: 09-400788135
09-762276128

---

# စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် စတီးဘလိပ်တားသွားဆုံးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

---

# ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၁၄၁၅)၊ ဧရိယာ(၀. ၀၈၂)ဧကရှိ ဦးကျော်မင်းထိုက် အမည်ပေါက် ပါမစ်မြေအား ဒေါ်မိဖြူစင် ငွေသော်(ဘ)ဦးငွေသော်[၁၂/ရကန(နိုင်)၀၂၅၇၇၂]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဘက်သဘောတူ ကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

# BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ပုဇွန်တောင်ဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဥယျာဉ်လမ်း။
Ph: 09-5425251, 09-73225484
အရောင်းခန်းမ(၃) - အမှတ်(၂၄၀)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရှေ့ဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663

---

**EMPS GROUP OF SCHOOLS**

EMPS Group of Schools တွင်တာဝန်ထမ်းဆောင်ရန်
အောက်ပါဝန်ထမ်းများ အလိုရှိပါသည်-

**Preschool Teachers**
- Any Graduate (ECCD Preferable)
- Proficient in written and spoken English
- Good classroom management skills and knowledge in educational development
- Experience in teaching international curriculum

**Assistant Teachers**
- အသက် (၃၀)အောက် ဘွဲ့ရဖြစ်ရမည်။
- English 4 Skills တွင်ကျွမ်းကျင်၍ International သင်ရိုးသင်ကြားမှုအတွေ့အကြုံရှိသူဦးစားပေးမည်။


**Trainee Teachers**
- အသက် (၃၀)အောက် ဘွဲ့ရဖြစ်ရမည်။
- လိုအပ်ပါက EMPS ကျောင်းခွဲများ၌ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

EMPS Inya Myaing
EMPS Padomar
EMPS Yadanar




# စောဝေ
## ဝုန်းနေတဲ့လက်ထိပ် လန်းနေတဲ့သေနတ်များ

စာပဒေသာ



"ထွက်ပြီ"

ဖြန့်ချိရေး -
7777 စာပေ၊ ၃၈ လမ်းဈေးရုံ၊
၃၈ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - 09 777713317, 09250265925

29 - 4 - 2018 တနင်္ဂနွေနေ့ (၂း၀၀) မှ (၅း၀၀)အထိ
Yangon Book Plaza တွင် စာအုပ်မိတ်ဆက်ပွဲ ကျင်းပါမည်။
ဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ) ၏
Performance လက်ဆောင်နှင့်အတူ
မိတ်ဆက်စကားများကို ဆရာမ မအိ
ဆရာ မြင့်မောင်ကျော် တို့မှ ပြောကြား၍
Bookaholics ၊ လင်း၀ေ ၊ စိမ်းရိပ် ၊ ဝန်းရံ၀ နှင့် စောဝေ
တို့က ရေးသူ ဖတ်သူ ဆွေးနွေးပွဲကျင်းပမည်ဖြစ်ပြီး
တက်ရောက်လာကြသူများအား
၃၅၀၀ ကျပ်တန် စာအုပ်ကို ၂၀၀၀ ကျပ်ဖြင့်
ရောင်းချပေးမည်ဖြစ်ပါသည်။

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

[illegible]

( ခိုင်ခိုင်သန်း )
ထွက်ကြို့နယ်တရားသူကြီး(၁)
အင်းစိန်မြို့နယ်တရားရုံး

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၇)လမ်း၊ အမှတ်(၁၇၆)၊ (ပထမထပ်) ရှိ တိုက်ခန်း၏ နေထိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်ဝင်း(ခ)လင်(မ်)ကျုံဝမ် [၂/ဒဂန(နိုင်)၀၂၆၂၃၂] (အဖ) ဦးလင်(မ်)အိန်ချွမ် တစ်ဦးတည်းကသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပြီး ယခုအခါ ပိုင်ရှင်ဖြစ်သူ ဦးတင်ဝင်း(ခ)လင်(မ်)ကျုံဝမ်ကိုယ်တိုင် အဆိုပါတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသဖြင့် သက်ဆိုင်သည်ဟုအဆိုရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထက်အောင်မင်း**
**အထက်တန်းရှေ့နေ (စဉ်-၄၆၄၄၉)**
**အမှတ်(၂၅၉)၊ ကျောက်စိမ်း(၂)လမ်း၊ ပတ္တမြားမြို့သစ်၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/ရွှေချီရပ်၊ ဦးပိုင်အမှတ်(၄၆ᄀ)၊ ဧရိယာ(၀. ၀၆၁)ဧကရှိ ဦးမြဒင်(ပါ)၂-ဦးအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကျော်သန်း(ဘ)ဦးမြဒင်[၉/ပမန(နိုင်)၀၂၀၁၇၉](ပါ) ၉-ဦးနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဦးကျော်ဆန်းလှိုင်(ဘ) ဦးထွန်းအေး[၉/ပမန(နိုင်)၀၁၈၉၃၄]နှင့် ဒေါ်အေးချမ်းငြိမ်း(ဘ) ဦးကျော်သန်း[၉/ပမန(နိုင်)၁၆၂၀၉၉]တို့မှ ပျဉ်းမနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲ စာအမှတ်(၅၈/၂၀၁၈၊ ၅၉/၂၀၁၈)၊ ကျမ်းကိုန်လွှာမှတ်ပုံတင်အမှတ်(၄၂/၂၀၁၈)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်မူရင်းများတင်ပြ၍ မြေပုံ/မြေရာဇဝင်လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍(၁၅)ရက် အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

[illegible]

## ညှိနှိုင်းဈေးဖြင့် ဦးရာလူရောင်မည်

ကျောက်မြောင်း မေဏ္ဍကလမ်း 6f,(၁၃×၆၀)ပေ ၂ယောက်ခန်း ၁ ခန်း ကိုးရီးယား ပါကေးခင်း၊ နောက်ဖေးမီးဖိုချောင် ကြွေပြားခင်းကပ် အထူးပြင်ဆင်ပြီး BCC ကျပြီး ၂၆၀ သိန်း

**ဖုန်း-၀၉-၉၆၃၁၈၄၅၆၀**
**ဖုန်း-၀၉-၇၆၅၀၇၁၃၆၆**

### FACEBOOK Account Zaw Myint Shwe နှင့် အများသိစေရန် ကြေညာခြင်း

[illegible]

### ဦးဖေမင်းနှင့် ဦးအုန်းကျော်တို့ (၂၀-၄-၂၀၁၈) နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ-၂၈ ပါ ကန့်ကွက်ကြောင်း ဦးလှမြင့်နှင့် အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်အသိပေးကြေညာခြင်း

[illegible]

### "ကန့်ကွက်နိုင်ပါသည်"

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

[illegible]

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၇**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဦးခင်မောင်ချိုနှင့် ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱




# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ကျင်းပသော (၉)ကြိမ်မြောက် လုံခြုံရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၏ အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်



**နေပြည်တော် ဧပြီ ၂၇**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုးနှင့် အဖွဲ့ဝင်များပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ ဧပြီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပသည့် (၉)ကြိမ်မြောက် လုံခြုံရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ **(ဝဲပုံ)**

အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲ၌ နိုင်ငံတကာတွင်ဖြစ်ပွားနေသော မတည်ငြိမ်မှုများအား ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်း၊ နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းများ၏ ပြောင်းလဲလာသော နည်းဗျူဟာများအပေါ် ပြန်လည်တုံ့ပြန်နိုင်ရေးဆွေးနွေးကြခြင်း၊ သတင်းအချက်အလက်လုံခြုံမှုဆိုင်ရာ စိန်ခေါ်မှုများအား ဆွေးနွေးကြခြင်းနှင့် နိုင်ငံတကာတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများ တိုက်ဖျက်ရေးတို့ကိုဆွေးနွေးခဲ့ကြသည့်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ကို မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရုရှားနိုင်ငံ ဗဟိုလုံခြုံရေးဌာန ဒုတိယအကြီးအကဲတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၉)ကြိမ်မြောက်လုံခြုံရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၏ အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲကို ဧပြီ ၂၆ ရက်အထိ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၂၈၊ ၂၀၁၈ (စနေနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# ပြည်သူ့ လူမှုစီးပွား ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးခဲ့သည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာ

● မဟာန်နီ

**နိုင်ငံတော်မှ ချမှတ်ထားသောစီးပွားရေးမူဝါဒများနှင့်အညီ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝများ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရေးပြည်သူ့အတွက် ဒုတိယတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့ပါသည်။**


ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း

ထိုသို့ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် စက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားနှင့် လမ်းများတိုးတက်ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်မှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### ဒေသဖွံ့ဖြိုးရေး

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ၌ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက "စီးပွားရေးနဲ့ပတ်သက်လို့ နိုင်ငံတော်ကနေ မူဝါဒတွေ ချမှတ်ဆောင်ရွက်နေတာတွေရှိပါတယ်၊ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာလည်း လယ်ယာကဏ္ဍတွေ၊ စက်မှုလက်မှုအသေးစားလုပ်ငန်းတွေ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေပါတယ်၊ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီးတော့ ပူးပေါင်းဆောင်ရွက်နေတာလည်း ရှိပါတယ်၊ နှစ်နှစ်တာကာလအတွင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ တရားဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်"ဟု ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူများအတွက် လမ်း၊ တံတားများကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက်ရှိပြီး ပဲခူး-သနပ်ပင်လမ်းမကြီး အကြီးစား ပြင်ဆင်မှုကို ပြီးခဲ့သည့် နှစ်နှစ်တာအတွင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

### တည်ဆောက်ဆဲတံတားများ

ပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် ရွှေကျင်ချောင်းတံတားကို စတင်တည်ဆောက်နေပြီး လာမည့် ၂၀၁၉ ခုနှစ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကာ တည်ဆောက်ဆဲတံတားများလည်းရှိကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

"လမ်းတံတားနဲ့ ပတ်သက်လို့ ပဲခူး-သနပ်ပင်လမ်းမကြီးကို အကြီးစားပြင်ဆင်မှုတွေ လုပ်ဆောင်ပြီးသွားပါပြီ၊ အဲဒီအတွက် ပြည်သူတွေ စိတ်ချမ်းသာမယ်လို့မျှော်လင့်မိပါတယ်၊ တံတားနဲ့ပတ်သက်လို့ ရွှေကျင်ချောင်းတံတားကို စတင်တည်ဆောက်နေပြီး လာမယ့် ၂၀၁၉ ခုနှစ်မှာ ဖွင့်လှစ်မှာဖြစ်ပါတယ်၊ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ စစ်တောင်းမြစ်ကူးတံတားကြီးတစ်စင်း တည်ဆောက်နေတာရှိသလို ကျန်တဲ့တည်ဆောက်ဆဲတံတားတွေလည်း ရှိပါတယ်"ဟု ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြောကြားသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးစိုးမင်းက "အဓိကလမ်းပန်းဆက်သွယ်ရေး တိုးတက်လာတာကို တွေ့ရပါတယ်၊ ပဲခူး-သနပ်ပင်လမ်းနဲ့ ပဲခူးမြို့တွင်းလမ်းတွေမှာ ချဲ့ထွင်ပြုပြင်နေတာကို တွေ့ရတာ အားရစရာကောင်းတယ်၊ ကျွန်တော်တို့ကျေးရွာမှာ အရင်က လမ်းတွေ ဆိုးပါတယ်၊ မိုးတွင်းအချိန် ဗွက်ထဲ ရေထဲသွားခဲ့ရပြီး အခု အစိုးရလက်ထက်မှာ ကွန်ကရစ်လမ်းတွေခင်းပေးတော့ အများကြီး အဆင်ပြေတယ်၊ လမ်းပန်းဆက်သွယ်ရေးကောင်းလာတော့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးပါ တိုးတက်ကောင်းမွန်လာပါတယ်"ဟု ပြောသည်။

အလားတူ ကလိုင်းကျေးရွာမှ ဒေသခံ ဦးထွန်းမြင့်ကလည်း "ကျွန်တော်တို့ဆီမှာ အရင်က ရေလမ်းကို အားကိုးပြီးသွားလာနေကြရတယ်၊ လမ်းတွေ၊ တံတားတွေ အခုအစိုးရက ဆောက်ပေးပြီဆိုတော့ ကျွန်တော်တို့ ပြည်သူလူထုအနေနဲ့ အတိုင်းမသိ ဝမ်းသာတယ်၊ အရင်က သစ်သားတံတားတွေကို အခုကွန်ကရစ်အဆင့် တိုးမြှင့်ပြီးတော့ ဆောက်လုပ်ပေးတဲ့အတွက် အင်မတန်ကျေနပ်စရာကောင်းပါတယ်၊ ကျေးလက်ဒေသတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေတဲ့အတွက် ပြည်သူလူထုကိုယ်စား အများကြီး ဝမ်းသာပါတယ်"ဟု ပြောကြားသည်။

### အားလုံးဝမ်းသာ

"အရင်တုန်းက လမ်းတွေက မြေသားလမ်းပဲဆိုတော့ သွားလာရေးအတွက် အခက်အခဲ ရှိတယ်၊ နောက်ကွန်ကရစ်လမ်းကျလာတော့ ကျွန်တော်တို့အားလုံး ဝမ်းသာကြတယ်၊ ကွန်ကရစ်လမ်းခင်းတာနဲ့ ပတ်သက်ပြီး အထက်အရာရှိတွေက ကျွန်တော်တို့ကို ခုနစ်လက်မ ၁၀ ပေဆိုပြီး စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ခိုင်းပါတယ်၊ နိုင်ငံတော်ကနေပြီးတော့ အရည်အသွေးမီအောင် ငွေကုန်ခံပေးမယ့် ကုမ္ပဏီပိုင်းဆိုင်ရာ ပြည့်ဝမှု ရှိ၊ မရှိ သုံးသပ်စစ်ဆေးပေးဖို့လိုမယ်လို့ ကျွန်တော်ထင်တယ်"ဟု လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် ပါဝင်သည့် လမ်းကြီးကြပ်ရေးခေါင်းဆောင် ဦးပြည့်ဖြိုးအောင်က အကြံပြုပြောကြားသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လမ်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်အနေဖြင့် ကွန်ကရစ်လမ်း ၂၇ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၁၀၃ မိုင် ၂ ဖာလုံ၊ ကျေးလက်လမ်းများဖြစ်သော မြေသား၊ ကျောက်ချော ၂၆၈ မိုင် ၄ ဖာလုံ၊ တံတားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်အနေဖြင့် ကွန်ကရစ်တံတား ၅၉၅ စင်း၊ သစ်သားတံတား ၄၁ စင်း၊ ရေပြွန်တံတား ၅၄ စင်းတို့အား

အထူးကဏ္ဍ [ ခ ] သို့ »»



တောင်ငူမြို့၌ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ တက်ရောက်လာသူများ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။

> ပဲခူးတိုင်း ဒေသကြီးအတွင်း စည်ပင်သာယာရေးနဲ့ပတ်သက်ပြီး လက်ရှိရရှိတဲ့ ဘတ်ဂျက်တွေကို စနစ်တကျ သုံးစွဲလာနိုင်တဲ့အတွက် မြို့တိုင်း မြို့တိုင်းမှာ အမှိုက်သိမ်းတဲ့ယာဉ်တွေကို ပိုမို ဖြန့်ဝေပေးလာနိုင်တယ်၊ ရေစီးရေလာ ကောင်းအောင် စက်ယန္တရားတွေနဲ့ ဆောင်ရွက်နိုင်ခဲ့တယ်၊ အမှိုက်ချေဖျက်စက်ကိုလည်း ပဲခူးမြို့မှာ စတင်သုံးစွဲနေပါပြီ



ပဲခူးမြို့၌ သံဃာအပါး ၁၈၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

တည်ဆောက်ပေးနိုင်ခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်ရေး အဆင်ပြေစေရန် တိုက်ခန်း ၅၀၅ ခန်းကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"ပဲခူးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးနဲ့ပတ်သက်ပြီး လက်ရှိရရှိတဲ့ ဘတ်ဂျက်တွေကို စနစ်တကျ သုံးစွဲလာနိုင်တဲ့အတွက် မြို့တိုင်း မြို့တိုင်းမှာ အမှိုက်သိမ်းတဲ့ယာဉ်တွေကို ပိုမိုဖြန့်ဝေပေးလာနိုင်တယ်၊ ရေစီးရေလာကောင်းအောင် စက်ယန္တရားတွေနဲ့ ဆောင်ရွက်နိုင်ခဲ့တယ်၊ အမှိုက်ချေဖျက်စက်ကိုလည်း ပဲခူးမြို့မှာ စတင်သုံးစွဲနေပါပြီ၊ ပဲခူးမြို့တစ်မြို့လုံးနီးပါး မီးလင်းစေဖို့ စီမံချက်ချဆောင်ရွက်ပါတယ်၊ အဲဒါကတော့ ရန်ကုန်ကနေလာမယ်ဆိုရင် ညောင်အင်းလမ်းဆုံကနေစပြီး တောက်လျှောက် နေပြည်တော်မှာ တပ်ဆင်ထားတဲ့ လမ်းမီးတိုင် ဒီဇိုင်းအတိုင်း ဘတ်ဂျက်ပိုလျှံ ငွေကနေပြီး တပ်ဆင်ထားတာဖြစ်ပါတယ်" ဟုလည်း ဝန်ကြီးချုပ်က ပြောကြားသည်။

**ရည်မှန်းထား**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ကျပ် ၇၅၁၅ ဘီလီယံကျော် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရပြီး လယ်ယာကဏ္ဍအတွက် ၂ ဒသမ ၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၈ ဒသမ ၉ ရာခိုင်နှုန်း သုံးစွဲရန် ရည်မှန်းထားကြောင်း သိရသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက "စီမံကိန်းလုပ်တဲ့အခါမှာ အဓိကကတော့ တိုင်းဒေသကြီးမှာ ကဏ္ဍကြီး သုံးရပ်ရှိပါတယ်၊ အဲဒီမှာ လယ်ယာ၊ စက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍသုံးရပ်ရှိပြီး မျှတအောင် သုံးရပါတယ်၊ အဓိကဘတ်ဂျက်ကိုသုံးတဲ့အခါမှာ နှစ်ပိုင်းရှိတယ်၊ တစ်ခုကတော့ စီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး ဘယ်လောက်သုံးမှာလဲ၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘယ်လောက်သုံးမှာလဲ၊ ဒီလိုအပိုင်းမှာ ပြည်ထောင်စုရဲ့မူအရ စီမံခန့်ခွဲမှုအပိုင်းမှာ လျှော့သုံးပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထုတ်လုပ်မှုကဏ္ဍကို ပိုသုံးရတယ်ဆိုတာရှိတယ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်အောင် ရည်မှန်းလုပ်ဆောင်ခဲ့ပြီး လုပ်တဲ့အခါမှာ သုံးစွဲမှုက ဘီလီယံပေါင်း ၆၆၀၀ ကျော်သုံးစွဲလိုက်တဲ့အတွက်ကြောင့် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၁ ရာခိုင်နှုန်း အောင်မြင်မှု ရရှိတာကို တွေ့ရပါတယ်။

"ဒါကြောင့် ဒီအောင်မြင်မှုရာခိုင်နှုန်းဟာ ၂၀၁၆-၂၀၁၇မှာ ရာခိုင်နှုန်းပြည့်မီတယ်လို့ ပြောလို့ရပါတယ်၊ ဒီလိုပဲ ၂၀၁၇-၂၀၁၈ ခုနှစ်ရောက်လာတဲ့အခါ တိုင်းဒေသကြီးရဲ့ တိုးတက်မှုနှုန်းကို တွက်လိုက်တဲ့အခါမှာ ၇၅၁၅ ဘီလီယံကျော် သုံးဖို့မှန်းထားတယ်၊ မှန်းထားတဲ့အတိုင်း ဆောင်ရွက်ပြီးသုံးစွဲနိုင်ခဲ့တာ တွေ့ရပါတယ်။

"ဒီ ၂၀၁၇-၂၀၁၈ခုနှစ်အတွက် လယ်ယာကဏ္ဍကြီးမှာ ၂ ဒသမ ၉ ရာခိုင်နှုန်း သုံးစွဲနိုင်ခဲ့တယ်၊ စက်မှုကဏ္ဍကြီးမှာ ၈ ဒသမ ၉ ရာခိုင်နှုန်းသုံးစွဲနိုင်ခဲ့တယ်၊ အခြားဆောင်ရွက်မှုတွေမှာ ၆ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး မှန်းထားတဲ့အတိုင်းလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ မတ်လ ၃၁ ရက်မှာကုန်တဲ့ ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ စုစုပေါင်း ၁၅၈ ဘီလီယံသုံးစွဲတာဖြစ်ပါတယ်၊ လာမယ့်ဘတ်ဂျက်မှာလည်း ဒီလိုပဲသုံးစွဲဖို့ အစီအစဉ်ရှိပါတယ်၊ ကဏ္ဍတိုင်းကို ဟန်ချက်ညီ ဖွံ့ဖြိုးအောင် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

**ပြုပြင်ပြောင်းလဲရေး**

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လုပ်ကွက်ငယ်တောင်သူများအတွက် နိုင်ငံတကာ အဖွဲ့အစည်းများမှ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့် အကူအညီအများရရှိအောင် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် လူထုဗဟိုပြု လေ့လာရေးဌာနများကို တစ်မြို့နယ်လျှင် တစ်ခုစီဖြင့် စုစုပေါင်း ၂၈ ခု ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**ဖော်ထုတ်ပေးနိုင်**

တောင်သူလယ်သမားများအတွက် လိုအပ်သော မျိုးစေ့ထုတ်စိုက်ကွက်များကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တစ်ဆင့် ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် မင်းလှမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့တွင် မျိုးစေ့သန့်စင်စက် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်းနှင့် စံပြစက်မှုလယ်ယာဧက ၂၀၀၀ ကို ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"နွေရာသီအချိန် ကျွန်တော်တို့ရွာ သောက်သုံးရေ၊ စိုက်ပျိုးရေ အတော်ခက်ခဲတယ်၊ အခုအစိုးရတက်လာတဲ့အခါမှာ ချောင်းတူးပြီး မိုးယွန်းကြီးက လွှတ်တဲ့ရေကို ရေမှတ်ပြည့်အောင်လုပ်ပေးတယ်၊ စိုက်ပျိုးရေအတွက် အဆင်ပြေလာကြတယ်၊ သောက်သုံးရေအတွက် ရေကန်တူးဖော်စီမံပေးတဲ့အတွက်အဆင်ပြေတယ်၊ လမ်းတွေလည်း အဆင်ပြေလာတယ်"ဟု မုက္ကလကျေးရွာမှ ဒေသခံ ဦးဝင်းနိုင်က ပြောကြားသည်။

နိုင်ငံတော်အတွက် ထိရောက်မှုမရှိသော လျှပ်စစ်မြစ်ရေတင် ၃၈ ခုကို ဖျက်သိမ်းနိုင်ခဲ့ပြီး လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းပေါင်း ၂၃၆ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အထူးကဏ္ဍ [ ဂ ] သို့ »»»



ဖားရွှေကျော် (ရိုးမဖြတ်ကျော်လမ်းသစ်) ဖောက်လုပ်နေမှုအခြေအနေကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေးစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

ကျန်းမာရေးကဏ္ဍ တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိရာ နှစ်နှစ်တာကာလအတွင်း အခမဲ့ မျက်စိစမ်းသပ်ခြင်း၊ မျက်မှန်များပေးခြင်းနှင့် ခွဲစိတ်ကုသခြင်း အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို တိုင်းဒေသကြီးအစိုးရအနေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပဲခူးမြို့တွင် တိုင်းရင်းဆေးရုံ ဖွင့်လှစ်နိုင်ခဲ့ပြီး ရေတာရှည်မြို့နယ်တွင်လည်း မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျန်းမာရေးနဲ့ပတ်သက်ပြီး ရေတာရှည်မြို့နယ်မှာ မျက်စိအထူးကုဆရာဝန်ကြီးတွေက တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံက ထောက်ပံ့ငွေအဖွဲ့တွေနဲ့ ပူးပေါင်းပြီး အခမဲ့ မျက်စိစမ်းသပ်ခြင်း၊ မျက်မှန်များပေးခြင်းနဲ့ ခွဲစိတ်ကုသခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုတွေကို တိုင်းဒေသကြီးအစိုးရ အစီအစဉ်နဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ ပဲခူးမြို့မှာ တိုင်းရင်းဆေးရုံတစ်ရုံကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့သလို ရေတာရှည်မြို့နယ်မှာ မကြာခင်ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

### ကျန်းမာရေးကဏ္ဍ

"ပဲခူးတိုင်းဒေသကြီး အစိုးရကလည်း ကျန်းမာရေးကဏ္ဍမှာ စိတ်ဝင်စားမှု အားကောင်းတယ်၊ ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ရဲ့အခက်အခဲတွေကို တင်ပြလို့ရှိရင် တိုင်းဒေသကြီးအစိုးရအနေနဲ့ သေချာဆောင်ရွက်ပေးတယ်၊ နောက်ပြီးတော့ ကျွန်တော်တို့ကနေတစ်ဆင့် တိုင်းဒေသကြီး အစိုးရ ထောက်ခံချက်နဲ့ နေပြည်တော်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးချုပ်ကို တင်ပြမယ့်ဟာတွေရှိတယ်ဆိုရင်လည်း စနစ်တကျလုပ်ပေးနိုင်တယ်၊ အဲဒီတော့ တိုင်းဒေသကြီးအစိုးရရဲ့ ကျန်းမာရေးကဏ္ဍအပေါ်မှာ စိတ်ဝင်စားမှု၊ ကူညီဆောင်ရွက်ပေးမှုနဲ့ ကြီးကြပ်မှုတွေဟာ အားကောင်းတယ်လို့ ပြောလိုပါတယ်"ဟု ပဲခူးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်အောင်က ပြောကြားသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကမ္ဘောဇသာဒီနန်းတော်နေရာနှင့် ကျုံးနေရာများကို အထူးအနေဖြင့် ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

### အလှေ့အထလေးတွေ

"ပဲခူးမြို့ဟာ သမိုင်းဝင်မြို့လည်း ဖြစ်ပါတယ်၊ ဒါကြောင့် ကမ္ဘာလှည့်ခရီးသွားတွေအတွက် ကမ္ဘောဇသာဒီနန်းတော်နေရာ၊ ကျုံးနေရာတွေ အဓိကထား ပြန်လည်ပြုပြင်နေပါတယ်၊ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာ သံဃာအပါး ၁၈၀၀ အတွက် ဆွမ်းဆန်စိမ်းလှူဒါန်းတယ်၊ ပြီးတော့ နှစ်ပေါင်း ၄၀ ကျော်ငါးဆယ်အတွင်းမှာ တစ်ကြိမ်တစ်ခါမှ မလုပ်ခဲ့ဖူးတဲ့ အစိုးရစာချတန်း စာအောင်သံဃာ ၂၁၁၀ အတွက် အဓိကထားပြီးတော့ လှူဒါန်းတယ်၊ အဲဒီပွဲဟာ ရွှေမုဋ္ဌောစေတီတော်ကြီးကို အနေကဇာတင်ခြင်းနဲ့ ပြည်သူလူထု ပူးပေါင်းပြီး လှူဒါန်းတဲ့ပွဲလည်း ဖြစ်ပါတယ်၊ အဓိရည်ရွယ်ချက်က ပူးပေါင်းပြီး ဆောင်ရွက်တတ်တဲ့ အလှေ့အထလေးတွေ ဖြစ်အောင်လို့ပါ။

"တိုင်းရင်းသားတွေအတွက်လည်း စာပေနဲ့ ယဉ်ကျေးမှုဆိုင်ရာတွေကို ထောက်ပံ့တယ်၊ တိုင်းရင်းသား ဆရာ ဆရာမတွေကို ခန့်ထားနိုင်အောင်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ အထူးသဖြင့် တိုင်းရင်းသားတွေနေထိုင်တဲ့ ဒေသတွေမှာ လမ်းနဲ့ ပတ်သက်တာတွေ၊ ကျန်းမာရေးဆောင်ရွက်ချက်တွေ ပေးနိုင်အောင် အဓိကထား ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ လူမှုရေးနှင့် ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ တိုင်းဒေသကြီးကနေ ရေဘေး၊ လေဘေးနဲ့ ရခိုင်ပြည်နယ်အတွက် ကူညီဆောင်ရွက်မှုတွေလည်း ဆောင်ရွက်ခဲ့တယ်" ဟု ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်အခန်းကဏ္ဍ တိုးတက်ကောင်းမွန်ရေးကိုလည်း ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်မှ သစ်ထုတ်လုပ်ခြင်းကို ၁၀ နှစ် ရပ်ဆိုင်းထားသည့်အတွက် သစ်ထုတ်လုပ်ရေး လုပ်ငန်းမှဆင်များအား ဆင်စခန်း လေးခု ဖွင့်လှစ်၍ စီးပွားရေး ခရီးသွားလုပ်ငန်းအဖြစ် ပြည်သူများအပန်းဖြေနိုင်ရန် စီစဉ်ထားရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

အဖွဲ့ပိုင်စိုက်ခင်း ၆၂၃၅ ဧက၊ ရေဝေ

အထူးကဏ္ဍ [ ဃ ] သို့ »»»



မြစ်ကျိုး ၃၃ ကေဗွီအေ ဓာတ်အားခွဲရုံကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေးစဉ်။



ရွှေကျင်ဆည်တမံ၏ ရေပေးဝေမှုအခြေအနေကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကြည့်ရှုစစ်ဆေးစဉ်။




မြို့နယ် ၂၈ မြို့နယ်သို့ ဒုတိယအကြိမ် ဖြန့်ဝေပေးမည့် စည်ပင်စက်ယန္တရားများကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ဂ ] မှ

ရေလဲ ဧက ၁၅၀၊ ကျေးရွာထင်းစိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း သိမ်းဆည်းရရှိခဲ့သော တရားမဝင်သစ် တန် ၆၀၀၀ နီးပါးကို ဒေသဖွံ့ဖြိုးရေးအတွက် စနစ်တကျ စီမံခန့်ခွဲပေးနိုင်ခဲ့ကြောင်း သိရသည်။

**တစ်ပြေးညီ ချိတ်ဆက်**

ပြည်သူကို ဝန်ဆောင်မှုပေးနိုင်ရန် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) များ ဖွင့်လှစ်ထားရှိခဲ့ကာ လုပ်ငန်းများ မြန်ဆန်အဆင်ပြေစေရန် ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဌာနနှင့် ပြည်သူ အချိန်နှင့် တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် UNDP နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အသိပညာပေးဟောပြောပွဲ အကြိမ်ပေါင်း ၁၄၀ ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပြည်သူ့အကျိုးအတွက် လွှတ်တော်မှလည်း ဖော်ဆောင်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်အနေဖြင့် နှစ်နှစ်တာကာလအတွင်း ဥပဒေကြမ်း ၁၃ ခု တင်သွင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**ဥပဒေခြောက်ခု တင်သွင်းနိုင်**

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က "လွှတ်တော်ရဲ့ အဓိကတာဝန်ကတော့ ဥပဒေပြုရေး တာဝန်ဖြစ်ပါတယ်၊ ဥပဒေပြုရေးတာဝန်ဆောင်ရွက်တဲ့အပြင် ပြည်သူများ ကိုယ်စားပြုရေးတာဝန်တွေ၊ အပြန်အလှန် ထိန်းကျောင်းရေးတာဝန်တွေလည်း ဆောင်ရွက်တဲ့အတွက် ဒီနှစ်နှစ်တာကာလအတွင်းမှာ ဥပဒေခြောက်ခု တင်သွင်းနိုင်ခဲ့ပြီးတော့ ဒီအထဲမှာ အားရစရာအကောင်းဆုံးကတော့ ၂၀၁၆ ခုနှစ်မှာ တင်သွင်းနိုင်ခဲ့တဲ့ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေပဲဖြစ်ပါတယ်။

"ဒီလိုဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့တဲ့အတွက် ပဲခူးတိုင်းဒေသကြီးအတွင်း ၂၈ မြို့နယ်မှာရှိတဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီတွေကို ပြည်သူတွေကိုယ်တိုင် ရွေးချယ်တင်မြှောက်ပြီးတော့ ပြည်သူတွေရဲ့ မြို့ပြဘဝတွေဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်ပေးနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

**ကြိုးပမ်းဆောင်ရွက်**

"လွှတ်တော်ဆိုတာက ဒီမိုကရေစီကူးပြောင်းရေးမှာ ပြည်သူတွေရဲ့ လက်တွေ့ဘဝနဲ့ ကိုက်ညီတဲ့၊ ခေတ်နဲ့ ဆီလျော်တဲ့ ဥပဒေတွေကို ရေးဆွဲနိုင်ရေး စတင်ဆောင်ရွက်ရာမှာ တာဝန်ရှိတဲ့အတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အနေနဲ့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေကြမ်း၊ ပဲခူးတိုင်းဒေသကြီး မြေယာခွန်ဥပဒေ၊ ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ၊ ပဲခူးတိုင်းဒေသကြီး အကျိုးတူပူးပေါင်း လယ်ယာစိုက်ပျိုးရေးဥပဒေတွေကို ရေးဆွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။



စစ်တောင်းမြစ်ကမ်းပါးပြိုကျမှု ကာကွယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေးစဉ်။

"ဒါ့အပြင် ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက်လည်း ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာ မဲဆန္ဒနယ်တွေမှာ ပြည်သူကို ကိုယ်စားပြုပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အားနှင့် လမ်းများတိုးတက်ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်မှုနှင့်အတူ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။



မင်းလှ-စိန်ကန့်လန့်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။




ပဲခူး-သနပ်ပင်လမ်းမ အဆင့်မြှင့်တိုးချဲ့ဖောက်လုပ်နေခြင်းနှင့် ရေမြောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

# ငြိမ်းချမ်းရေး ဦးစားပေးဆောင်ရွက်မှုနှင့်အတူ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည့် ကရင်ပြည်နယ်အစိုးရအဖွဲ့

● ရှင်မင်း

**ကရင်ပြည်နယ်ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်မှုနှင့်အတူ ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ကို ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဖြစ်သည့် DKBA၊ KNU၊ KNU/KNLA-PC တို့နှင့် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်များကိုလည်းကောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်(NCA)ကိုလည်းကောင်း လက်မှတ်ရေးထိုးကာ ငြိမ်းချမ်းရေးခရီးလမ်းကို အတူတကွ လျှောက်လှမ်းလျက်ရှိပါသည်။

### ငြိမ်းချမ်းရေးကို ဦးစားပေး

"ကရင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးကို ဦးစားပေးတယ်၊ ဒါ့ကြောင့် ကရင်ပြည်နယ်ရဲ့ နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်တွေကို ပြည်သူကို တင်ပြရရင် ငြိမ်းချမ်းရေးဖြစ်စဉ်တွေကိုပဲ ဦးစားပေး တင်ပြရမှာဖြစ်ပါတယ်၊ ကရင်ပြည်နယ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီရုံးကို ကရင်ပြည်နယ်၊ ဘားအံမြို့မှာ ဖွင့်လှစ်နိုင်ခဲ့တယ်၊ ဒီရုံးကို အဖွဲ့ဝင် ၁၆ ဦးနဲ့ ပါဝင်ဖွဲ့စည်းထားပါတယ်။ အစည်းအဝေးတွေကို လစဉ်ပုံမှန်ကျင်းပခဲ့ပြီး တိုင်းရင်းသားတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး စတဲ့ ကဏ္ဍအားလုံးကို တိုင်ပင်ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါတယ်"။

### တိုင်ပင်ဆွေးနွေးခဲ့ကြ

"ပြီးတော့ ကရင်ပြည်နယ် ဖာပွန်မြို့မှာ မြို့နယ်အနေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီရုံးကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်၊ ဒီလိုပဲ ငြိမ်းချမ်းရေး၊ လူမှုရေး၊ စီးပွားရေး စတဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေကို ပူးပေါင်းတိုင်ပင်ဆွေးနွေးခဲ့ကြပြီး ပူးပေါင်းဆောင်ရွက်ပါတယ်"ဟု ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပြောကြားသည်။

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှုရရှိစေရန်နှင့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်၍ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုစာပေပွဲတော်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း လေးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ကရင်ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ဦးတည်လုပ်ဆောင်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အိန္ဒူ-ဇာသပြင်လမ်းနှင့် မုဒုံ-မြဝတီလမ်းမြို့တွင်းအပိုင်း ကွန်ကရစ်လမ်းကို ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့ပြင် သံဖြူဇရပ်-ဘုရားသုံးဆူလမ်းပေါ်ရှိ အနန်းကွင်းတံတား အရှည် ပေ ၅၀၀၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်းပေါ်ရှိ ဇမိချောင်းတံတား အရှည် ပေ ၃၃၀ နှင့် မုဒုံ-မြဝတီလမ်းပေါ်ရှိ လှိုင်ကွယ်ချောင်း တံတားအရှည် ပေ ၃၀၀ တို့ကို ဖွင့်လှစ်နိုင်ခဲ့သည်။

### ကြာအင်းဆိပ်ကြီး-ချောင်းဆုံလမ်းဖွင့်နိုင်

"ဒုတိယဦးစားပေးက လမ်းပန်းဆက်သွယ်ရေးဖြစ်ပါတယ်၊ ကြာအင်းဆိပ်ကြီး-ချောင်းဆုံ (ဘုရားသုံးဆူ) ကွန်ကရစ်လမ်းမိုင် ၄၁ မိုင်ကို ဒီနှစ်မှာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်၊ တိုင်းရင်းသားတွေအတွက် ဆက်သွယ်ရေးအထူး ကောင်းမွန်သွားတဲ့လမ်း ဖြစ်ပါတယ်၊ တံတား ပေါင်း ၁၄ စင်းကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်၊ ဒီလိုပဲ ပြည်နယ်အတွင်း လမ်းတွေများစွာကိုလည်း ဖောက်လုပ်ပေးနိုင်ခဲ့ပါတယ်" ဟု ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပြောသည်။

"အစိုးရအဖွဲ့ရဲ့ ဆောင်ရွက်မှုက အတိုင်းအတာတစ်ခုအထိ အောင်မြင်တယ်၊ တိုးတက်လာတာကို တွေ့ရတယ်၊ ကရင်ပြည်နယ်ကို လာတဲ့သူတိုင်းလည်း တွေ့မြင်သိရှိကြမှာပါ၊ လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းလာတော့ ခရီးသွားကဏ္ဍ တိုးလာတယ်၊ ဒါကလည်း အမှန်တကယ် တိုးတက်လာတာပါ" ဟု ဒေသခံ

အထူးကဏ္ဍ [ စ ] သို့ »»



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်



ကြာအင်းဆိပ်ကြီး-ချောင်းဆုံ (ဘုရားသုံးဆူ)လမ်းပေါ်ရှိ မဏ္ဍသာတံတားကို တွေ့ရစဉ်။



ဘားအံစက်မှုဇုန်ရှိ SKK ကာလာအမိုးပြားထုတ်လုပ်ရေးစက်ရုံကို တွေ့ရစဉ်။

"အခုဆိုရင် ကြာအင်းဆိပ်ကြီးနဲ့ ကော့ကရိတ်ကို ၂၄ နာရီ မီးရအောင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဖာပွန်မြို့နယ်တစ်ခုပဲ ကျန်ရှိနေပါတယ်။ ကျေးရွာအနေနဲ့လည်း အရင်ကျေးရွာ ၇၀၀ အထိ ဆောင်ရွက်ထားတယ်။ အခုနှစ်နှစ်တာအတွင်းမှာ ၂၁၃ ရွာကို ဆောင်ရွက်ပေးနိုင်တဲ့အတွက် ကျေးရွာပေါင်း ၉၀၀ ကျော် လျှပ်စစ်မီး ရရှိနေပြီဖြစ်ပါတယ်။ လျှပ်စစ်မီးရရှိရေးဟာ ကျွန်မတို့ ပြည်နယ်အတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့အတွက် တစ်ပြည်နယ်လုံး လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"

»»» အထူးကဏ္ဍ [ ၄ ] မှ

ပြည်သူတစ်ဦးဖြစ်သည့် ဦးစောဟန်ရည်က ပြောသည်။

ကရင်၊ မွန်၊ ဗမာ၊ ပအိုဝ်းနှင့် ရှမ်းတိုင်းရင်းသား ၁၅ သိန်းကျော် မှီတင်းနေထိုင်ရာ ကရင်ပြည်နယ်သည် ခရိုင်လေးခရိုင်၊ မြို့နယ် ခုနစ်မြို့နယ်၊ မြို့ ၁၁ မြို့၊ ကျေးရွာအုပ်စု ၃၇၆ အုပ်စု၊ ကျေးရွာပေါင်း ၂၀၉၇ ရွာ ဖွဲ့စည်းတည်ရှိနေပြီး ကရင်ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရေးကိုလည်း ဦးစားပေးဆောင်ရွက်ခဲ့သည်။

## လျှပ်စစ်မီးရရှိရေးကြိုးပမ်း

ယခင်က ပြည်နယ်အတွင်း မြို့နယ် ခုနစ်မြို့နယ်အနက် လေးမြို့နယ်သာ လျှပ်စစ်မီးရရှိခဲ့သည်။ နှစ်နှစ်တာကာလအတွင်း မြို့နယ်နှစ်မြို့နယ် လျှပ်စစ်မီးရရှိအောင် ပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိနေသည့် ဖာပွန်မြို့နယ် လျှပ်စစ်မီးရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ကရင်ပြည်နယ်အတွက် လျှပ်စစ်မီးဟာ ဦးစားပေးတစ်ခု ဖြစ်ပါတယ်။ အရင်က ကရင်ပြည်နယ်ရဲ့ မြို့နယ် ခုနစ်မြို့နယ်မှာ လေးမြို့နယ်သာ လျှပ်စစ်မီး ရရှိပါတယ်။ သုံးမြို့နယ်က လျှပ်စစ်မီးမရဘူး။ အခုဆိုရင် ကြာအင်းဆိပ်ကြီးနဲ့ ကော့ကရိတ်ကို ၂၄ နာရီ မီးရအောင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဖာပွန်မြို့နယ် တစ်ခုပဲ ကျန်ရှိနေပါတယ်။ ကျေးရွာအနေနဲ့လည်း အရင်ကျေးရွာ ၇၀၀ အထိ ဆောင်ရွက်ထားတယ်။ အခုနှစ်နှစ်တာအတွင်းမှာ ၂၁၃ ရွာကို ဆောင်ရွက်ပေးနိုင်တဲ့အတွက် ကျေးရွာပေါင်း ၉၀၀ ကျော် လျှပ်စစ်မီး ရရှိနေပြီဖြစ်ပါတယ်။ လျှပ်စစ်မီးရရှိရေးဟာ ကျွန်မတို့ ပြည်နယ်အတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့အတွက် တစ်ပြည်နယ်လုံး လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်နေမှုအပေါ် ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်က "၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဓာတ်အားလိုင်းကနေ လျှပ်စစ်ဓာတ်အား မရရှိသေးတဲ့ ကျေးရွာတွေ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးပါတယ်။ ကရင်ပြည်နယ်မှာ လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးတစ်ရုံ တည်ဆောက်နိုင်ရေးကိုလည်း ရည်မှန်းပြီး ကြိုးစားဆောင်ရွက်နေပါတယ်။ ဂျပန်နိုင်ငံ USC နည်းပညာနဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို တည်ဆောက်သွားမှာဖြစ်ပါတယ်။ အထိုက်အလျောက် အောင်မြင်မှုရရှိခဲ့ပါတယ်။ ဓာတ်အားစနစ် မရောက်ရှိသေးတဲ့နေရာတွေကိုလည်း ဆိုလာစနစ်နဲ့ ဓာတ်အားပေးနိုင်အောင် ကြိုးစားခဲ့ပါတယ်။ အသေးစားရေအားလျှပ်စစ် ဆောင်ရွက်နေပါတယ်။"

## မြို့သာယာလှပရေး

"ဘားအံမြို့ပေါ်မှာလည်း ဓာတ်အားလိုင်းသန့်ရှင်းရေးတွေ၊ လမ်းမီးမလင်းတာတွေ လင်းအောင်လည်း ဆောင်ရွက်ခဲ့ပါတယ်။ ကော့ကရိတ်မြို့နယ်မှာ မြို့သာယာလှပရေးအတွက် လမ်းမီးတွေကို ဆောင်ရွက်နိုင်ခဲ့တယ်။"

"လာမယ့် ငါးနှစ်မှာ ပြည်နယ်အတွင်း ကျေးရွာအားလုံး မီးရရှိအောင် ဆောင်ရွက်မယ်။ လျှပ်စစ်ဓာတ်အား မရရှိသေးတဲ့ ကျေးရွာဆိုရင်လည်း ဆိုလာနဲ့ ပေးနိုင်အောင်၊ ရေအားလျှပ်စစ်နဲ့ပေးနိုင်အောင် ကြိုးစားဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

ပြည်နယ်အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် နှစ်နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဘားအံမြို့တွင်း လမ်းများတွင် မီးပွိုင့်နှင့် အချက်ပြမီးများ တပ်ဆင်ခြင်း၊ မြဝတီမြို့ရှိ အာဇာနည်ကျောင်းတိုက်ကွင်း ဘက်စုံဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းတို့အတွက် ငွေကျပ်သန်း ၁၆၄၀ ကျော် အကုန်အကျခံကာ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဘားအံမြို့ မြို့အဆင့်မြှင့်တင်ခြင်း လုပ်ငန်းနှင့် ဘားအံမြို့တွင်း လမ်းများတွင် မီးပွိုင့်များနှင့် မီးတိုင်များ တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

## စက်ရေတွင်းများတူးဖော်

ကရင်ပြည်နယ်အစိုးရအနေဖြင့် နှစ်နှစ်တာကာလအတွင်း အမှန်တကယ် ရေရှားပါးသည့် နေရာများအတွက် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ဘားအံမြို့နယ်တွင် ၂၂ တွင်း၊ လှိုင်းဘွဲ့မြို့နယ်တွင် ၁၄ တွင်း၊ ကော့ကရိတ်မြို့နယ်တွင် ခုနစ်တွင်း စုစုပေါင်း ၄၃ တွင်း တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက "သောက်သုံးရေ ရရှိအောင်လည်း စက်ရေတွင်းတွေ တူးပေးတယ်။ တူးပြီးတော့လည်း ရေကို သောက်သုံးဖို့ သင့်၊ မသင့် ရန်ကုန်ကို ပို့ပြီး စစ်ဆေးပေးနိုင်ခဲ့ပါတယ်။ ပြည်သူတွေ သောက်သုံးရေကို သုံးစွဲတဲ့အခါ ရောဂါဘယကင်းစေဖို့နဲ့ ရေဝယ်ရတဲ့ ဒုက္ခတွေ ကင်းစေချင်လို့ဖြစ်ပါတယ်" ဟု ပြောကြားသည်။

## စိုက်ပျိုးရေးကဏ္ဍ

စိုက်ပျိုးရေးကဏ္ဍသည် ပြည်နယ်အစိုးရ ဦးစားပေးဆောင်ရွက်သည့် ကဏ္ဍတစ်ခုဖြစ်ပြီး ယခုနှစ်အတွင်း စိုက်ပျိုးမြေဧက ၈၀၀ ကျော်ကို ထပ်မံတိုးချဲ့နိုင်ခဲ့ကာ နှစ်နှစ်အတွင်း ဧက ၁၄၀၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

နှစ်နှစ်တာအတွင်း ပလပ်မြေ ၁၀၇၇ ဧက၊ မြေရိုင်း ၄၂၈ ဧက၊ တောရိုင်းမြေ ၂၉၃၃ ဧကကို ဖော်ထုတ်နိုင်ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အထူးကဏ္ဍ [ ဆ ] သို့ »»»





ဘားကပ်နှင့် တရုတ်လှမြစ်ရေတင်စီမံကိန်းမှ နွေစပါးနှင့် ဆောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ရေပေးနေစဉ်။



တောင်သူများ ဝင်ငွေတိုးစေသည့် အစေ့ထုတ်ပြောင်းကို ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်း သရုပ်ပြနေစဉ်။

❝ ကရင်ပြည်နယ်မှာ သဘာဝကပေးထားတဲ့ လှပတဲ့နေရာတွေ အများကြီးရှိပါတယ်။ သဘာဝထုံးကျောက်ဂူတွေ များတယ်၊ ရေတံခွန်တွေလည်းရှိတယ်။ ဒါကြောင့် ပြည်တွင်း ပြည်ပ ခရီးသွားတွေလာကြတယ်။ ခရီးသွားလုပ်ငန်း တိုးတက်လာတယ်။ တိုးတက်လာတာနဲ့အညီ သင့်တော်လျော်ညီတဲ့ တည်းခိုနေထိုင်ရေးအတွက် အလုံး ၃၀ လောက် ထပ်မံပြီး ခွင့်ပြုချက်ရထားပါပြီ။ နောက်ထပ် ငါးလုံးရရှိဖို့အတွက်လည်း ပြည်ထောင်စုအစိုးရထံ တင်ပြတောင်းခံထားပါတယ်။ ဘားအံမြို့ ကမ်းနားလမ်း လေးနှစ် စီမံကိန်းကိုလည်း ဆောင်ရွက်နေတယ်။ ❞



ဘားအံမြို့၌ စိုက်ပျိုးရေးဒီပလိုမာအပ်နှင်းသဘင် အခမ်းအနားကျင်းပစဉ်။

»»» အထူးကဏ္ဍ [ စ ] မှ

"စိုက်ပျိုးရေးကဏ္ဍမှာ တချို့နေရာတွေက စိုက်ပျိုးရေမရတာ၊ တချို့နေရာတွေက ရေကြီးရေလျှံလို့ မစိုက်ပျိုးရတာတွေရှိပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီး လုပ်ငန်းတွေဆောင်ရွက်ပေးနေပါတယ်။ သောက်သုံးရေနဲ့ စိုက်ပျိုးရေပေးဝေတာကို ဒီကာလအတွင်းမှာ လုပ်ငန်း ၂၀ ဆောင်ရွက်နိုင်ခဲ့ပြီးတော့ အကျိုးပြုဧက ၃၈၈၀ ဖြစ်ပါတယ်။ ရေဘေးကာကွယ်ရေးလုပ်ငန်း ၂၁ ခုကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လယ်ဧက ၇၃၁၅ ဧကကို အကျိုးပြုပေးနိုင်ခဲ့ပါတယ်။

## ခြောက်ရာခိုင်နှုန်းတိုးတက်

"မွေးမြူရေးကဏ္ဍ အနေနဲ့လည်း ကျွန်တော်တို့ ပြည်နယ်မှာ ယခင်ထက် ခြောက်ရာခိုင်နှုန်း တိုးတက်မွေးမြူလာတယ်။ ပြည်နယ်အတွင်းမှာ ငြိမ်းချမ်းရေးအရ ပြန်လည်ဝင်ရောက်လာတဲ့ အဖွဲ့အစည်းတွေ ရှိပါတယ်။ ဒီအဖွဲ့အစည်းတွေအတွက် စိုက်ပျိုးရေးနဲ့ မွေးမြူရေးစရိတ် ကူညီထောက်ပံ့ပေးတာ ရှိပါတယ်။ ထောက်ပံ့ပေးမှုက ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ငွေကျပ်သန်း ၁၀၀၀၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ငွေကျပ်သန်း ၂၀၀ ဖြစ်ပါတယ်" ဟု ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ပြောသည်။

## ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ပေးနိုင်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျပ်သန်း ၁၆၉ ဒသမ ၁၀ သန်းဖြင့် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် သံတံတားကွေ့အနီး သောင်ရင်းမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကျပ်သန်း ၈၂ ဒသမ ၁၅ သန်းဖြင့် မြဝတီမြို့နယ် မယ်ထော်သလေးကျေးရွာ(ရှမ်းစု) သောင်ရင်းမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကျပ်သန်း ၅၈ ဒသမ ၃ သန်းဖြင့် ဝေါလေမြိုင်အနီး ဝေါလေကားလမ်း ဂေါ်လီချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကျပ်သန်း ၂၀၆ ဒသမ ၇၈ သန်းဖြင့် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာ သံလွင်မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကျပ်သန်း ၃၂၈ ဒသမ ၄၆ သန်းဖြင့် မြဝတီမြို့နယ် မယ်ထော်သလေးကျေးရွာ သောင်ရင်းမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ဝေါလေမြိုင်မြို့ အမှတ်(၁)ရပ်ကွက် ဂေါ်လီချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ဘားအံမြို့နယ် ဂျိုင်းကျေးရွာ ဂျိုင်းမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဘားအံမြို့နယ် တရုတ်လှကျေးရွာ သံလွင်မြစ်ကမ်းပြိုလုပ်ငန်းမှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းအနေဖြင့် ဟိုတယ်နှင့် တည်းခိုရိပ်သာ စုစုပေါင်း ၃၀ ရှိပြီး နှစ်နှစ်တာအတွင်း ပြည်တွင်းပြည်ပ ခရီးသွားဝင်ရောက်မှု တိုးတက်များပြားလာခဲ့ကြောင်း သိရသည်။

## ခရီးသွားလုပ်ငန်းတိုးတက်လာ

"ကရင်ပြည်နယ်မှာ သဘာဝကပေးထားတဲ့ လှပတဲ့နေရာတွေ အများကြီးရှိပါတယ်။ သဘာဝထုံးကျောက်ဂူတွေ များတယ်၊ ရေတံခွန်တွေလည်းရှိတယ်။ ဒါကြောင့် ပြည်တွင်းပြည်ပ ခရီးသွားတွေလာကြတယ်။ ခရီးသွားလုပ်ငန်း တိုးတက်လာတယ်။ တိုးတက်လာတာနဲ့အညီ သင့်တော်လျော်ညီတဲ့ တည်းခိုနေထိုင်ရေးအတွက် အလုံး ၃၀ လောက် ထပ်မံပြီး ခွင့်ပြုချက်ရထားပါပြီ။ နောက်ထပ် ငါးလုံး ရရှိဖို့အတွက်လည်း ပြည်ထောင်စုအစိုးရထံ တင်ပြတောင်းခံထားပါတယ်။ ဘားအံမြို့ ကမ်းနားလမ်း လေးနှစ် စီမံကိန်းကိုလည်း ဆောင်ရွက်နေတယ်။ မကြာခင်မှာ ကရင်ပြည်နယ်ရဲ့ အမှတ်အသားတစ်ခုအနေနဲ့ ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် JICA ချေးငွေနဲ့ ဘားအံမြို့ကို လွှမ်းခြုံပြီး ရေပေးဝေနိုင်အောင် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်"ဟု ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်

အထူးကဏ္ဍ [ ဇ ] သို့ »»»



လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာတွင် ကျောက်ဖောက်တွင်းတူးစနစ်ဖြင့် စက်ရေတွင်း တူးဖော်ပေးစဉ်။

“ နယ်စပ်ကုန်စည်စီးဆင်းမှု လျင်မြန်စေရန်အတွက် ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)ကို ၂၀၁၅ ခုနှစ် ဩဂုတ်လမှ စတင်တည်ဆောက်ခဲ့ရာ တံတားတည်ဆောက်ခြင်း လုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးတော့မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် မေလတွင် ဖွင့်လှစ်ကာ စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ”


ဘားအံမြို့ရှိ သမိုင်းဝင်ကော့ကသောင်ဂူဘုရားသို့ သွားနိုင်သည့် အရှည်ပေ ၃၈၀၀ ရှိ ကော့ကသောင်-လက္ခဏ ကျေးရွာချင်းဆက် နိုင်လွန်ကတ္တရာလမ်းဖွင့်ပွဲ ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ ဆ ] မှ

စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ပြောသည်။

### ပညာရေးကဏ္ဍ

ပြည်နယ်အစိုးရအဖွဲ့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအပေါ် ဥပဒေသုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးစထွန်းအောင်က “ပညာရေးကဏ္ဍမှာ ဆရာဆရာမတွေ တိုးလာအောင်၊ ကျောင်းတွေ တိုးချဲ့ဖွင့်လှစ်နိုင်အောင် ပြည်နယ်အစိုးရက ဆောင်ရွက်ပေးတယ်။ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးတွေလည်း အဆင်ပြေလာတယ်။ ကျေးရွာအထိ မရောက်သေးတာရှိတယ်။ ဒီအတွက်တော့ ပြည်နယ်အစိုးရကို ဆောင်ရွက်ပေးစေချင်ပါတယ်။ ကျန်းမာရေးကဏ္ဍမှာလည်း နှစ်နှစ်အတွင်း တိုးတက်အောင် ဆောင်ရွက်နေတာတွေ့ရပါတယ်”ဟု ပြောသည်။

အလားတူ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးမြထွန်းက “ပြည်နယ်အစိုးရက တာဝန်ယူတဲ့ နှစ်နှစ်တာအတွင်း တိုးတက်မှုကိုတွေ့ရတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းလာတော့ ပြည်နယ်ရဲ့ စီးပွားရေးတိုးတက်လာတယ်။ ငြိမ်းချမ်းရေးအသီးအပွင့်တွေလို့လည်း ပြောလို့ရပါတယ်။ ငြိမ်းချမ်းတော့ ကျန်တဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အားလုံးတိုးတက်ကောင်းမွန်လာတယ်” ဟု ပြောသည်။

### မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား

နယ်စပ်ကုန်စည်စီးဆင်းမှု လျင်မြန်စေရန်အတွက် ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)ကို ၂၀၁၅ ခုနှစ် ဩဂုတ်လမှ စတင်တည်ဆောက်ခဲ့ရာ တံတားတည်ဆောက်ခြင်း လုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးတော့မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် မေလတွင် ဖွင့်လှစ်ကာ စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

“မြဝတီကုန်သွယ်ရေးဇုန်မှာ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်လာအောင် ကုန်သွယ်မှု Merge System နဲ့ ဆောင်ရွက်နိုင်ဖို့ စီစဉ်နေတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ကုန်သည်နဲ့ ဝန်ထမ်းတွေကို သင်တန်းတွေလည်း ပေးနေပါတယ်”ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

ကျန်းမာရေးကဏ္ဍဆောင်ရွက်မှုအနေဖြင့် ကျေးလက်ကျန်းမာရေးဌာန ခြောက်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၀ ကို တိုးချဲ့ဖွင့်လှစ်ပေးကာ ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပညာရေးကဏ္ဍ ဆောင်ရွက်မှုအနေဖြင့် နှစ်နှစ်တာအတွင်း အခြေခံပညာအဆင့် ကျောင်း ၁၅၃ ကျောင်းကို အဆင့်တိုးမြှင့်ခြင်း၊ အသစ်ဖွင့်လှစ်ခြင်းတို့ဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆရာ ဆရာမများလည်း ထပ်မံခန့်ထားဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအတွက် နေထိုင်ရေးကိစ္စ အဆင်ပြေစေရန် နှစ်နှစ်တာအတွင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဘားအံမြို့တွင် အခန်း ၇၉ ခန်း၊ ကော့ကရိတ်မြို့တွင် အခန်း ၃၆ ခန်း၊ မြဝတီမြို့တွင် အခန်း ၂၅ ခန်း၊ ဖာပွန်မြို့တွင် အခန်း ၁၂ ခန်း၊ သံတောင်ကြီးမြို့တွင် အခန်း ၁၂ ခန်း၊ ဘုရားသုံးဆူမြို့တွင် အခန်း ၁၂ ခန်း၊ လိပ်သိုမြို့တွင် အခန်း ၁၂ ခန်း စုစုပေါင်း ၁၈၈ ခန်း တည်ဆောက်အကောင်အထည်ဖော်ပေးနိုင်ခဲ့သည်။

### လူထုဗဟိုပြုစင်တာ

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကရင်ပြည်နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းကာ လူထုဗဟိုပြုစင်တာကို ဖွင့်လှစ်နိုင်ခဲ့ပြီး အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း၊ ကွန်ပျူတာသင်တန်း စသည်ဖြင့် သင်တန်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိသည်။

### အတူတကွလျှောက်လှမ်း

ငြိမ်းချမ်းမှုရှိမှ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ပြည်နယ်အစိုးရသည် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားငြိမ်းချမ်းရေး လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ငြိမ်းချမ်းရေးလမ်းကို အတူတကွ လျှောက်လှမ်းကာ ပြည်နယ်အတွင်း ကဏ္ဍတိုင်း ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြအပ်ပါသည်။


အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်နိုင်ရန် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသင်တန်းပေးစဉ်။


သဘာဝလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(မွမ်းမံ) သင်တန်းဖွင့်လှစ်စဉ်။

# တအာင်း(ပလောင်)တို့အကြောင်း သိကောင်းစရာ

● မိုင်းနော်ရိန်း(လူမှုဘဝ)

### သမိုင်းကြောင်း

တအာင်း(ပလောင်) တိုင်းရင်းသားတို့သည် မွန်၊ ခမာ အမျိုးအနွယ်များဖြစ်ကြ၍ ဘီစီ ၅ ရာစုခန့်တွင် တရုတ်ပီကင်း၊ လိုခုန်ဒေသ၌ ခွန်ဖွား (ခေါ်) မျောက်မင်းသားလက်ထက်တွင် အင်အားကြီးမား၍ စည်းလုံးညီညွတ်စွာနေထိုင်ခဲ့ကြသည်။ ထိုမှတစ်ဆင့် တရုတ်အလယ်ပိုင်း (တန်ဟောင်)ဒေသတွင် ပျံ့နှံ့နေထိုင်ကြသည်။ တရုတ်လူမျိုးတို့မှ တအာင်း(ပလောင်)အား ထင်ကျားပင့်ဟုခေါ်သည်။ ကြိမ်စစ်သားဟု အဓိပ္ပာယ်ရသည်။ အဘယ်ကြောင့်ဆိုသော် တအာင်း(ပလောင်)တို့သည် ကြိမ်လက်နက်၊ ကြိမ်သီး၊ ပုတီးလက်နက်တို့ဖြင့် ကျွမ်းကျင်စွာတိုက်ခိုက်နိုင်ကြသည်။ အမျိုးသားများသာမက အမျိုးသမီးများမှာလည်း ခုန်ပျံကျော်လွှားနိုင်ခဲ့ကြသည်။

စစ်ရေးစစ်ရာကျွမ်းကျင်မှုသည် အမျိုးသားများအပြင် သူရသတ္တိနှင့် ပြည့်စုံသော အမျိုးသမီး သူရဲကောင်းအများအပြား ပေါ်ပေါက်ခဲ့သောကြောင့် တရုတ်ဧကရာဇ်ဘုရင်က စိုးရိမ်ထိတ်လန့်လာသည်။ ထို့ကြောင့် တရုတ်မင်းမှုထမ်းများက တအာင်းအမျိုးသမီးများကို ကြိမ်ကွင်းပြုလုပ်ဝတ်ဆင်စေပြီး စစ်သွေးစစ်မာန်မရှိစေရန် စီမံပြုလုပ်ပေးရာမှ ယနေ့တိုင် တအာင်းလူမျိုးနွယ်စုတို့သည် ကြိမ်ကွင်းကို ရိုးရာဆင်ယင်ထုံးဖွဲ့မှုအဖြစ် ဝတ်ဆင်လာကြသည်ဟု ဆိုသည်။ ခါးနှင့် ခြေသလုံးတို့တွင် ကြိမ်ကွင်းများ ဝတ်ဆင်စေခြင်းကြောင့် ခုန်ပျံကျော်လွှားခြင်းမပြုနိုင်ကြ၍ တအာင်းစစ်သည်တော်ကို အောင်မြင်စွာ နှိမ်နင်းလာနိုင်ခဲ့သည်ဟု ဆိုထားကြောင်း ဒဏ္ဍာရီဆန်စွာ တွေ့ရလေသည်။

### ဘာသာရေးနှင့် ကိုးကွယ်ယုံကြည်မှု

ရှေးအခါ တအာင်း(ပလောင်)တိုင်းရင်းသားတို့တွင် တောင်ကုန်း၊ ကုန်းမြင့်တို့၌ နေထိုင်သော ကုန်ပိုင်းနေတအာင်း(ပလောင်)နှင့် မြစ်ချောင်း၊ အင်းအိုင်အနီးတွင် နေထိုင်သော ရေပိုင်းနေ တအာင်း(ပလောင်)ဟူ၍ နှစ်မျိုးရှိသည်။ ကုန်းပိုင်းနေ တအာင်း(ပလောင်)တို့မှာ နေမတွေ့ရသောအချိန်တွင် အလင်းမရ၍ မှောင်သောကြောင့် တောရဲတိရစ္ဆာန်ရန်ကိုကြောက်ရပြီး ခရီးသွားလာမှု၊ လုပ်ငန်းလုပ်ဆောင်နိုင်မှု နှောင့်နှေးရသည်။ ထို့ကြောင့် နေမင်းကို အားကိုးအားထားအပြုဆုံးဖြစ်၍ နေအားဖခင်သဖွယ် ကုန်းပိုင်းနေ တအာင်း(ပလောင်)တို့က မှတ်ယူကြသည်။ မြစ်ချောင်း၊ အင်းအိုင်တို့တွင် နေထိုင်ကြသော တအာင်း(ပလောင်)တို့မှာ မိုးနည်းပါးခြင်း၊ ရေရှားပါးခြင်းများနှင့်ကြုံတွေ့လျှင် စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးစေသဖြင့် ရေရရှိရေးကို အစဉ်လိုလားကြသည်။ ရေအား စောင့်ရှောက်သော နတ်နဂါးပေါ်သည့်နှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း အဆင်ပြေချောမွေ့သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် နတ်နဂါးအား အမိသဖွယ် ရေပိုင်းနေ တအာင်း(ပလောင်)တို့က မှတ်ယူကြသည်။ ထိုကုန်းပိုင်းနေ တအာင်း(ပလောင်)နှင့် ရေပိုင်းနေ တအာင်း(ပလောင်)တို့သည် အဖနေမင်းနှင့် အမိနဂါးတို့မှ ဆင်းသက်လာသည်ဟု ယုံကြည်ကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၄၀၀ ခန့်မှစတင်၍ သထုံ ခေါ် သုဝဏ္ဏဘူမိတွင် နေထိုင်စဉ် ဗုဒ္ဓဘာသာကို စတင်သက်ဝင်ယုံကြည်ကြသည်ဟုဆိုသည်။ ပုဂံခေတ်၏ ဘုရား၊ ပုထိုးနှင့် ကျောင်းကန် အကြောင်းရေးသားထားသော Arannika ၏မှတ်တမ်းတွင် ဘုန်းတော်ကြီး မဟာကဿပ (MahaKassapa)သည် ပလောင်လူမျိုးဖြစ်သည်ဟု မှတ်တမ်းတင်ခဲ့သည်။ ယခုအခါတွင် ဗုဒ္ဓဘာသာဝင်ဖြစ်ကြသော်လည်း ရှေးယခင်က ကိုးကွယ်ခဲ့သော အဖနေမင်းနှင့် အမိနဂါးတို့ကို ပစ်ပယ်ခြင်းမပြုဘဲ အထွတ်အမြတ်ထားပြီး ရင်ထိုးတံဆိပ်အဖြစ်လည်းကောင်း၊ ကျောက်စာတိုင်တို့တွင်လည်းကောင်း၊ တအာင်း(ပလောင်)ဖတ်စာစာအုပ်၏ အဖုံးတွင်လည်းကောင်း၊ နှစ်စဉ်ထုတ် ပြက္ခဒိန်မျက်နှာဖုံးတွင်လည်းကောင်း ထည့်သွင်းအသုံးပြုကြသည်။ ယခု တအာင်း(ပလောင်)လူမျိုးများသည် ဗုဒ္ဓဘာသာကိုသာ သက်ဝင်ယုံကြည်ကိုးကွယ်ကြသည်။


### စာပေနှင့် ဘာသာစကား

တအာင်း(ပလောင်) လူမျိုးတို့သည် တအာင်း(ပလောင်)စာပေ မပေါ်ပေါက်မီ ရှေးယခင် တရားစာနှင့် အခြားစာများ ရေးသားရာတွင် ယွန်းစာဖြင့်လည်းကောင်း၊ ရှမ်းစာဖြင့်လည်းကောင်း အသုံးပြုရေးသားခဲ့ကြောင်း သိရှိရသည်။ တအာင်း(ပလောင်) မပေါ်ပေါက်မီတွင် အသုံးပြုသော စာပေနှင့် ပလောင်စာပြုပုဂ္ဂိုလ်များမှာ ၁၉၁၂ ခုနှစ်မှ ၁၉၅၉ ခုနှစ်ထိ စာပြုပုဂ္ဂိုလ် ၁၅ ဦးရှိခဲ့ကြောင်း၊ ရောမအက္ခရာ၊ မွန်ဗမာအက္ခရာများ၊ ရှမ်းယွန်းအက္ခရာများ၊ ရှမ်းမြန်မာအက္ခရာများ၊ ယိုးဒယားအက္ခရာများ၊ ရှမ်းအက္ခရာများကို အသုံးပြုခဲ့ကြောင်း သိရှိရသည်။ ၁၉၆၇ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ရှမ်းပြည်နယ်ဦးစီးအဖွဲ့က ဦးကျော်ဇော(ဥက္ကဋ္ဌ)၊ ရှမ်းပြည်နယ်ဦးစီးအဖွဲ့ ယဉ်ကျေးမှုတာဝန်ခံမှ ဦးဆောင်သည့် နှစ်ဦးပါဝင်သည့်အဖွဲ့ဖြင့် စာပေဖြစ်မြောက်ရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ပလောင်စာပေနှင့်ပတ်သက်၍ ရရှိလာသည့် စာမူများအပေါ် မူတည်ပြီး ဆွေးနွေးခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ပေ။

အထူးကဏ္ဍ [ ခ ] သို့ »»



## ရှမ်းပြည်နယ်ဒေသစာ ရေမုန်ညင်းသုပ်



ရေမုန်ညင်းကို အေးတဲ့အရပ်ဒေသများမှာတွေ့နိုင်ပြီး အထူးသဖြင့် ရှမ်းပြည်နယ် တောင်ကြီးဘက်မှာ ပေါပေါများများ ရနိုင်ပါတယ်။ ရှမ်း၊ ဓနု၊ ပအိုဝ်း စတဲ့တိုင်းရင်းသားများ အထူးကြိုက်နှစ်သက်တဲ့ ဟင်းရွက်တစ်မျိုးပါ။ တတန်တကစိုက်ပျိုးစရာမလိုဘဲ သဘာဝကနေ ပေါများစွာရရှိနေသေးလို့လည်း အော်ဂဲနစ်ဟင်းသီးဟင်းရွက်တစ်မျိုးလို့ ဆိုရပါမယ်။ မုန်ညင်းအမည်ပါနေသော်လည်း တွေ့နေကျ မုန်ညင်းဖြူ မုန်ညင်းစိမ်းတို့နဲ့ ပုံသဏ္ဌာန်ကွဲပြားတာကို တွေ့ရပါတယ်။

ရေမုန်ညင်းကို ဟင်းလျာအဖြစ်စားသုံးရာမှာ သုပ်ပြီးစားရတာကို ပိုပြီးကြိုက်နှစ်သက်ကြတာကို တွေ့ရပါတယ်။ အထူးသဖြင့် ပူအိုက်တဲ့ အခုလိုရာသီတွေမှာ ရေမုန်ညင်းသုပ်ဟာ ဝမ်းအေးတာကြောင့် အခါရာသီနဲ့လိုက်ဖက်ပြီး ရဟန်းသံဃာများကို ရာသီစာအဖြစ် ကပ်လေ့ရှိတာကို တွေ့ဖူးပါတယ်။ ရေမုန်ညင်းရဲ့အရသာဟာ စားလိုက်တဲ့အခါ အေးမြတဲ့အထိအတွေ့ကိုရပြီး ကျွတ်ကျွတ်မည်အောင်ဝါးရတာမို့လည်း ထူးခြားတယ်လို့ ဆိုရပါမယ်။ ရှမ်းဒေသထွက်ကုန်ဖြစ်လို့ ကား၊ ရထားလိုင်းများမှတစ်ဆင့် ယခုအခါ ရန်ကုန်မြို့ရှိ ဈေးကြီးတွေမှာလည်း တွေ့ရတတ်ပါတယ်။

ရေမုန်ညင်းကို သုပ်တော့မယ်ဆိုရင် အရင်းပိုင်းက အရင့်တွေကိုဖယ်ကာ ပွက်ပွက်ဆူရေနွေးထဲ ဆားခတ်ပြီး နှစ်မိနစ်၊ သုံးမိနစ်လောက်ဖျောပြီး ရေအေးနဲ့ စိမ်ထားပေးပါ။ ရေနွေးအဖျောနာသွားရင်တော့ အပင်နွမ်းသွားပြီး ကျွတ်ကျွတ်မြည်အောင် ဝါးရတဲ့အရသာ မပေါ်လွင်တော့လို့ပါ။ အသင့်ဖြစ်ပြီဆိုရင် အနေတော်ရေနွေးဖျောထားတဲ့ ရေမုန်ညင်းတွေကို ရေညှစ်ပြီး မထူမပါးလှီးပြီး အသင့်ပြင်ထားပါ။ ကြက်သွန်နီပါးပါးလှီး နှစ်ရေလောက်ဆေးပြီး ရေစစ်ထားပါ။ ခရမ်းချဉ်သီးကို အစေ့ဖယ်ကာ ပါးပါးလှီးထည့်၊ ပုစွန်ခြောက်ထောင်း၊ မြေပဲလေးစိတ်ကွဲနဲ့ အစပ်ကြိုက်ပါက ငရုတ်သီးစိမ်းတောင့်လှီးထည့်ကာ ဆီချက်လောင်း၊ သံပရာရည်ညှစ်လို့ ဆားနှံ့အောင်နယ်ပြီး သုပ်လိုက်ပါ။ ကျောက်စိမ်းရောင်တောက်တောက် ရေမုန်ညင်းသုပ်ရဲ့ အရသာထူးကို သင်မကြာခင်မြည်းစမ်းရပါတော့မယ်။

စံလွင် (ငါးဦးစီး)

အထူးကဏ္ဍ [ က ] မှ »»

တအာင်း(ပလောင်)စာပေတွင် ဗျည်းအက္ခရာ ၃၄ လုံး၊ သရအက္ခရာ ၁၈ လုံးပါရှိသည်။ ယနေ့ထိတိုင် အသုံးပြုသော ပလောင်စာပေအက္ခရာများမှာ (မွန်-မြန်မာ-ပါဠိဘာသာ)များကိုအခြေခံပြီး အသုံးပြုသောစာပေဖြစ်သည်။ ပလောင်တိုင်းရင်းသားတို့သည် နေထိုင်သောနေရာဒေသအလိုက် စကားပြောဆိုရာတွင် အနည်းငယ်သာ ကွဲပြားခဲ့သော်လည်း စာပေမှာ ယနေ့ထိ သတ်မှတ်ထားသောစာကိုသာ အသုံးပြုကြသည်။ စာပေပညာရှင်အများဆုံးပေါ်ထွက်သော ဒေသများမှာ နမ့်ဆန်၊ နမ့်ခမ်း၊ မူဆယ်၊ ကွက်ခိုင်စသော ပညာရှင်များ၊ ကျော်ကြားသောပညာရှင်များမှာ ဦးပေါ်စံ၊ ဦးနာဂသေန၊ ဦးပညာဝံသ၊ ဦးနန္ဒိယ၊ ဦးသန်းမောင် စသောပုဂ္ဂိုလ်များဖြစ်ကြသည်။

တအာင်း(ပလောင်)တို့၏ ဘာသာစကားမှာ အရှေ့အာရှသုံး ဩစထရစ်ဘာသာစကားဖြစ်သည်ဟု ယူဆရပါသည်။ မျိုးနွယ်စုတို့၏ ဘာသာစကားကွဲလွဲရခြင်း၏ အကြောင်းရင်းမှာတူကြသော်လည်း အနေဝေးပြီး အဆက်အသွယ်ပြတ်ကြသောကြောင့် ဖြစ်နိုင်သည်။ အသုံးအနှုန်းမှာမူ အသုံးပြုသော ဗျည်းအက္ခရာမှာ တူညီကြသော်လည်း သရထွက်ဆိုချက်မှာ ကွဲပြားကြောင်း တွေ့ရှိရသည်။ အချို့တွင် ဗျည်း၊ သရ၊ အသတ်၊ ကာရန်ပါ ကွဲလွဲပြီး အဓိပ္ပာယ်ပါကွဲလွဲသွားကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် တအာင်း(ပလောင်)စာပေတို့ကို အသုံးပြုလာသည်မှာ နှစ်ပေါင်း ၄၂ နှစ် ရှိလာပြီဖြစ်ကြောင်း သိရှိရပါသည်။

### ဘာသာစကားကွဲလွဲရခြင်းအကြောင်းအရင်း

တအာင်း(ပလောင်)တို့၏ ဘာသာစကားမှာ အရှေ့အာရှသုံး ဩစထရစ်ဘာသာစကားဖြစ်မည်ဟု ယူဆရပါသည်။ မျိုးနွယ်စုတို့၏ စကားများကွဲလွဲရခြင်း၏ အကြောင်းအရင်း ရေကြည်ရာ မြက်နုရာလိုက်ရှာရင်း မြန်မာနိုင်ငံအတွင်း ပျံ့နှံ့စွာနေထိုင်ကြခြင်း၊ ရောက်ရှိနေထိုင်ရာဒေသရှိ အခြားတိုင်းရင်းသားတို့နှင့် ရောစပ်ပြီး နေထိုင်လာခဲ့ခြင်း၊ လမ်းပန်းအဆက်အသွယ် အခက်အခဲတို့ကြောင်း တစ်မျိုးနှင့်တစ်မျိုး အဆက်အသွယ်ပြတ်ပြီး အသုံးပြုသောဗျည်းအက္ခရာတူညီကြသော်လည်း သရအသံထွက်ချက်မှာ ကွဲလွဲသွားကြပါသည်။ အချို့တွင် ဗျည်း၊ သရ၊ အသတ်၊ ကာရန်ပါ ကွဲလွဲသွားပြီး အဓိပ္ပာယ်ပါ ကွဲလွဲသွားကြောင်း တွေ့ရှိရပါသည်။

### တအာင်း(ပလောင်)မျိုးနွယ်စုများ

တအာင်း(ပလောင်)လူမျိုးတို့သည် မိမိတို့ကိုယ်ကို တအာင်းဟူ၍ ခေါ်ဆိုသည်။ ဗမာတို့က ပလောင်ဟူ၍ ခေါ်သည်။ ပလေးဟူ၍လည်း ခေါ်ဆိုသည်။ ပလောင်ရာဇဝင်အဆိုအရ တကောင်းခေတ်ကတည်းက ပလောင်ဟု ခေါ်ဆိုခဲ့သည်။ ပုဂံခေတ်တွင်လည်း ပေါင်လောင်ဟူ၍ ရေးသားခဲ့ကြသည်ကို တွေ့ရှိရသည်။ ရှေးဗမာတို့က ရွှေပလောင်၊ ငွေပလောင်ဟူ၍ ချစ်ခင်မြတ်နိုးဖွယ် တင်စားသုံးနှုန်းခေါ်ဆိုခြင်းသာဖြစ်သည်။ တအာင်း(ပလောင်)လူမျိုးတို့၏ မျိုးနွယ်စုများမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

၁။ တအာင်းဆာမ်လုံမျိုးနွယ်စု
၂။ တအာင်းရူမာည်းမျိုးနွယ်စု
၃။ တအာင်းရူဂွံင်မျိုးနွယ်စု
၄။ တအာင်းခွန်ဟောက်မျိုးနွယ်စု
၅။ တအာင်းရူစိင်(ရူကျင်း)မျိုးနွယ်စု
၆။ တအာင်းရူခိုရ်(ရူကော)မျိုးနွယ်စု
၇။ တအာင်းထဲဝ်ရာည်(ထရိုင်း)မျိုးနွယ်စု
၈။ တအာင်းမိုင်စိမျိုးနွယ်စု
၉။ တအာင်းကွံန်ဟာည်(ကွမ်ဟိုက်)မျိုးနွယ်စု
၁၀။ တအာင်းတံင်မ(တောင်မ)မျိုးနွယ်စု
၁၁။ တအာင်းပါင်နိမ်(ပန်နင်(မ်))မျိုးနွယ်စု
၁၂။ တအာင်းငွံန်ရောက်မျိုးနွယ်စု
၁၃။ တအာင်းကလောမျိုးနွယ်စု

### အမည်နာမမှည့်ခေါ်ခြင်း

အမျိုးသားဆိုလျှင် ရှေ့တွင် 'မိုင်း'ဟု တပ်ဆိုပြီး အမျိုးသမီးဆိုလျှင် 'လွေး'ဟု တပ်ပြီး ခေါ်ဆိုကြပါသည်။ အဓိကထူးခြားမှုမှာ ရူမျိုးနွယ်စုနှင့် ကတူးမျိုးနွယ်တို့၏ နာမည်မှည့်(ကင်ပွန်းတပ်)နည်းကို အောက်ပါအတိုင်း ထပ်မံတွေ့ရပြန်သည်-

ရူမျိုးနွယ်စုတို့သည် အမျိုးသား၏ နာမည်ရှေ့တွင်-

၁။ ပထမ - အနိုင် (သို့မဟုတ်) အအိုင်
၂။ ဒုတိယ - အညီ (သို့မဟုတ်) အညမ်း
၃။ တတိယ - အလုပ် (သို့မဟုတ်) အလျှို (သို့) အဆမ်
၄။ စတုတ္ထ - အယိုင် (သို့မဟုတ်) အယျော့
၅။ ပဉ္စမ - အငို (သို့မဟုတ်) အငွေ
၆။ ဆဋ္ဌမ - အလုပ် (သို့မဟုတ်) အလိမ့်
၇။ သတ္တမ - အဇစ် (သို့မဟုတ်) အစဲက်

ရူမျိုးနွယ်စုတို့သည် အမျိုးသမီး၏ နာမည်ရှေ့တွင်-

၁။ ပထမ - အေ (သို့မဟုတ်) ယေ
၂။ ဒုတိယ - အီ
၃။ တတိယ - အမ်
၄။ စတုတ္ထ - အိုင်
၅။ ပဉ္စမ - အို
၆။ ဆဋ္ဌမ - အုတ်
၇။ သတ္တမ - အက်

ကတူး (ခ) ဆမ်လုံ တအာင်းမျိုးနွယ်စု၏ အမျိုးသား နာမည်ရှေ့တွင်-

၁။ ပထမ - ဝိဒါန်း
၂။ ဒုတိယ - ဝီဒီ
၃။ တတိယ - ဝိဒွဲ့
၄။ စတုတ္ထ - ဝိဒို့
၅။ ပဉ္စမ - ဝိကရူ
၆။ ဆဋ္ဌမ - ဝိဒေါန်
၇။ သတ္တမ - ဝိလွေ

ကတူး (ခ) ဆမ်လုံတအာင်းမျိုးနွယ်စု၏ အမျိုးသမီး နာမည်ရှေ့တွင်-

၁။ ပထမ - ဒီဒါန်း
၂။ ဒုတိယ - ဒီဒီ
၃။ တတိယ - ဒီဒွဲ့
၄။ စတုတ္ထ - ဒီဒို့
၅။ ပဉ္စမ - ဒီကရူ
၆။ ဆဋ္ဌမ - ဒီဒေါန်
၇။ သတ္တမ - ဒီလွေ

အားလုံးသော တအာင်း(ပလောင်)အမျိုးသား၊ အမျိုးသမီးတို့၏ နာမည်ရှေ့တွင် လူငယ်နှင့် လူလတ်ပိုင်းတို့သည် 'မိုင်း'နှင့် 'လွေး'ကိုသော်လည်းကောင်း၊ လူကြီးပိုင်းတို့သည် 'တား'နှင့် 'ယား'ကိုသော်လည်းကောင်းထား၍ မှည့်ခေါ်ခြင်းဖြင့် မိမိတို့သည် တအာင်း(ပလောင်)လူမျိုးဖြစ်ပါကြောင်း ဂုဏ်ယူစွာဖော်ညွှန်းပြသကြစေလိုပါသည်။

တား = ဦး၊ ယား = ဒေါ်၊ တာ = အဘိုး၊ ယာ = အဘွား ဟု ခွဲခြားတက်ရန်လည်း အထူးသတိပြုစေလိုသည်။ တားနှင့်ယားသည် ရာထူး၊ အလုပ်တာဝန်ရှိသော ပုဂ္ဂိုလ်များကို ဖော်ပြသည့်နေရာတွင်လည်း အသုံးပြုသည်။ ဥပမာ-ဆရာ၊ ဆရာမဆိုပါတော့၊ တားဆရာ၊ ယားဆရာမ၊ ကျောင်းအုပ်ကြီးနှင့် ကျောင်းအုပ်ဆရာမကြီးဆိုလျှင်လည်း တားကျောင်းအုပ်၊ ယားကျောင်းအုပ် စသည်ဖြင့် အလုပ်တာဝန်နှင့် ရာထူးရှေ့တွင်လည်း ထပ်ပြီး တွဲသုံးလေ့ရှိသည်။





> တအာင်း(ပလောင်)တွင် နေရာဒေသကိုလိုက်၍ ဝတ်စားဆင်ယင်ပုံကွာခြားကြသည်။ တအာင်း(ပလောင်) အမျိုးသမီးများတွင် ဝတ်စုံ အမျိုးအစား ၁၃ မျိုးရှိသည်။ သို့သော် အမျိုးသားများမှာ အတွင်းတွင် အဖြူရောင် စတစ်ကော်လံပါအင်္ကျီကို ဆင်မြန်းပြီး အပေါ်တွင် အနက်ရောင်ကို ထပ်၍ဆင်မြန်းသည်။ ခေါင်းပေါင်းပန်းရောင်ဖြစ်ပြီး အဖ နေမင်းကို ကိုယ်စားပြုပြီး လက်ယာရစ်၍ ထုံးဖွဲ့ထားပါသည်။ လူပျိုတို့မှာ ပန်းရောင်ခါးစည်း ဆင်မြန်းသည်။ သို့သော် အမျိုးသမီးများတို့သည် နေရာဒေသလိုက်၍ ဝတ်စားဆင်ယင်မှုမှာ ကွဲပြားမှုရှိပါသည်။

### အနုပညာနှင့် တူရိယာ

တအာင်း(ပလောင်)လူမျိုးများသည် မင်္ဂလာအိုးစည်ကြီး၊ အိုးစည်၊ ဗုံမောင်း၊ လင်းကွင်းတို့ကို သီဆိုတီးခတ်ကခုန်လေ့ရှိကြသည်။ တအာင်း(ပလောင်)တို့သည် မင်္ဂလာအိုးစည်ကို တီးခတ်ပြီး မြေဝိုင်းအက ကလေ့ရှိကြသည်။ ရိုးရာသိုင်းအကဖြစ်ကြသော ဓားသိုင်းအက၊ မီးအက၊ တုတ်အကများကိုလည်း ကပြဖျော်ဖြေလေ့ရှိကြသည်။ ရိုးရာပွဲတော်များမှာ ရိုးရာအိုးစည်နှင့် တီးခတ်ကခုန်ကြသည်။

### ဝတ်စားဆင်ယင်မှု

ဝတ်စားဆင်ယဉ်မှုနှင့်ပတ်သက်၍ တအာင်း(ပလောင်)တွင် ယုံကြည်မှုတစ်ခုရှိသည်။ တအာင်း(ပလောင်)တို့သည် ဖခင် နေမင်းနှင့် မိခင် နဂါးတို့မှ ဆင်းသက်လာသည်ဟု ယုံကြည်ကြသည်။ အမျိုးသမီးသည် မိခင်အားနေ့အချိန်တွင် မြင်လိုက်သောသူများမှာ မိခင်နဂါးကဲ့သို့ ပြိုးပြိုးပြက်ပြက်အရောင်တို့ကို ဝတ်ဆင်ကြပြီး မိခင်အား ညနေအချိန်တွင် မြင်လိုက်သောသူများမှာ အမှောင်အဆင်များကို ဝတ်ဆင်ကြသည်။

တအာင်း(ပလောင်)တွင် နေရာဒေသကိုလိုက်၍ ဝတ်စားဆင်ယင်ပုံ ကွာခြားကြသည်။ တအာင်း(ပလောင်) အမျိုးသမီးများတွင် ဝတ်စုံအမျိုးအစား ၁၃ မျိုးရှိသည်။ သို့သော် အမျိုးသားများမှာ အတွင်းတွင် အဖြူရောင် စတစ်ကော်လံပါအင်္ကျီကို ဆင်မြန်းပြီး အပေါ်တွင် အနက်ရောင်ကို ထပ်၍ဆင်မြန်းသည်။ ခေါင်းပေါင်းပန်းရောင်ဖြစ်ကာ အဖ နေမင်းကို ကိုယ်စားပြုပြီး လက်ယာရစ်၍ ထုံးဖွဲ့ထားပါသည်။ လူပျိုတို့မှာ ပန်းရောင်ခါးစည်း ဆင်မြန်းသည်။ သို့သော် အမျိုးသမီးများတို့သည် နေရာဒေသလိုက်၍ ဝတ်စားဆင်ယင်မှုမှာ ကွဲပြားမှုရှိပါသည်။ **(မှတ်ချက်။** တအာင်း(ပလောင်) အမျိုးသား၏ ဝတ်စားဆင်ယင်မှုမှာ တစ်ပုံစံတည်းသာဖြစ်သည်)

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]



**အထူးကဏ္ဍ [ ယ ] မှ »»**

ဆရာတော်၊ သံဃာတော် ၁၁ ပါးက စက်လှေဖြင့် ကြွချီ၍ အန္တရာယ်ကင်းပရိတ်တရားတော်များကို အစုန်အဆန် ရွတ်ဖတ်သရဇ္ဈာယ်ပေးတော်မူခဲ့ကြသည်။ သီပေါမြို့ဈေးရပ်ကွက်ရှိ ပွန်တွန်းတံတားဟောင်းဆိပ်မှ မိုးမခစက်လှေမိသားစုများက ကုသိုလ်ယူစီစဉ်ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ သီပေါမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကောသလ ဦးဆောင်သော ဆရာတော်၊ သံဃာတော် ၁၁ ပါးတို့က ကြွရောက်ဆောင်ရွက်ပေးတော်မူခဲ့ကြသည်။ ရှေ့ဆုံးမှ စက်လှေနှစ်စင်းဖြင့် ဆရာတော်များက ဦးဆောင်ကြွချီတော်မူပြီး ပရိတ်တရားတော်များကို ရွတ်ဖတ်ပေးတော်မူကြသည်။ နောက်မှ စက်လှေသုံးစင်းဖြင့် ရှမ်းတိုင်းရင်းသား တိုင်းရင်းသူ၊ ပြန်/ဆက် ဝန်ထမ်းများနှင့် စာရေးဆရာ အသင်းဝင်များ၊ အလှူရှင်များက လိုက်ပါကြည်ညိုခဲ့ကြသည်။

ဦးစွာ ပွန်တွန်းဆိပ်မှ ဒုဋ္ဌဝတီမြစ်ကူးတံတားကြီးအနီးအထိ စုန်ဆင်းကြပြီး ရှေ့စက်လှေနှစ်စင်းပေါ်မှ ဆရာတော်များက ပရိတ်တရားတော်များကို ရွတ်ဖတ်ပေးတော်မူကြသည်။

ဆက်လက်၍ သီပေါမြို့မှ ကိုးမိုင်ဝေးသော ချောင်းဆုံသို့ ပြန်လည်ဆန်တက်ကြသည်။ အဆန်ခရီးစဉ်တစ်လျှောက်လုံးတွင် ပရိတ်တရားတော်များ ရွတ်ဖတ်တော်မူခဲ့ကြသည်။ ချောင်းဆုံသို့ ဆိုက်ရောက်လျှင် သဲသောင်ပြင်ရှိ တဲဆိုင်ခန်းတစ်ခု၌ ပရိတ်တရားတော်များနှင့် အန္တရာယ်ကင်းကမ္မဝါများကို ထပ်မံချီးမြှင့်ပေးတော်မူကြသည်။ ချောင်းဆုံအနီးမှ ဒေသခံတိုင်းရင်းသားများကလည်း အတူလာရောက်နာယူကြည်ညိုခဲ့ကြသည်။ ရှမ်း၊ မြန်မာနှစ်ဘာသာဖြင့် မေတ္တာပို့သပြီး ရေစက်သွန်းချ အမျှအတန်းပေးဝေခဲ့ကြသည်။ ချောင်းဆုံမှ သီပေါသို့အပြန် အစုန်ခရီးတွင်လည်း ဆရာတော်များက ပရိတ်တရားတော်များကို ဆက်လက်ရွတ်ဖတ်ပေးတော်မူကြသည်။

သီပေါမြို့ ဈေးရပ်ကွက် ပွန်တွန်းဆိပ်သို့ ဆိုက်ရောက်လျှင် ဒါယကာ ဒါယိကာမများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး လူပရိသတ်များအား အအေးဖျော်ရည်များဖြင့် ကျွေးမွေးကုသိုလ်ပြုခဲ့ကြသည်။ လာမည့်နှစ်များတွင် ယခုအကြိမ်က အတွေ့အကြုံများကိုယူ၍ ဒေသခံတိုင်းရင်းသားများနှင့်အတူ ပိုမိုကျယ်ပြန့်စွာ စီစဉ်ဆောင်ရွက်သွားမည်ဟု မိုးမခစက်လှေမိသားစုမှ ဦးတင်ရွှေနှင့် ကိုအောင်ကိုမြင့်တို့က ပြောသည်။

ရိုးသားဖြူစင်ပြီး ဘာသာတရား ရိုသေကိုင်းရှိုင်းသော ဒေသခံတိုင်းရင်းသားများသည် သူတို့ချစ်သည့် ဒုဋ္ဌဝတီမြစ် အန္တရာယ်ကင်းရှင်း၍ ငြိမ်းချမ်းရေးအလှကို အမိဧရာဝတီဆီသို့ သယ်ဆောင်စီးဆင်းသွားနိုင်ရန် ဆန္ဒပြင်းပြနေမည်ဖြစ်ပါသည်။

**သီပေါကိုလတ်**

# (၈) ကြိမ်မြောက် ခမီအမျိုးသားနေ့အထိမ်းအမှတ် ဇေယျဝတီကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်

**စစ်တွေ မေ ၂၇**

ရခိုင်ပြည် စစ်တွေခရိုင် ပေါက်တောမြို့နယ် ရခိုင်မျိုးနွယ်စု ခမီတိုင်းရင်းသားများနေထိုင်သည့် ဇေယျဝတီကျေးရွာ၌ (၈) ကြိမ်မြောက် ခမီအမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေလသစ္စာ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီတွင် စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်၊ ရခိုင်ပြည်နယ်စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ စာရေးဆရာ ဟာသသရုပ်ဆောင် ဗဂျီးကျော်(စစ်တွေ)၊ ရပ်မိရပ်ဖ ဦးလှကျော်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ထို့နောက် စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်၊ ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိန်တို့က စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ ပိုစတာများနှင့် ကလေး ကစားစရာများလှူဒါန်းကြရာ စာကြည့်တိုက်မှူး ဦးနေအောင်နှင့် ဦးသန်းရွှေတို့က လက်ခံရယူကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရှင်သန်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ စာရေးဆရာ ဟာသသရုပ်ဆောင် ဗဂျီးကျော်(စစ်တွေ)က စာပေ၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောသည်။ ယင်းနောက် ခမီစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ဓာတ်ပုံများကို ကြည့်ရှုကြသည်။ ထို့ပြင် ခမီတိုင်းရင်းသားအသုံးအဆောင်နှင့် တူရိယာပစ္စည်းများပြသခြင်းနှင့် ခမီတိုင်းရင်းသား ယဉ်ကျေးမှုအကများဖြင့် သီဆိုဖျော်ဖြေပေးကြသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံမှာ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ကိုးပေ သွပ်မိုးအုတ်ကာအဆောက်အအုံဖြစ်ပြီး အဝေးရောက် ကျေးရွာသူ ကျေးရွာသားများ၏ စုပေါင်းလှူဒါန်းမှုဖြင့် သိန်း ၂၀ ကျော် ကုန်ကျဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ဒေသခံများ အသိပညာဗဟုသုတရရှိစေရေးအတွက် စာကြည့်တိုက်ကို နေ့စဉ်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် တစ်ပတ်လျှင် သုံးရက်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်နဲ့ ပရိဘောဂတွေ လိုအပ်လျက်ရှိနေပါတယ်”ဟု စာကြည့်တိုက်မှူး ဦးနေအောင်က ပြောကြားသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**




**အထူးကဏ္ဍ [ ယ ] မှ »»**

မိဘများကို အကူအညီပေးကြသည့်အပြင် စားကောင်းသောက်ဖွယ်များကိုလည်း မိဘများထံသို့ ပို့ပေးလေ့ရှိကြသည်။

ကယားအိမ်ထောင်စုသည် ရိုးသားအေးချမ်းစွာနေထိုင်သော မိသားစုဖြစ်ပြီး အိမ်ထောင်ဦးစီး ဖခင်ဖြစ်သူ ကွယ်လွန်သွားပါက မိခင်ဖြစ်သူကပင် လုပ်ငန်းဆောင်တာများကို ဦးစီးလုပ်ကိုင်လေ့ရှိသည်။ မိဘနှစ်ပါးစလုံး ကွယ်လွန်သွားပါက သားအကြီးဆုံးက အိမ်ထောင်ကို ဦးစီးဦးဆောင်ပြုကာ ညီငယ်၊ နှမငယ်များ၏ စားဝတ်နေရေးကို တာဝန်ယူကြသည်။ သားအကြီးဆုံးမရှိသော အိမ်ထောင်စုတွင်မူ သမီးအကြီးဆုံးကပင် အိမ်ထောင်ကို ဦးစီး၍ မောင်ငယ်၊ ညီမငယ်များကို ကျွေးမွေးစောင့်ရှောက်မှုပြုကြသည်။

ထိုသို့ကျွေးမွေးစောင့်ရှောက်ရာတွင် သားအကြီး သို့မဟုတ် သမီးအကြီးမှာ စီးပွားရေးမဖူလုံ၍ ညီငယ်၊ ညီမငယ်များအား မကျွေးမွေး၊ မပြုစုနိုင်ခဲ့သည်ရှိသော် ဦးလေးများ၊ အဒေါ်များက တာဝန်ယူ၍ မွေးစားလေ့ရှိကြသည်။ ကယားလူမျိုးများသည် ကလေးသူငယ်များအား ချစ်ခင်မြတ်နိုးတတ်သည့် စိတ်အခံရှိသည်နှင့်အညီ သားသမီးမထွန်းကားသော အိမ်ထောင်သည်များက သွေးမတော် သားမစပ်သောသူများ၏ ကလေးများကို မွေးစားလေ့ရှိကြသည်။ များသောအားဖြင့် မိဘမဲ့ကလေးများကို မွေးစားလေ့ရှိကြသည်။



တချို့ကလေးများသည် မိစုံဘစုံ ရှိပင်ရှိငြား တစ်ခါတစ်ရံတွင် ၎င်း၏မိဘများက အကြောင်းအမျိုးမျိုးကြောင့် မိမိတို့၏ သားသမီးများကို မွေးစားရန် သားသမီးမထွန်းကားသော ဇနီးမောင်နှံများထံ ပေးအပ်လေ့ရှိကြသည်။ များသောအားဖြင့် အလွန်ဆင်းရဲသော မိဘများက ၎င်းတို့၏ ရင်သွေးကောင်းစားရေးကို ရှေးရှုလျက် ငွေကြေးတတ်နိုင်သူများအား မွေးစားရန် ပေးလေ့ရှိကြသည်။

ထို့ပြင် အသက်အရွယ်ကြီးရင့်လာသူများ အနေဖြင့် အိုမင်းမစွမ်းရှိလာကြသောအခါ မိမိတို့အား မိဘအရင်းကဲ့သို့ ပြုစုစောင့်ရှောက်နိုင်စေရန်အလို့ငှာ ဆွေမျိုးများထဲမှဖြစ်စေ၊ သူစိမ်းတစ်ရံထဲမှဖြစ်စေ ကလေးများကို ခေါ်ယူမွေးစားလေ့ရှိကြသည်။ သို့သော်ငြား အချို့မှာ ကလေးမွေးစားသောအခါ အနီးစပ်ဆုံးဆွေမျိုးများထံမှသာ ခေါ်ယူမွေးစားလေ့ရှိကြသည်။

ထိုသို့ ကလေးကိုခေါ်ယူမွေးစားသည့်အခါ မိမိတို့၏သားသမီး အရင်းအချာကဲ့သို့ ချစ်ခင်ယုယစွာ ပညာသင်ကြားပေးပြီး အမွေကိုလည်း ဆက်ခံစေလေ့ရှိကြသည်။ ထို့ကြောင့် ထိုမွေးစားကလေးကို အရေးတယူ ချစ်ခင်ကြသည်။ အဆိုပါကလေးသည် နိမ့်ကျခြင်းမရှိဘဲ ပတ်ဝန်းကျင်ကလည်း ထိုကလေးကို အရေးပေးချစ်ခင်ကြသည်။

မွေးစားသားသမီးများသည် မွေးစားသည့်မိဘတို့ကို ပြန်လည်ပြုစုသည်နှင့်အမျှ အမွေဆက်ခံခွင့်လည်းရှိကြသည်။ မိဘများက သားသမီးများ အိမ်ထောင်ပြုပြီးနောက် အိမ်ခွဲနေချိန်မှစ၍ အမွေပစ္စည်းများကို အပြီးအပိုင်ခွဲဝေပေးလေ့ရှိကြသည်။ တစ်ဦးတည်းသာရှိသော သား သို့တည်းမဟုတ် သမီးသည် အိမ်ထောင်ကျသွားသော်လည်း မိဘများနှင့် တစ်သက်လုံးနေထိုင်မှုပြုကြသည်။ ထိုသို့သောအခါတွင် အိမ်ထောင်နှစ်စု တစ်အိမ်တည်း နေထိုင်ကြသည်ကို တွေ့ရပေသည်။ သားအထွေးဆုံးသည်လည်း အိမ်ထောင်ကျသွားသောအခါ မိဘများနှင့်ပင် နေထိုင်၍ မိဘများကို ပြုစုလေ့ရှိကြသည်။

●●●



# ဘေးရန်ကင်းရှင်း လှပခြင်းများနှင့် ဒုဋ္ဌဝတီမြစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဒုဋ္ဌဝတီမြစ်သည် နမ့်တူချောင်းနှင့် သီပေါမြို့အထက် ကိုးမိုင်ခန့်ရှိ နမ့်မချောင်းတို့ပေါင်းဆုံရာမှစ၍ ဒုဋ္ဌဝတီမြစ်ဟူ၍ ဖြစ်ပေါ်ခဲ့သည်။ ထိုဒုဋ္ဌဝတီမြစ်ရေသည် ရှမ်းသွေးချင်းတို့၏ ငြိမ်းချမ်းရေးတေးသံသာကို သယ်ဆောင်ပြီး မြစ်ငယ်မြို့နယ်အနီးမှတစ်ဆင့် အမိဧရာဝတီသို့ စီးဝင်ပေါင်းဆုံသွားခဲ့သည်။

ဒုဋ္ဌဝတီမြစ်သည် သီပေါမြို့ကို အရှေ့မြောက်ဘက်နှင့် တောင်ဘက်တို့မှနေ၍ ကွေ့ကောက်စီးဆင်းလျက်ရှိသည်။ သီပေါမြို့အထွက်၌ ဒုဋ္ဌဝတီမြစ်ကူးတံတားသစ်ကြီးကို ၂၀၁၁ ခုနှစ် မတ်လတွင် တည်ဆောက်အသုံးပြုခဲ့ကြသည်။ ဒုဋ္ဌဝတီသီပေါတံတားကြီးပေါ်မှ ရန်ကုန်၊ မန္တလေး၊ မူဆယ်နှင့် တရုတ်နိုင်ငံနယ်စပ်အထိ မော်တော်ယာဉ်မျိုးစုံ နေ့ညမပြတ် အစုန်အဆန်ဖြတ်သန်းလျက်ရှိသည်။

ဒုဋ္ဌဝတီမြစ်ကိုအားထား၍ သီပေါမြို့ပတ်ဝန်းကျင်ရှိ ရှမ်းရွာလေးများသည် ဒေသထွက်သီးနှံများကို စက်လှေများဖြင့်တင်ယူကာ ဈေးကွက်ရှိရာသို့ ပို့ဆောင်ရောင်းချကြရသည်။ သီပေါမြို့သို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပ ဧည့်သည်များကလည်း ဒုဋ္ဌဝတီမြစ်အလှကို ခံစားကြသည်။ သီပေါမြို့မှအထက် ကိုးမိုင်အကွာ၌တည်ရှိသော ဒုဋ္ဌဝတီမြစ်အစ ချောင်းဆုံဒေသသို့လည်း စက်လှေငှားရမ်း၍ သွားရောက်လည်ပတ်ကြသည်။

စက်လှေမှာ လူခုနစ်ဦးမှ ရှစ်ဦးအထိ စီးနင်းလိုက်ပါနိုင်ပြီး သီပေါ-ချောင်းဆုံ အသွားအပြန်ခရီးစဉ်အတွက် စက်လှေစင်းလုံးငှားရမ်းခမှာ ကျပ် ၂၅၀၀၀ ဖြစ်သည်။ ရေလမ်းခရီးတွင် မြစ်ကမ်းပါးဘေးရှိ လှပသော ရှမ်းရွာလေးများကိုလည်း တွေ့မြင်နိုင်ကြသည်။ ပြည်ပဧည့်သည်အချို့က မြစ်ကမ်းပါးဘေးရှိ အဆိုပါရှမ်းရွာလေးများသို့လည်း တက်ရောက်လည်ပတ်တတ်ကြသည်။

ဧပြီ ၂၅ ရက် နေ့လယ်ပိုင်းက ဒုဋ္ဌဝတီမြစ်အတွင်း အန္တရာယ်ကင်းရှင်းပြီး ကောင်းကျိုးချမ်းသာဖြစ်စေရန်ရည်ရွယ်၍ အထူးကဏ္ဍ [ ဂ ] သို့ »»

# ကယားလူမျိုးတို့၏ မိသားစုဖွဲ့စည်းပုံနှင့် ဆွေမျိုးတော်စပ်ပုံ




● ရာမည

ကယားလူမျိုးတို့၏ လူမှုရေးအဖွဲ့အစည်းတွင် မိသားစုသည် အလွန်အရေးပါ အရာရောက်သည်ဟု ဆိုရမည်ဖြစ်သည်။ လူမှုရေးကိစ္စများတွင် မိသားစုက ဝိုင်းဝန်းကူညီလုပ်ကိုင်ဆောင်ရွက်ကြလေ့ရှိသည်။ အိမ်ထောင်စုတစ်ခုတွင် မိသားစုတစ်စုတည်းနေကြသည်က များသည်။ လက်ထပ်ပြီး ဇနီးမောင်နှံတို့မှာ အိမ်ခွဲနေရန် အဆင်သင့်မရှိသေးလျှင် မိဘများနှင့် တစ်နှစ်ခန့်အတူနေပြီးမှ အိုးသစ်အိမ်သစ်ထူထောင်၍ အိမ်ခွဲနေလေ့ရှိကြသည်။

မိဘများနှင့် အတူနေသည့်အခါတွင် စီးပွားရေးမှာ တပေါင်းတစည်း တစ်စီးပွားတည်းပင်ဖြစ်သည်။ မိသားစုတစ်ခုလုံး စုပေါင်းရှာဖွေကြပြီး စုပေါင်း၍ ချက်ပြုတ်စားသောက်ကြသည်။ မိဘများနှင့်အတူနေစဉ် ဦးစီးသူဖခင်က နာမကျန်းဖြစ်နေပါက ဖခင်၏အလုပ်ကို သားကြီးမရှိက သမီးကြီး၏ခင်ပွန်းသားသမက်က ဦးစီးလုပ်ကိုင်နိုင်သည်။ ဖခင်သည် အိမ်ထောင်ဦးစီးဖြစ်သည့်အပြင် သားသမီးများအပေါ်တွင် ဩဇာလွှမ်းမိုးနိုင်သူဖြစ်သည်။ ဩဇာအကြီးဆုံးဖြစ်သော ဖခင်ကို မိခင်နှင့်တကွ သားသမီးများက ချစ်ကြောက်ရိုသေမှု ရှိကြသည်။

သို့ရာတွင် ဖခင်ဖြစ်သူသည် သားရေးသမီးရေးကိစ္စများ၌ မိမိသဘောအတိုင်းဆုံးဖြတ်ခြင်းမပြုမူဘဲ ၎င်းတို့၏မိခင်ဖြစ်သူနှင့် တိုင်ပင်ဆွေးနွေးလေ့ရှိသည်။ အိမ်ထောင်ခွဲသားသမီးတို့သည် မိဘနှင့်ခွဲခွာ၍ မိမိတို့အိမ်ဖြင့် သီးခြားနေထိုင်ကြသော်ငြား မိဘများကို အတူနေစဉ်ကကဲ့သို့ ရိုသေလေးစားမှုရှိကြပြီး အထူးကဏ္ဍ [ ဂ ] သို့ »»

# ပြည်သူများကို အကျိုးပြုသည့် တာတမံများ



**မအူပင် မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မအူပင်ခရိုင် မအူပင်မြို့သည် ဧရာဝတီမြစ်-တိုးမြစ်နှင့် ပန်တပွတ်မြစ်တို့ ဝန်းရံလျက်ရှိသော မအူပင်ကျွန်းပေါ်တွင် တည်ရှိသော မြို့နယ်ဖြစ်သည်။

မအူပင်မြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၆ အုပ်စု စုစုပေါင်း ၈၈ အုပ်စု၊ ကျေးရွာခွဲပေါင်း ၄၄၂ ရွာရှိပြီး အဓိက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတို့ဖြင့် လုပ်ကိုင်နေထိုင်ကြရာ မအူပင်မြို့နယ်အတွင်းရှိ လူနေအိမ်ခြေ၊ စာသင်ကျောင်း တိုက်တာအဆောက်အအုံများ၊ ဘုရားပုထိုးစေတီများ၊ လူမှုကိုးကွယ်ရာ ဘာသာရေးအဆောက်အအုံများနှင့် စိုက်ပျိုးမြေ ၁၁၄၄၄၈ ဧကတို့အား မိုးရာသီကာလတွင် တိုးမြစ်ရေမြင့်တက်ခြင်းကြောင့် ရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် အလျား ၆၁ ဒသမ ၇၅ မိုင်ရှိသော တာတမံကို ၁၈၈၄ ခုနှစ်ကတည်းက စတင် တည်ဆောက်ကာကွယ်ထားရှိကြောင်း သိရသည်။

တာတမံများ ကာလကြာရှည်မှုကြောင့် သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရန် တာကြံ့ခိုင်မှုမရှိသဖြင့် မအူပင်တံတားအထက်ပိုင်း တလုပ်လပ်အနောက်ကျေးရွာအနီး တိုးမြစ်အရှေ့ဘက်ကမ်းတွင် သဲသောင်များ ကျယ်ပြန့်စွာ ပို့ချလာသည့်အတွက် မြစ်၏အနောက်ဘက်ကမ်း၌ မြစ်ရေတိုက်စားပြီး ကမ်းပြို၊ ကမ်းစားမှုများ ဖြစ်ပေါ်လာသဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း တိုးမြစ်အနောက်ဘက်ကမ်း သဘာဝရေဘေးအန္တရာယ်ကြောင့် ကမ်းပြိုမှုများ ဖြစ်ပေါ်လာ၍ တည်ဆောက်ကာကွယ်ထားသည့် တာတမံအလျား ပေ၂၀၀ ခန့် မြစ်ရေတိုက်စားမှုနှင့်အတူ ထိခိုက်ပျက်စီးခဲ့ရသည်။ တာတမံအရှည်နှစ်မိုင်ခန့်မှာလည်း မြစ်ကမ်းနှင့်နီးလာပြီး မြစ်နှင့် ပေ၂၀ ခန့်သာရှိတော့သဖြင့် လာမည့်မိုးရာသီကာလတွင် မြစ်ရေတိုက်စားမှုခံရပါက တာတမံကျိုးပေါက်ပြီး ပြည်သူများ သဘာဝရေဘေးအန္တရာယ်မဖြစ်စေရန်အတွက် မူလတာတမံ၏ နောက်မှ နောက်ထပ်တာတမံ ပန်းတာအသစ်တစ်ခုနှင့် ဖြတ်တာ ခြောက်ခု စုစုပေါင်း တာတမံခုနစ်ခုကို မိုးရာသီမရောက်ခင် ရေဘေးအန္တရာယ်ကာကွယ်နိုင်ရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း မအူပင်ခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတိတ်အေးက ပြောသည်။

ထိုကဲ့သို့ တာတမံအား အချိန်မီပြီးအောင် ကြိုးစားတည်ဆောက်ပေးခဲ့မှုကြောင့် လာမည့်မိုးရာသီကာလတွင် တိုးမြစ်ရေ မြင့်တက်ချိန်တွင် မြို့နယ်အတွင်းရှိ ပြည်သူများအတွက် ရေဘေးအန္တရာယ်ကျရောက်မှုမှ ကာကွယ်ပေးနိုင်ပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို များစွာအထောက်အကူဖြစ်စေသဖြင့် မအူပင်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေဘေးအန္တရာယ် ကာကွယ်ပေးသည့် တာတမံများ တည်ဆောက်ထိန်းသိမ်းပေးခြင်း၊ ရေတံခါးများ တည်ဆောက်ပြီး စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများအတွက် များစွာအကျိုးပြုလျက်ရှိကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

**အောင်ခိုင်(မအူပင်)၊ ဝဏ္ဏာနိုင်(ညောင်တုန်း)**

## ဆေးဖြတ်လူနာများဖော်ထုတ်ကူညီနိုင်ရေး စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများဖြင့် ဆောင်ရွက်သွားမည်



**ရန်ကုန် မေ ၂၇**

မူးယစ်ဆေးဝါးသုံးစွဲသူများ ဖော်ထုတ်ရေးနှင့် ဆေးစွဲလူနာသတင်းများ ဖော်ထုတ်ရယူကာ ဆေးဖြတ်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မြို့နယ်၊ ရပ်ကွက်များအတွင်း အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်စေရန် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများ မွေးထုတ်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဥက္ကဋ္ဌ ဦးစံရှိန်က ပြောသည်။

ယခုအခါတွင် ထိုရက်တိုသင်တန်းများကို ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမူးယစ်ဆေးစွဲသူများ ပြန်လည် ထူထောင်ရေးအသင်း (မြန်မာ) တို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။ ထိုသင်တန်းများမှ သင်တန်းဆင်း စေတနာ့ဝန်ထမ်း မူးယစ် ကြီးကြပ်ရေးမှူးများအား မူးယစ်သတင်းနှင့် မူးယစ်ဆေးစွဲသူများ ဖော်ထုတ်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးများအား အပ်နှံသွားမည်ဖြစ်ကြောင်း မေ ၂၆ ရက်က ပြုလုပ်သည့် သင်တန်းဆင်းပွဲမှ သိရသည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဥက္ကဋ္ဌ ဦးစံရှိန်က "ဒီကနေသင်တန်းဆင်းတဲ့ သင်တန်းသားတွေက မူးယစ်ဆေးစွဲလူနာတွေကို ဆေးပြန်လည်မသုံးစွဲဖို့နဲ့ ပတ်ဝန်းကျင်က လက်ခံပြီးလူမှုအသိုင်းအဝိုင်းမှာ ဝင်ထွက်သွားလာနိုင်ဖို့ ရည်ရွယ်ပြီး နောက်ဆက်တွဲ စောင့်ရှောက်ပါလိမ့်မယ်၊ ဒီအပေါ်မှာ ဆေးစွဲသူရဲ့ မိသားစုတွေနဲ့တွေ့ပြီး နောက်ဆက်တွဲ စောင့်ရှောက်ပေးမှာပါ၊ လူငယ်တွေအတော်များများ မူးယစ်ပုဒ်မ ၁၅ ပြင်ဆင်လိုက်တဲ့အတွက် အများကြီးစိတ်ဝင်စားကြပါတယ်၊ ဒီပုဂ္ဂိုလ်တွေကို ဆေးစွဲလူနာအဖြစ်သတ်မှတ်ပြီး အရေးမယူတော့ပါဘူး။ ဒီအပေါ်မှာ လူငယ်တွေက အခွင့်ကောင်းယူပြီး အလွန်အကျွံသုံးစွဲတာတွေနဲ့ သတ်မှတ်ထားတဲ့ အရေအတွက်ထက်ကျော်ပြီး မူးယစ်ဆေးဝါးတွေ လက်ထဲမှာ ထားရှိမယ်ဆိုရင်တော့ အရေးယူမယ်။ သူတို့ကိုလည်း ဆေးဖြတ်ဖို့ကူညီမယ်၊ ဒီအပိုင်းမှာ နိုင်ငံတော်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ထွက်လာတဲ့ ဆေးသုံးစွဲသူလူနာတွေရှိတယ်၊ ဆေးဖြတ်ပြီးသားလူငယ်တွေလည်းရှိတယ်၊ ဒီလူတွေကို ဆေးပြန်လည်ပြီး မသုံးစွဲအောင် ကူညီပေးဖို့ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးတွေကို မွေးထုတ်ရတာပါ၊ ဒါ့အပြင် မူးယစ်နဲ့ပတ်သက်ပြီး သတင်းရယူရေး၊ သတင်းတည်ဆောက်ရေးလုပ်ငန်းတွေကိုပါ ဆောင်ရွက်သွားပါလိမ့်မယ်၊ ဒါကို အခုသင်တန်းတက်နေကြတဲ့ မူးယစ်ကြီးကြပ်ရေးမှူးတွေက လျှို့ဝှက်ကုတ်နံပါတ်တွေနဲ့ မြို့နယ်ရဲတပ်ဖွဲ့ဝင်တွေကို အပ်နှံသွားပါလိမ့်မယ်၊ သိုသိပ်လျှို့ဝှက်စွာ ဆောင်ရွက်သွားမှာပါ၊ ဆေးစွဲလူနာများ၊ ဆေးဖြတ်ချင်တဲ့ လူနာများကိုလည်း ရှာဖွေဖော်ထုတ်ပြီးတော့ ဆောင်ရွက်သွားပါလိမ့်မယ်၊ မိမိပတ်ဝန်းကျင်မှာ မူးယစ်ဆေးဝါးတွေ ရောက်နေပြီဆိုရင် သတင်းစုဆောင်းဖို့ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ ရက်တိုသင်တန်းကို သုံးရက်ကြာဖွင့်လှစ်ပို့ချခဲ့ရာ မူးယစ်ဆေးဝါး၊ ဆေးဖြတ်လူနာသတင်းများ ရယူပုံ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပုံနှင့် ရပ်ကွက်၊ မြို့ရွာများအတွင်း မူးယစ်ဆေးဝါးများ ရောက်ရှိနေ၍ သော်လည်းကောင်း၊ ဆေးဝါးသုံးစွဲသူများ ရှိနေ၍သော်လည်းကောင်း ဆောင်ရွက်သွားရမည့် အခြေအနေများကို မြန်မာနိုင်ငံ မူးယစ်ဆေးစွဲသူများ ပြန်လည် ထူထောင်ရေးအသင်း (မြန်မာ)မှ ဆရာကြီးများက သင်ကြားပို့ချခဲ့ကြောင်းသိရပြီး သင်တန်း၌ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုပရဟိတအဖွဲ့များနှင့် မူးယစ်ကင်းစင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသော သင်တန်းသား ၃၅ ဦးကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ပွင့်သစ္စာ**

## ကျိုက်လတ်မြို့နယ်တွင် စိုက်ပျိုးရေးဆိုင်ရာ သင်တန်းဖွင့်

**ကျိုက်လတ် မေ ၂၇**

ရွှေခရုကာကွယ်နှိမ်နင်းနည်းနှင့် GAP၊ SRI စိုက်ပျိုးနည်းစနစ် ပညာပေးသင်တန်းဖွင့်ပွဲကို ကျိုက်လတ်မြို့နယ် တပေတမော့ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မေ ၂၄ ရက် နံနက်ပိုင်းက ကျင်းပရာ ကျိုက်လတ်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေး တာဝန်ခံ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းသား တောင်သူ ၁၂၀ တက်ရောက်ကြသည်။

သင်တန်းတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးစိန်မောင်မြင့်က SRI စိုက်ပျိုးနည်းစနစ် ပညာရပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေး တာဝန်ခံ ဦးဝင်းစိုးက ရွှေခရုကာကွယ်နှိမ်နင်းနည်းနှင့် GAP စိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း ပို့ချဆွေးနွေးကြသည်။

**သပြေထွန်း**



**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးသော မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အုတ်ဖိုမြို့နယ် ကျက်ဆူတောကျေးရွာတွင် ၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပြီး မတည်ငွေကျပ် သိန်း ၃၀၀ ဖြင့် လည်ပတ်ခဲ့ရာ အတိုးအမြတ်ငွေကျပ် ၁၁ ဒသမ ၉၆၉၈ သန်း ရရှိ၍ ကျေးရွာစီမံကိန်းအသင်းသား ၃၉၂ ဦးအား ပဥ္စမနှစ်စက်ဝန်း စုစုပေါင်း ချေးငွေကျပ် ၄၀ ဒသမ ၅ သန်း ထုတ်ချေးပေးစဉ်။** ကြေးမုံ

# DNA ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ သိပ္ပံပညာရပ်ဆောင်းပါး ပုံနှိပ်ဖော်ပြခြင်း (၆၅)နှစ်မြောက် အထိမ်းအမှတ်

ဒေါက်တာမြင့်ဇံ

၁၉၅၃ ဧပြီ ၂၅ ရက်နေ့တွင် ဗြိတိန်နိုင်ငံထုတ် သိပ္ပံပညာရပ် *Nature* ဂျာနယ် အတွဲ(၁၇၁) စာစောင် (၄၃၅၆) စာမျက်နှာ(၇၃၇ နှင့် ၇၃၈)မှာ 'A Structure for Deoxyribose Acid'ဆိုတဲ့ အင်္ဂလိပ်ဘာသာစကားနှင့် စာလုံးရေ ၈၄၂ လုံးသာရှိတဲ့ ပညာရပ်ဆောင်းပါးတစ်ပုဒ် ပါရှိခဲ့တယ်။ ယင်းဆောင်းပါးကိုရေးခဲ့သူများကတော့ အမေရိကန်သိပ္ပံပညာရှင် ဂျေဒီဝပ်ဆင်(J.D. Watson) (၁၉၂၈ ဧပြီ ၆ မွေးဖွား)နှင့် ဗြိတိသျှသိပ္ပံပညာရှင် ဖရန်စစ်ကရစ် (Francis Crick) (၈ ဇွန် ၁၉၁၆-၂၈ ဇူလိုင် ၂၀၀၄)တို့ဖြစ်ပါတယ်။

၂၀၁၈ ဧပြီ ၂၅ ဆိုလျှင် DNA လို့ အင်္ဂလိပ်ဘာသာစကားနှင့် "အတို"ခေါ် ဆိုပြီး မတိမကျဘာသာပြန်ရလျှင် ဇာတိမျိုးစေ့ရဲ့ double helix လို့ဆိုတဲ့ "ခရုပတ်နှစ်ထပ်ခွေ" (သို့မဟုတ်) "ကြောင်လိမ်နှစ်ထပ်ခွေ"ပုံစံနှင့် ဖွဲ့စည်းတည်ဆောက်ထားတယ်လို့ တင်ပြ၊ ဖော်ထုတ်ရှင်းပြတဲ့ သိပ္ပံဆိုင်ရာ ပညာရပ်ဆောင်းပါးကို ပုံနှိပ်ဖော်ပြခဲ့တာ (၆၅)နှစ် ရှိခဲ့ပါပြီ။

၂၀ ရာစုနှောင်းပိုင်း အနှစ်(၅၀)ကျော်အတွင်း ကာလများမှာ Watson နှင့် Crick တို့ရဲ့ ဆောင်းပါးတိုကလေးလို သိပ္ပံလောကမှာ အရေးကြီးတဲ့ ဆေးသိပ္ပံ၊ ဓာတုသိပ္ပံ၊ ဇီဝသိပ္ပံ၊ လူမှုသိပ္ပံတို့အပေါ်မှာ အကျိုးသက်ရောက်မှု စုံလင်များပြားလှတဲ့ သိပ္ပံပညာရပ်ဆောင်းပါးကတော့ အတော့ကိုပဲ နည်းပါးလိမ့်မယ်။ ယင်းဆောင်းပါးကို ပုံနှိပ်မဖော်ပြမီ နှစ်လခန့်အလို ၁၉၅၃ ဖေဖော်ဝါရီ ၂၈ ရက်နေ့က ယူနိုက်တက်ကင်းဒမ်း (United Kingdom)နိုင်ငံ ကိန်းဗရစ်တက္ကသိုလ် (Universityof Cambridge)အနီးအနားမှာရှိတဲ့ Eagle Pub "လင်းယုန် ယမကာဆိုင်နှင့် စားသောက်ဆိုင်"မှာ စာတမ်းပူးတွဲ ဆောင်းပါးရှင် Francis Crick က အခြားသူများ နေ့လယ်စာသုံးဆောင်နေစဉ်အတွင်းမှာ "We have discovered the secret of life" (ငါတို့ DNA ဆိုင်ရာ သုတေသနပြုမှုတို့ကို လုပ်ဆောင်နေခဲ့မှုများဟာ 'ဘဝရဲ့လျှို့ဝှက်ချက်'ကိုတွေ့ပြီ)လို့ ဖော်ကျူး၊ ရင့်ကျူးခဲ့တယ်လို့ ဆိုပါတယ်။

နောက်ထပ် နှစ်လခန့်အကြာမှာ ၂၀ ရာစုနှောင်းပိုင်း သိပ္ပံသမိုင်းမှာ မှတ်တမ်းတင်ထားရမယ့် အထက်ပါ DNA ရဲ့ ဖွဲ့စည်းတည်ဆောက်မှုတို့ဟာ မည်သို့ရှိတယ်ဆိုတာကို အကြံပြုတင်ပြတဲ့ သူတို့ရဲ့ သိပ္ပံဆောင်းပါးကို *Nature* ဂျာနယ်မှာ ပုံနှိပ်ဖော်ပြခဲ့ပါတယ်။

DNA ဖွဲ့စည်းတည်ဆောက်မှု သိပ္ပံလောကနှင့် သိပ္ပံပညာရှင်များအကြားသို့ ယင်းဆောင်းပါးတင်ပြလာပြီး နောက်ထပ်သုတေသနဖော်ထုတ်ချက်၊ တွေ့ရှိချက်များကလည်း Watson နဲ့ Crick တို့ရဲ့ သိပ္ပံသုတေသနပါ တွေ့ရှိချက်များကို အတည်ပြုပေး၊ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သူများဖြစ်ကြတဲ့ James Watson၊ Francis Crick နဲ့ မောရိ(စ်)ဝစ်(လ်)ကင်း (Maurice Wilkins)(၁၅ ဒီဇင်ဘာ ၁၉၁၆-၅ အောက်တိုဘာ ၂၀၀၄) တို့ဟာဆေးသိပ္ပံ(သို့မဟုတ်) ဇီဝကမ္မဗေဒဆိုင်ရာ နိုဘယ်လ်ဆု(Nobel Prize for Medicine or Physiology)ကို ၁၉၆၂ ခုနှစ်က ချီးမြှင့်ခြင်းခံခဲ့ရပါတယ်။

၁၉၅၃ ဧပြီ ၂၅ ရက်နေ့ထုတ် သိပ္ပံဘာသာရပ်ဆိုင်ရာ *Nature* ဂျာနယ်မှာ DNA နဲ့စပ်လျဉ်းတဲ့ ပညာရပ်ဆိုင်ရာ ဆောင်းပါးသုံးပုဒ် ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ Watson နဲ့ Crick တို့ရဲ့ DNA ဆိုင်ရာ ကနဦး "အဖွင့်" (သို့မဟုတ်) "အဓိက"ဆောင်းပါးအပြင် DNA နဲ့ စပ်လျဉ်းတဲ့ သိပ္ပံဆိုင်ရာ ဆောင်းပါးနှစ်ပုဒ်ကိုလည်း ဖော်ပြထားပါတယ်။ ဒုတိယဆောင်းပါးမှာ အမျိုးသမီး သိပ္ပံပညာရှင် ရိုဇလင်ဖရန်ကလင် (Rosalind Franklin) (၂၅ ဇူလိုင် ၁၉၂၀-၁၆ ဧပြီ ၁၉၅၈)နှင့် သိပ္ပံပညာရှင်ရေမွန်ဂေါ(စ်)လင်း (Raymond Gosling) တို့ရဲ့ဆောင်းပါးဖြစ်ကာ တတိယဆောင်းပါးကတော့ သိပ္ပံပညာရှင်မောရိ(စ်)ဝစ်(လ်)ကင်း (Maurice Wilkins) နဲ့ အခြားသိပ္ပံပညာရှင် (အနည်းဆုံးတော့ သိပ္ပံသုတေသီ) နှစ်ဦး ပူးတွဲရေးခဲ့တဲ့ သိပ္ပံဆောင်းပါးပါ။

DNA ရဲ့ double helix လို့ခေါ်ပြီး "ခရုပတ်နှစ်ထပ်ခွေ"(သို့မဟုတ်) "ကြောင်လိမ်နှစ်ထပ်ခွေ"ပုံစံနှင့် ဖွဲ့စည်းတည်ဆောက်မှုကိုတွေ့ရှိပုံနှိပ်ပြီး ကိုးနှစ်ကျော်အကြာမှာမှ DNA ရဲ့ ဖွဲ့စည်းတည်ဆောက်မှုကို အဓိက (လို့ဆိုတဲ့)ပါဝင်ခဲ့သူ သိပ္ပံပညာရှင်အချို့ဟာ ဆေးပညာ (သို့မဟုတ်)ဇီဝကမ္မဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို ချီးမြှင့်ခြင်း ခံခဲ့ရတာပါ။

**သိပ္ပံဆိုင်ရာ ဖော်ထုတ်တွေ့ရှိမှုများကို အခိုင်အမာသက်သေပြနိုင်မှပေးလေ့ရှိတဲ့ သိပ္ပံဆိုင်ရာနိုဘယ်လ်ဆုများ**

DNA ရဲ့ ဖွဲ့စည်းတည်ဆောက်မှုကို ဖော်ထုတ်တွေ့ရှိခဲ့ပြီး ကိုးနှစ်ကျော်အကြာမှ ယင်းသို့ ဖော်ထုတ်တွေ့ရှိခဲ့ရာမှာ ပါဝင်သူအချို့ကို ဆေးပညာ၊ ဇီဝကမ္မဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါတယ်။ သာမန်အားဖြင့်ဆိုလျှင် သိပ္ပံပညာရှင်များရဲ့ တွေ့ရှိဖော်ထုတ်မှုများ၊ သီအိုရီများဟာ မှန်ကန်ကြောင်း၊ အခိုင်အမာ သက်သေပြ အနည်းဆုံးအားဖြင့်တော့ မမှားကြောင်းကို ခိုင်လုံတဲ့ အထောက်အထားရမှသာလျှင် သိပ္ပံဆိုင်ရာ နိုဘယ်လ်ဆုများကို ချီးမြှင့်လေ့ရှိပါတယ်။

သိသာမြင်သာတဲ့ ဥပမာကိုပေးရလျှင် နက္ခတ္တရူပဗေဒပညာရှင်ကြီး(astrophysicist)ကွယ်လွန်သူ စတီဖင်ဟောကင်း(Stephen Hawking) (၈ ဇန်နဝါရီ ၁၉၄၂-၁၄ မတ် ၂၀၁၈)ဟာ ၂၀ ရာစုနှောင်းပိုင်း နက္ခတ္တရူပဗေဒပညာရှင်များတွင်သာမက ကမ္ဘာ့သိပ္ပံပညာရှင် အားလုံးလိုလိုထဲမှာ လူသိအများဆုံး၊ အကျော်ကြားဆုံး သိပ္ပံပညာရှင်ဖြစ်ခဲ့ပေမယ့် ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို စတီဖင်ဟောကင်းဟာ မရရှိခဲ့ပါဘူး။ စတီဖင်ဟောကင်းရဲ့ နက္ခတ္တရူပဗေဒဆိုင်ရာ အဓိကဖြည့်ဆည်းလုပ်ဆောင်မှုဟာ စကြဝဠာအတွင်းရှိ "အမည်းတွင်း" (Black Holes) များနှင့်စပ်လျဉ်းပြီး သူထုတ်ဖော်တင်ပြခဲ့တဲ့ သီအိုရီများရဲ့ မှန်ကန်အသုံးဝင်မှုကို စတီဖင်ဟောကင်း ကွယ်လွန်တဲ့အချိန်အထိ အပြည့်အဝ အကောင်အထည်ဖော်၊ အပြည့်အစုံအတည်မပြုနိုင်သေးလို့ ဖြစ်ဟန်တူပါတယ်။

သတ္တဝါ(organisms)တို့ရဲ့ ရုပ်အခြေခံဖွဲ့စည်းမှုဖြစ်တဲ့ ခရုပတ်နှစ်ထပ်ခွေပုံသဏ္ဌာန် (double helix) ကို ၁၉၅၃ ဧပြီ ၂၅ ရက်ထုတ် *Nature* သိပ္ပံပညာရပ်ဂျာနယ် အဆိုပြုချက်ကို Watson နဲ့ Crick တို့က အမည်ခံပြီး တင်ပြခဲ့တုန်း ယေဘုယျအားဖြင့်ဆိုလျှင် ယင်းတင်ပြချက်ဟာ အဆိုပြုချက် (proposal) နှင့် အနုမာန တင်ပြချက် (hypothesis)အဆင့်မှာသာ ရှိတယ်လို့ ဆိုနိုင်ပါတယ်။ ၁၉၅၃ ခုနှစ်နှင့် ယင်းနောက်ပိုင်းနှစ်တို့မှာ Watson၊ Crick နဲ့ အခြားသိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိခဲ့တဲ့ DNA ရဲ့ double helix ဖွဲ့စည်းတည်ဆောက်မှုကို ထပ်မံအတည်ပြု သက်သေပြနိုင်ခဲ့ပြီး DNA ဖွဲ့စည်းတည်ဆောက်မှုနှင့်စပ်လျဉ်းတဲ့ Watson၊ Crick နဲ့ အခြားသိပ္ပံပညာရှင်တို့ရဲ့ တွေ့ရှိဖော်ထုတ်မှုဟာ သိပ္ပံဆိုင်ရာ ဖြည့်ဆည်းလုပ်ဆောင်မှုများအဖြစ် ထုထုထည်ထည် ခိုင်ခိုင်မာမာရပ်တည် ရှင်သန်ပြန့်ပွားနိုင်ပြီဖြစ်လို့ ၁၉၆၂ ခုနှစ်မှာ Watson၊ Crick နဲ့ Wilkins တို့ဟာ ဆေးပညာ (သို့မဟုတ်)ဇီဝကမ္မဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို ချီးမြှင့်ခဲ့ခြင်းခံရတာ ဖြစ်ပါတယ်။

**DNA ဖွဲ့စည်းတည်ဆောက်မှုမှ ပေါ်ထွက်ခဲ့သော အကျိုးဆက်များ စိုးစဉ်းမျှ**

DNA ရဲ့ ဖွဲ့စည်းတည်ဆောက်မှုကို ဖော်ထုတ်တွေ့ရှိပြီး အနှစ်ငါးဆယ်အတွင်းမှာ ယင်းရဲ့အကျိုးဆက်များစွာ ပေါ်ထွက်ခဲ့ပါတယ်။ ဒီလိုများပြားတဲ့ အကျိုးဆက်များထဲမှ အချက်အနည်းငယ်ကိုသာ အကျဉ်းချုံးဖော်ပြပါမယ်။

(၁) ရာဇဝတ်မှုကျူးလွန်သူများ မည်သူမည်ဝါဖြစ်တယ်လို့ မှုခင်းဖြစ်ပွားရာနေရာမှ ရာဇဝတ်မှုကျူးလွန်တယ်လို့ စွပ်စွဲခံရတဲ့သူများက မှုခင်းဖြစ်ပွားရာ နေရာများမှာ ကျန်ရှိခဲ့တဲ့ အဝတ်အစား၊ သွေး စသည်တို့နှင့် လူသား၊ လူသားတိုင်းတွင် အတုမရှိ(unique)နီးပါးမျှဖြစ်တဲ့ DNA တို့နှင့် စစ်ဆေးပြီး အဆုံးအဖြတ်ပေးနိုင်တဲ့ သိပ္ပံနည်းပညာ၊ မှုခင်းနည်းပညာတို့ များစွာတိုးတက်ထွန်းကားလာခြင်း၊ တစ်ဆက်တည်းမှာပဲ ရာဇဝတ်မှု(လူသတ်မှု၊ မုဒိမ်းမှု၊ ဓားပြမှုစသည်)တို့ကို ကျူးလွန်တယ်ဆိုပြီး မှားယွင်းစွာ စွပ်စွဲအပြစ်ပေးခံရသူများကို DNA တက်နော်လော်ဂျီ (technology)(သို့မဟုတ်) DNA နည်းပညာဖြင့် ပြစ်မှုမကျူးလွန်ကြောင်း သက်သေပြနိုင်တဲ့အတွက် ရာဇဝတ်အပြစ်ဒဏ်ကို မှားယွင်းစွာ အပြစ်ပေးခံရသူ အချို့ကို DNA တက်နော်လော်ဂျီမှတစ်ဆင့် အပြစ်မရှိကြောင်း သက်သေပြနိုင်တဲ့အတွက် လွှတ်ပေးနိုင်ခြင်း။ (တရားရုံးတို့မှ ဤကဲ့သို့မှားယွင်းစွာ အပြစ်ပေးခံခဲ့ရတဲ့ တရားခံအနည်းငယ်ခန့်ကို လွှတ်ပေးနိုင်ခဲ့တဲ့ အကြောင်းများကို အမေရိကန်ပြည်ထောင်စုအပါအဝင် အနောက်နိုင်ငံများမှာ အမှန်ဖြစ်ပျက်ခဲ့တဲ့ သတင်းရပ်များ ရှိပါတယ်။ မြန်မာနိုင်ငံမှာတော့ DNA တက်နော်လော်ဂျီကို အခြေခံအသုံးချပြီး တရားရုံးများမှ မှားယွင်းစွာ အပြစ်ပေးခံခဲ့ရသူများကို ပြစ်ဒဏ်မှ ကွင်းလုံးကျွတ်လွှတ်ပေးခဲ့တဲ့ အဖြစ်အပျက်များ ရှိ၊ မရှိကို ကျွန်တော်မသိပါ။ မရှိလောက်ဘူးထင်ပါတယ်)

(၂) ယေဘုယျအားဖြင့်ဆိုလျှင် DNA စစ်ဆေးမှုကို ကြိုတင်ပြုလုပ်နိုင်တဲ့အတွက် အချို့သောရောဂါများ ဖြစ်တန်ခြေ၊ ဖြစ်နိုင်ခြေကို ကြိုတင်သိနိုင်ခြင်း၊ မိခင်ကိုယ်ဝန်ဆောင်နေစဉ်မှာပင် အချို့သော အခြေအနေများမှာ မွေးဖွားလာမယ့် ကလေးများရဲ့ သန္ဓေသားကို စစ်ဆေးကြည့်ရှုလေ့လာပြီး အချို့သော မွေးရာပါရောဂါများ (congenital diseases)ဖြစ်တန်ခြေ၊ ဖြစ်နိုင်ခြေတို့ကို ကြိုတင်ခန့်မှန်းတွက်ချက်နိုင်ခြင်း၊ DNA ကို စစ်ဆေးကြည့်ရှုခြင်းဖြင့် ပါကင်ဆင်ရောဂါ(parkinson disease)၊ သိပ္ပံပညာရှင် စတီဖင်ဟောကင်း အသက် ၂၀ ကျော်အရွယ်က စတင်ဖြစ်ပွားခဲ့တဲ့ motor neurone disease ဖြစ်နိုင်၊ မဖြစ်နိုင်ကို ကြိုတင်တွက်ချက် ခန့်မှန်းနိုင်ခြင်း၊ အချို့ရောဂါများကို အသက်အရွယ်ငယ်စဉ်က မခန့်မှန်းနိုင်သော်လည်း အချို့ကိုတော့ အသက်အရွယ်ကြီးလာမှ သိရှိနိုင်တဲ့ အခြေအနေတို့ဟာ DNA တွေ့ရှိမှုနှင့် ယင်းနောက်ပိုင်း ဖြစ်လာခဲ့တဲ့ DNA ဆိုင်ရာ ထပ်ဆင့်ဖော်ထုတ်ချက်များနှင့် ဖြစ်ရပ်များကြောင့် ပဋိသန္ဓေတည်စ၊ အရွယ်ရောက်လာမှ၊ သက်ကြီးပိုင်းပင် ရောက်တော့မှ လူပုဂ္ဂိုလ်တစ်ဦးအနေနဲ့ ရောဂါ လောလောဆယ်မှာ မဖြစ်သေး၊ မရှိသေးပေမယ့် နောင်မှာ ဘယ်လိုရောဂါတွေ ရှိလာနိုင်မယ်ဆိုတာကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ ဟောကိန်းထုတ်နိုင်တဲ့ နည်းနိဿယတို့ ဖြစ်ထွန်းပေါ်ပေါက်လာမှုတို့ဟာ DNA ဖွဲ့စည်းပုံကို တွေ့ရှိဖော်ထုတ်မှုနှင့် ဆက်နွှယ်တဲ့ဖြစ်စဉ်၊ ဖြစ်ရပ်များ (developments relating to the discovery of DNA) ပါ။ သို့သော်လည်း "ရှေ့မှာ" "နောင်မှာ"ဘယ်လိုရောဂါမျိုး ကိုယ်မှာဖြစ်ထွန်းလာနိုင်တယ် ဆိုတာကို ခန့်မှန်းသိရှိ တွက်ကိန်းထုတ်နိုင်ခြင်းဆိုတဲ့ အချက်ကိုကပဲ ကိုယ်ကျင့်ပညာ၊ ကိုယ်ကျင့်တရားဆိုင်ရာ ပြဿနာအကျပ်အတည်းတွေ (ethical and moral dilemmas) ရှိလာနိုင်ပါတယ်။ ဒါကို ဒေါက်တာဝပ်ဆင်(Dr. Watson) ရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စတစ်ရပ်နဲ့ ဆက်စပ်တင်ပြနိုင်ပါတယ်။ Dr. Watson ဟာ အောက်မှာအနည်းငယ်မျှရှင်းပြမယ့် Human Genome Project မှာ သူရဲ့ genome sequencing အစဉ် genome ကို သူ့ရဲ့ gene မျိုးရိုးဗီဇစေ့တို့မှာ ဘယ်ရောဂါလက္ခဏာရှိနိုင်တယ်ဆိုတာကို သိရအောင် သူအသက် ၇၀ ကျော်မှ အစစ်ဆေးခံခဲ့တယ် ဆိုပါတယ်။ Dr. Watson ရဲ့ သားတစ်ဦးဟာ schizophrenia "စိတ်ကစဉ့်ကလျား ရောဂါ"လို့ခေါ်တဲ့ စိတ်ရောဂါတစ်မျိုးရှိတယ်။ Watson ရဲ့ အဘွားတစ်ဦးဟာလည်း သူမအသက် ၉၀ ကျော်မှ Alzheimer disease ဖြစ်ခဲ့တော့ သူ(Dr. Watson) အသက် ၉၀ ကျော်လာခဲ့လျှင် ထိုကဲ့သို့သော ရောဂါများဖြစ်ဖို့ သူ့ရဲ့ gene တွေထဲမှာ ပါလား၊ မပါလားလို့ သူအသက် ၇၀ ကျော်မှ သူ့ရဲ့ human genome ကို အစဉ်အလိုက် စီစဉ်ခြင်း (sequencing the genome)ကို ပြုလုပ်ခဲ့ရာ အဲဒီစစ်ဆေး ချက်ရဲ့ရလဒ်ကသူဟာ စိတ်ကျရောဂါ(စိတ်ဝေဒနာ)ကို ကုစားပေးတဲ့ သောက်ဆေး(drugs)များကို စားသုံးလျှင် ခုခံမှုအားနည်းတာကို တွေ့ရတယ်။ Dr. Watson ရဲ့ စိတ်ကစဉ့်ကလျားရောဂါ (schizophrenia)ဖြစ်နေတဲ့ သားဟာလည်း စိတ်ရောဂါကုဆေးတစ်မျိုး (antipsychotic drug)ကို သောက်ခဲ့တဲ့အတွက် သေမလိုအခြေအနေမျိုးကို ရောက်ခဲ့တယ်တဲ့။ ဒါကြောင့် သူ(Dr. Watson)ဟာ စိတ်ရောဂါ (psychotic) ဖြစ်လာလျှင် ယင်းရောဂါ ကုစားတဲ့ဆေးနဲ့ မတည့်ဘူးလို့ လူတွေကို(သူ့ကို ကုပေးမယ့် ဆရာဝန်တွေကို) ပြောမယ်တဲ့။ schizophrenia ဖြစ်နေတဲ့ သူ့ရဲ့သားကတော့ genome sequencing ကို မလုပ်ချင်၊ လုပ်ရန်အကြောင်းကိုပင် မဆွေးနွေးချင်၊ မပြောချင်ဘူးတဲ့။ (မှတ်ချက် Dr. Waston ဟာ ၂၀၁၈ ဧပြီ ၆ ရက်က အသက် ၉၀ ပြည့်ပါတယ်။ သူဟာ Alzheimer သို့မဟုတ် အခြားစိတ်ရောဂါများ ဖြစ်နေတယ်လို့ စာရေးသူအနေနဲ့တော့ မကြားမိပါ)

DNA ဖွဲ့စည်းမှုကို ဖော်ထုတ်ခဲ့တဲ့သူထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ Dr. Watson နဲ့ သူ့ရဲ့သားတစ်ဦး တို့မှာ ဖခင်ဖြစ်သူက human genome sequencing ကို သူ့သဘောအလျောက် လုပ်ဆောင်ခဲ့ပြီး သားဖြစ်သူကတော့ Dr. Watson လူတွေ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ပြောကြားခဲ့တဲ့အတိုင်း ယင်း gene sequencing ကို ပြုလုပ်ရန် ငြင်းဆန်ခဲ့မှုဆိုတဲ့ ပုဂ္ဂလိက ဥပမာနှစ်ရပ်နဲ့ပဲ DNA ဖွဲ့စည်းပုံကို သိရှိလာခြင်းကြောင့် ပေါ်ပေါက်လာတဲ့ ကိုယ်ကျင့်ပညာ၊ ကိုယ်ကျင့်တရားဆိုင်ရာနဲ့ အချို့အခြေအနေများမှာ ကြုံတွေ့နိုင်တဲ့ ဥပဒေဆိုင်ရာ ပြဿနာများကို အကဲခတ်လေ့လာနိုင်၊ ရံဖန်ရံခါမှာတော့ ယင်းကိုယ်ကျင့်ပညာ၊ ကိုယ်ကျင့်တရားနဲ့ ဥပဒေဆိုင်ရာပေါ်ပေါက်လာနိုင်တဲ့၊ ပေါ်ပေါက်နေတဲ့ ပြဿနာအကြောင်းခြင်းရာအချို့ကို သိမြင်နိုင်ပါတယ်။

**Human Genome Project အကြောင်းစိုးစဉ်းမျှ**

DNA ကို ဖွဲ့စည်းတည်ဆောက်ထားတဲ့ nucleotide base pairs တို့ကို အစဉ်အလိုက် "စီစဉ်" ပေးဖို့ အပြည်ပြည်ဆိုင်ရာ စီမံကိန်းတစ်ရပ်ကို အမေရိကန်ပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၊ ဂျပန်၊ ပြင်သစ်၊ ဂျာမနီ၊ စပိန်နဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ တက္ကသိုလ်နှင့် သုတေသနဌာနများက ၁၅ နှစ်ကြာ ပြုလုပ်ခဲ့ရာမှာ ၂၀၀၃ ခုနှစ်မှာ ပြီးစီးခဲ့ပြီး ၁၉၅၃ က *Nature* သိပ္ပံပညာဂျာနယ်မှာ Watson နဲ့ Crick တို့ရဲ့ ပညာရပ်ဆောင်းပါး ပုံနှိပ်ထုတ်ဝေပြီး (၅၁)နှစ်ခန့်အကြာ ၂၀၀၄ ခုနှစ် အတွဲ(၄၂၉) စာစောင်အမှတ်(၆၉၉၀)မှာ သိပ္ပံပညာရှင် ၂၅ ဦးခန့် စုပေါင်းပြုစုရေးသားတဲ့ "Quality Assessment of the human genome sequence"ဆိုတဲ့ သိပ္ပံပညာရပ်ဆောင်းပါးကို ပုံနှိပ်ထုတ်ဝေခဲ့တယ်။

Human genome project ရဲ့ များစွာသော တွေ့ရှိဖော်ထုတ်ချက်များထဲမှာ တွေ့ရှိချက်တစ်ရပ်ကတော့ လူတို့မှာ ပရိုတင်းအမှတ်အညွှန်းပါတဲ့ genes (protein coded genes)ပေါင်း ၂၃၀၀၀ ရှိပြီး အခြားနို့တိုက်သတ္တဝါများ (mammals)တို့နဲ့ အကြမ်းဖျင်းအားဖြင့် ညီမျှသော protein coded genes များရှိကာ မော်လီကျူးဆိုင်ရာ ဆေးပညာ (molecular medicine) မှ လူတို့ရဲ့ အီဗော်လူးရှင်း (human evolution) ဘာသာရပ်များအထိ ပါဝင်တဲ့ဘာသာရပ်များမှာ လူ့အသိဉာဏ်ပိုင်းဆိုင်ရာ လုပ်ငန်းတို့ကို မြှင့်တင်ပေးခဲ့ပြီး ဗိုင်းရပ်စ်(virus) အမျိုးမျိုးတို့ကို ကုသနည်းများ၊ ကင်ဆာရောဂါ ဖြစ်ပွားစေနိုင်တဲ့ ဆဲလ်ပွား၊ ဆဲလ်ကွဲမှုများ (mutations)၊ ကုသမှုဆေးဝါး(medications)နဲ့ ပိုမိုထိရောက်တဲ့ ဆေးဝါးများထုတ်လုပ်ရေး၊ အထက်မှာဖော်ပြခဲ့တဲ့အတိုင်းပဲ ရာဇဝတ်မှုခင်းများ စုံစမ်းထောက်လှမ်းရေး၊ လောင်စာစွမ်းအင်ဆိုင်ရာ အသုံးပြုမှုများ၊ စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေး၊ မနုဿဗေဒစတဲ့ ပညာရပ်များနဲ့ လူ့လုပ်ငန်းဆောင်တာများမှာ အကျိုးသက်ရောက်မှုများရှိခဲ့တယ်လို့ ယင်း human genome project ကို ကနဦးစတင်ခဲ့သူများနဲ့ အကဲဖြတ်၊ အကဲခတ်သူများက ဆိုပါတယ်။

ဒီတော့ human genome project ဟာ ကောင်းကျိုးတွေသာပေါ်ထွက်ပြီး ဆေးကုသမှုဆိုင်ရာ ဝါဟာရတစ်ရပ်ကိုယူပြီး သုံးစွဲရမယ်ဆိုလျှင် ဘေးထွက်ဆိုးကျိုး(side effects) မရှိတော့ဘူးလားဆိုတဲ့ ကောက်ချက်(သို့မဟုတ်)အနည်းဆုံးတော့ တွေးတောမေးမြန်းစရာ ပေါ်ပေါက်လာပါတယ်။ အထက်ကဏ္ဍမှာ human genome project နှင့် စပ်လျဉ်းပြီး ကိုယ်ကျင့်ပညာ၊ ကိုယ်ကျင့်တရား၊ ဥပဒေဆိုင်ရာ မေးခွန်းထုတ်စရာတွေ၊ စဉ်းစားသုံးသပ်စရာတွေထဲက Dr. Watson ကိုယ်တိုင်ရဲ့ ဥပမာနဲ့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ဒီနေရာမှာ အထူးပြုဖော်ပြဖို့လိုတဲ့ အချက်တစ်ချက်ကတော့ DNA ဖွဲ့စည်းတည်ဆောက်မှုကို ဖော်ထုတ်ခဲ့သူများထဲက နိုဘယ်လ်ဆုရခဲ့တဲ့ Watson၊ Crick နဲ့ Wilkins တို့နဲ့ အခြားသူတချို့တို့ရဲ့ ကြိုးပမ်းဆောင်ရွက်ချက်ကြောင့် DNA ဖွဲ့စည်းတည်ဆောက်မှုကို တွေ့ရှိခဲ့ခြင်းနှင့် နောင် အနှစ်(၅၀)ခန့်အကြာ human genome project အရ human genome တို့ကို လုပ်ဆောင်နိုင်ခဲ့ခြင်းဟာ Watson၊ Crick နဲ့ Wilkins တို့ရဲ့ လုပ်ဆောင်မှုများမှသာ ပေါ်ပေါက်လာတာ လုံးဝမဟုတ်ဘဲ သိပ္ပံပညာရှင်၊ သိပ္ပံသုတေသီများ၊ ပညာသည်များ ထောင်ပေါင်းများစွာတို့ရဲ့ နှစ်ပေါင်း(၁၅)နှစ်ကျော် အနှစ်(၂၀)ခန့် စဉ်ဆက်တစ်လျှောက်နှင့် စိုက်လိုက်မတ်တပ်လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် ပေါ်ပေါက်လာခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။

**မိမိရဲ့သုတေသနလုပ်ငန်းများမှ X-Ray ဓာတ်မှန်များကိုသူ(မ)မသိဘဲ ယူသုံးခံခဲ့ရကာ DNA ဖွဲ့စည်းတည်ဆောက်မှုကို ဖော်ထုတ်ရာမှာ အရေးပါတဲ့အခန်းမှ ပါဝင်ခဲ့သော်လည်း အသိအမှတ်ပြုခြင်း မခံခဲ့ရတဲ့ အမျိုးသမီး သိပ္ပံပညာရှင် ရိုဇလင်ဖရန်ကလင်**

အထက်တင်ပြချက်များမှာ DNA ဖွဲ့စည်းတည်ဆောက်မှုကို တင်ပြနိုင်ခဲ့လို့ ၁၉၆၂ ခုနှစ်က ဆေးသိပ္ပံ(သို့မဟုတ်)ဇီဝကမ္မဗေဒဆိုင်ရာ နိုဘယ်လ်ဆုရခဲ့သူ Dr. James Watson၊ Dr. Francis Crick နှင့် Dr. Maurice Wilkins တို့အပြင် အခြားသူများလည်း ရှိခဲ့ သေးတယ်ဆိုတဲ့အချက်ကို တစ်ခါမက ရည်ညွှန်းဖော်ပြခဲ့ပါတယ်။

DNA ရဲ့ ဖွဲ့စည်းတည်ဆောက်မှုကို ရှာဖွေရာမှာ အခြားနိုင်ငံဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုမှ ဒေါက်တာဂျိမ်းဝပ်ဆင် (Dr. James Watson)ပါဝင်ခဲ့သော်လည်း အဓိကဇာတ်ဆောင်များ(main protagonists)တို့ဟာ ဗြိတိသျှနိုင်ငံသူ၊ နိုင်ငံသားများ ဖြစ်ပါတယ်။ DNA ရဲ့ ဖွဲ့စည်းတည်ဆောက်မှုမှာ အဓိကအခန်းကဏ္ဍမှာ ပါဝင်ခဲ့တဲ့ တခြားပညာရှင်ကတော့ အမျိုးသမီး သိပ္ပံပညာရှင် ရိုဇလင်ဖရန်ကလင်(Rosalind Franklin) (၂၅ ဇူလိုင် ၁၉၂၀-၁၆ ဧပြီ ၁၉၅၈)ဖြစ်ပါတယ်။ Rosalind Franklin ဟာ ရဟူဒီနွယ်ဖွား ဗြိတိသျှနိုင်ငံသူ ဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ် သူ့အသက်

**စာမျက်နှာ ဆ သို့** »»

»» **စာမျက်နှာ စ မှ**

၂၅ နှစ်အရွယ်မှာ ကိန်းဗရစ်တက္ကသိုလ် (University of Cambridge)မှ ကျောက်မီးသွေးရဲ့ အရည်အသွေး တစ်ရပ်ကို လေ့လာတဲ့ ပါရဂူကျမ်း(ခေါင်းစဉ်) The Physical Chemistry of Organic Colloids with Special Reference to Coals ကျမ်းနှင့် Ph.D ဘွဲ့ကို ရခဲ့တယ်။ ၁၉၅၀ ပြည့်နှစ်မှာ Franklin ဟာ လန်ဒန် တက္ကသိုလ်ရှိ King's College မှာ သုတေသနလုပ်ငန်း လေ့လာရေးဆိုင်ရာ ထောက်ပံ့မှုအတွက် အလုပ်အကိုင် (fellowship)ကို ရရှိကာ သူဟာ X Ray diffraction လို့ခေါ်တဲ့ ပညာရပ်ကို အထူးပြုလေ့လာခဲ့တယ်။ DNA မော်လီကျူး (molecules) X ray diffraction က ဓာတ်မှန်တွေကို Rosalind Franklin နှင့် (Franklin က သူ့ရဲ့ပါရဂူကျမ်းကို ကြီးကြပ်ပေးခဲ့တဲ့အတွက် တပည့် လို့ခေါ်နိုင်တဲ့) ရေမွန်ဂေါ(စ်)လင်း Raymond Gosling (၁၅ ဇူလိုင် ၁၉၂၆-၁၈ မေ ၂၀၁၅) တို့ဟာ DNA ရဲ့ မော်လီကျူးရဲ့ X ray diffraction ရဲ့ X ray diffraction ကပုံတွေကို ဓာတ်မှန်ရိုက် သုတေသနပြုလုပ်ခဲ့တယ်။ DNA ဖွဲ့စည်းတည်ဆောက်မှုနဲ့ပတ်သက်တဲ့ X ray တွေမှာ DNA ရဲ့ double helix ပုံသဏ္ဍာန်ကို Rosalind Franklin ကော သူ့ရဲ့ ထိုစဉ်က "တပည့်"လို့ခေါ်နိုင်မယ့် Raymond Gosling တို့က အသေအချာ မသိခဲ့ကြဘူး။ DNA ရဲ့ double helix ဖွဲ့စည်းတည်ဆောက်မှုကို သူတို့နှစ်ဦးဟာ "သက်ာမကင်း" ဖြစ်ကောင်းဖြစ်ခဲ့ပေမယ့် သူတို့ဟာ ဒွိဟမသေမချာ ဖြစ်နေတာကြောင့် DNA ဟာ double helix ပုံသဏ္ဍာန်ဖြစ်မှာပဲလို့ တစ်ထစ်ချ မယူဆခဲ့မိဘူး။ Rosalind Franklin ဟာ ၁၉၅၃ ခုနှစ်က DNA ဖွဲ့စည်းတည်ဆောက်မှုကို ဖော်ထုတ်နိုင်ခဲ့တဲ့ အတွက် ၁၉၆၂ ခုနှစ် ဆေးသိပ္ပံ(သို့မဟုတ်) ဇီဝကမ္မဗေဒ ဆိုင်ရာ နိုဘယ်လ်ဆုကိုရခဲ့သူ သုံးဦးထဲမှာ တစ်ဦးအပါ အဝင်ဖြစ်တဲ့ Maurice Wilkins နှင့် တစ်ဌာနတည်းမှာ အလုပ်လုပ်ကိုင်နေခဲ့သော်လည်း Franklin နဲ့ Wilkins တို့ရဲ့ ဆက်ဆံရေးဟာ မပြေပြစ်ခဲ့ပါ။ ၁၉၅၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှာ Dr. Watson ဟာ နိုဘယ်လ်ဆုကို သူနဲ့ အတူ ပူးတွဲရမယ့်သူဖြစ်တဲ့ Dr. Maurice Wilkins အလုပ်လုပ်ကိုင်တဲ့ ရုံးခန်းကိုလာခဲ့ရာမှာ Wilkins ကို မတွေ့တဲ့အတွက် Rosalind Franklin ကို သွားတွေ့ တယ်။ Watson နဲ့ Franklin တို့တွေ့ဆုံရာမှာ Watson က Franklin ကို သူဟာ သူမသုတေသနလုပ်ငန်းထဲက ရခဲ့တဲ့ အချက်အလက်(data)တွေအနက် အဓိပ္ပာယ် မဖွင့်တတ်သူလို့ ပြောရာမှာ Franklin ဟာ အတော်ပဲ ဒေါသထွက်လာတဲ့အတွက် Watson ဟာ Franklin ရဲ့ ရုံးခန်းထဲက သုတ်သီးသုတ်ပြာ ထွက်လာခဲ့တယ်။ Franklin ရဲ့ ရုံးခန်းထဲကထွက်လာပြီး Watson ဟာ Wilkins ကို တွေ့တယ်။ Wilkins က Franklin ရဲ့ "အဆူခံ"လိုက်ရတဲ့ Watson ကို နှစ်သိမ့်တယ်။ နောက်တော့ Rosalind Franklin မသိဘဲ၊ Rosalind Franklin ရဲ့ သဘောတူညီမှုကို (လုံး၀)မရယူဘဲ Franklin နှင့် Gosling တို့ရဲ့ ဓာတ်မှန်အမှတ်(၅၁)ကို Wilkins က Watson ကို ပြတယ်။ DNA ရဲ့ double helix ပုံကို အသေအချာ စဉ်းစားရှုမြင်ကြည့်လျှင် DNA ရဲ့ double helix ဖွဲ့စည်းပုံကို သိပ္ပံအကင်းပါးတဲ့(တစ်နည်း) သိပ္ပံမျက်စိရှိတဲ့ Dr. James Watson ဟာ ဓာတ်မှန်အမှတ်(၅၁)ကို တွေ့တဲ့အချိန်မှာ သူ့ပါးစပ်ဟာပွင့်သွားပြီး နှလုံး ခုန်နှုန်းဟာ မြန်လာတယ်လို့ Watson က ၁၉၆၈ ခုနှစ်က ပထမအကြိမ်ထုတ်ဝေခဲ့တဲ့ သူ့ရဲ့ *The Double Helix: A Personal Account on the Discovery of the Structure of DNA* စာအုပ်မှာ ဆိုတယ်။

(တစ်ခါထပ်ရေးရလျှင်) Rosalind Franklin မသိဘဲ၊ ခွင့်ပြုချက်မရဘဲ Franklin နဲ့ Gosling တို့ ရိုက်ယူခဲ့တဲ့ ဓာတ်မှန်အမှတ်(၅၁)ကို အခြေခံကာ Watson, Crick နှင့် Wilkins တို့က DNA ရဲ့ double helix ပုံစံဖွဲ့စည်းတည်ဆောက်မှုကို ဆက်လက်ဖော်ထုတ် နိုင်ခဲ့တဲ့အတွက် ဆောင်းပါးအစပိုင်းမှာ ဖော်ပြခဲ့သလိုပဲ ၂၈ ဖေဖော်ဝါရီ ၁၉၅၃ က ကိန်းဗရစ်တက္ကသိုလ်ဝင်းအတွင်း ရှိ The Eagle Pub "လင်းယုန် ယမကာနှင့် စားသောက် ဆိုင်"မှာ "ဘဝရဲ့လျှို့ဝှက်ချက်ကို ငါတို့တွေ့ရှိခဲ့ပြီ" (We have discovered the secret of life)လို့ ရင့်ကျူး ကြေညာခဲ့ခြင်းပေပဲ။ အဲဒီလို ကြေညာခဲ့အပြီး နှစ်လ အကြာမှာ Watson နဲ့ Crick တို့ဟာ သူတို့ရဲ့ သမိုင်းဝင် "A Structure for Deoxyribose Acid" သိပ္ပံ ဆောင်းပါးကို ကမ္ဘာ့အထင်ကရ *Nature* သိပ္ပံဂျာနယ်မှာ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ခြင်းပေပဲ။ ဆောင်းပါးရဲ့ ဒုတိယ နောက်ဆုံးစာကြောင်းမှာ Watson နှင့် Crick တို့က "Dr M.H.T Wilkins နဲ့ Dr. R.E Franklin တို့ရဲ့ အသိဉာဏ်နှီးစပ်မှုနဲ့ ပုံနှိပ်ထုတ်ဝေခြင်းမရှိသေးတဲ့ လက်တွေ့စမ်းသပ်မှုများရဲ့ အကျိုးရလဒ်များက သူတို့ကို (သုတေသန)ပြုလုပ်ဖို့ 'လှုံ့ဆော်'(stimulate) ပေးပါ တယ်"လို့ "သာမန်" အသိအမှတ်ပြုတဲ့ ဝါကျတို တစ်ကြောင်းနဲ့သာ ဖော်ပြခဲ့တယ်။ အထက်မှာ ရေးခဲ့တဲ့ အတိုင်းပဲ Franklin နှင့် (Gosling ပါရဂူကျမ်းကို တစ်ချိန်ကကြီးကြပ်ခဲ့တဲ့အတွက် Franklin ရဲ့ တပည့် ဖြစ်ခဲ့ဖူးတဲ့) Gosling တို့ရဲ့ ဆောင်းပါးဟာ DNA နဲ့ စပ်လျဉ်းတဲ့ "ဒုတိယ" (ပထမ မဟုတ်တဲ့ ဒုတိယ) ဆောင်းပါးအနေနဲ့(သာ)ဖော်ပြခြင်းခံခဲ့ရပါတယ်။

သိပ္ပံပညာရှင် Dr. Rosalind Franklin ဟာ သားအိမ်ကင်ဆာ (ovarian cancer)ရောဂါနဲ့ ၁၉၅၈ ခုနှစ် ဧပြီ ၁၆ မှာ ကွယ်လွန်ခဲ့ပါတယ်။ ကျွန်တော်ဟာ Dr. Rosalind Franklin ဆုံးပါးကွယ်လွန်တဲ့ အနှစ်(၆၀) တိတိပြည့်တဲ့ နှစ်၊ လ၊ ရက် အတိအကျ ၂၀၁၈ ခုနှစ် ဧပြီ ၁၆ ရက်မှာ ဒီဆောင်းပါးရဲ့ လက်ရေးမူကို ရေးနေပါတယ်။

Dr. Franklin ဟာ အကယ်၍(အကယ်မဟုတ်ခဲ့) ၁၉၆၂ ခုနှစ်မှာ အသက်ထင်ရှားရှိခဲ့လျှင် သူဟာ သိပ္ပံ ဆိုင်ရာ နိုဘယ်လ်ဆု တစ်ဆုကို ရသင့်ပါသလား။ သိပ္ပံ ဆိုင်ရာ နိုဘယ်လ်ဆုအပါအဝင် မည်သည့်နိုဘယ်လ်ဆုကိုမှ လူသုံးဦးအထက်နှင့် ကွယ်လွန်ပြီးသား လူပုဂ္ဂိုလ်များကို နိုဘယ်လ်ဆုမပေးရဘူးဆိုတဲ့ ပြဋ္ဌာန်းချက်ဟာ နိုဘယ်လ် ဆုချီးမြှင့်ခြင်းဆိုင်ရာ စည်းမျဉ်းတစ်ခုဖြစ်တော့ ၁၉၆၂ ခုနှစ်မှာ Rosalind Franklin သာအသက်ထင်ရှား ရှိနေသေးမယ်ဆိုရင် နိုဘယ်လ်ဆိုင်ရာ ဆေးသိပ္ပံ (သို့မဟုတ်) ဇီဝကမ္မဗေဒဆုကို Watson, Crick, Wilkins နှင့် Franklin တို့ထဲမှာ ဘယ်သုံးဦးကို(သာ)ပေးသင့်သလဲ ဆိုတဲ့ တကယ့်ဖြစ်ရပ်မဟုတ်တဲ့၊ တကယ့်ဖြစ်ရပ်ကို အခြေမခံတဲ့ (အခြေမခံတဲ့) စဉ်းစားတွေးခေါ် ဖွယ်ကိစ္စရပ် (counter -factual hypothetical) ပေါ်ပေါက်လာပါတယ်။

တကယ်လို့ Rosalind Franklin က ၁၉၆၂ ခုနှစ်မှာ အသက်ထင်ရှားရှိနေခဲ့သေးရင် အင်တာနက်မှာ ဖတ်ရှုရတဲ့ ဆောင်းပါးတစ်ပုဒ်ပါ ဆောင်းပါးရှင်ရဲ့ တင်ပြချက်အရ Watson နဲ့ Crick ကို ဆေးပညာ (သို့မဟုတ်) ဇီဝကမ္မ ဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို ချီးမြှင့်အပ်နှင်းပြီး Franklin နဲ့ Wilkins တို့ကို ဓာတုဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို ချီးမြှင့်သင့်ကြောင်း ရေးသားတဲ့ဆောင်းပါးကို အင်တာနက် စာမျက်နှာများမှာ ဖတ်ရှုရပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ လူပုဂ္ဂိုလ်လေးဦးထဲမှာ Dr. Rosalind Franklin သာ ဓာတုဗေဒ(သက်ရှိ ဓာတု ဗေဒ Biochemistry အပါအဝင်)မှာ ကျွမ်းကျင်သူ ပညာရှင်ဖြစ်လို့ သူဟာ သူမရ(မရ)ခဲ့တဲ့ ဓာတုဗေဒဆိုင်ရာ နိုဘယ်လ်ဆုနဲ့လည်း အမှန်ပင် ထိုက်တန်သူ ဖြစ်ပါတယ်။

Waston, Wilkins နဲ့ Crick တို့အဖွဲ့ဟာ Franklin နဲ့ Gosling တို့ ရိုက်ကူးထားတဲ့ "ဓာတ်မှန်အမှတ်(၅၁)" ကို Franklin ရဲ့ခွင့်ပြုချက်ကိုမရဘဲ Franklin ပင်မသိဘဲ "ယူ" အသုံးပြုခဲ့ခြင်းကို သိပ္ပံ အသိုင်း အဝိုင်းမှရော၊ သိပ္ပံပညာရှင်မဟုတ်တဲ့ အသိုင်းအဝိုင်းများ ကပင်လျှင် DNA ဖွဲ့စည်းတည်ဆောက်မှုဟာ double helix ဖြစ်တယ်ဆိုတဲ့ အထောက်အထားတင်ပြချက်ကို ပညာရပ်ဂျာနယ် *Nature* မှာ ဖော်ပြခဲ့တဲ့ နောက်ပိုင်း Franklin အသက်ထင်ရှားရှိစဉ်အခါက ဝေဖန်မှုများဟာ အတော်အသင့် နည်းပါးခဲ့ပေမယ့် ၁၉၇၀ ပြည့်နှစ် နောက်ပိုင်း မှာ Watson, Crick, Wilkins တို့အဖွဲ့ကို ဝေဖန်ခဲ့မှု များ အတော်အသင့်ရှိခဲ့ပါတယ်။ အတော်များများရှိခဲ့ တယ်လို့ပင် ဆိုနိုင်ပါတယ်။ Wilkins တို့ဘက်ကလည်း ခုခံပြီးရေးတဲ့ သူများလည်းရှိပေတာပေ့ါ။ တချို့က ရေးကြ၊ မှတ်ချက်ချကြတာက DNA ရဲ့ double helix ဖွဲ့စည်း တည်ဆောက်မှုကို ဓာတ်မှန်အမှတ်(၅၁)ကို ကြည့်ပြီး အသေအချာမသိခဲ့တဲ့ Rosalind Franklin ဟာ Watson က သူ့ရဲ့ဓာတ်မှန်(၅၁)ကို ကြည့်ရှုလေ့လာ အသုံးပြုခွင့်မရ (မရ)ခဲ့လျှင် (အမှန်တွင် Watson သည် ယင်းဓာတ်မှန်ကို ကြည့်ရှုအသုံးပြုခွင့်ရခဲ့) DNA ဖွဲ့စည်းတည်ဆောက်မှုကို ဒီလောက်မြန်မြန် တွေ့ပါ့မလားလို့ ဆိုတာကိုလည်း စစ်ကြော မှတ်ချက်ချကြတယ်။

တကယ်စဉ်းစားသင့်၊ အကဲဖြတ်ဆုံးဖြတ်သင့်တာက သိပ္ပံကိုယ်ကျင့်ပညာ(scientific ethics)ပညာရှင်တို့ရဲ့ နည်းမှန်၊ လမ်းမှန်ဆောင်ရွက်သင့်မှု (professionalism) အရ Watson, Crick, Wilkins တို့ရဲ့ လုပ်ဆောင် မှုက သင့်တင့်လျောက်ပတ် မှန်ကန်ရဲ့လားဆိုတဲ့ "ကောက်ချက်"ပါပဲ။

Rosalind Franklin ရဲ့ DNA နှင့် ပတ်သက်တဲ့ ကိစ္စရပ်တို့ကို သိကျွမ်းသူများက Rosalind Franklin ဟာ အမျိုးသမီးတစ်ဦးဖြစ်ရုံသာမက ထူးချွန်ပြောင်မြောက် တဲ့ အမျိုးသမီးသိပ္ပံပညာရှင်တစ်ဦးဖြစ်လို့လည်းပဲ DNA နဲ့ပတ်သက်တဲ့ သိပ္ပံပညာသုတေသန လုပ်ငန်းများမှာ သာမက အခြားသိပ္ပံသုတေသနလုပ်ငန်း ကိစ္စရပ်များမှာ လည်းပဲ ကျား/မတစ်နည်းဆိုရလျှင် 'မ'အမျိုးသမီးဖြစ်လို့ ပင်လျှင် ခွဲခြားဆက်ဆံခံရခြင်းဖြစ်တယ်လို့ 'မဝါဒီ' (feminists)များနှင့် မဝါဒီမဟုတ်တဲ့ အမျိုးသမီး၊ အမျိုးသားတို့ကပါ ထင်မြင်ယူဆခဲ့ပါတယ်။

Sexism လို့ခေါ်တဲ့ အမျိုးသမီးတို့ကိုခွဲခြား၊ အထင် သေး၊ ယင်းတို့ ခွဲခြားအထင်သေးခြင်း မဟုတ်လျှင်ပင် သဘောထားအမြင်တွေက ယဉ်ယဉ်ကလေးနဲ့ "ကြော" ချင်တဲ့ သဏ္ဍာန်သဘော(patronizing attitude)ရှိ တယ်ဆိုတာကို James Watson ရေးခဲ့ပြီး ၁၉၆၈ ခုနှစ်က ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့တဲ့ *The Double Helix* စာအုပ်မှာ Rosalind Franklin အပေါ်(သို့မဟုတ်) စပ်လျဉ်း၍ ရေးသားတဲ့မှတ်ချက်၊ အမြင်များမှ ထုတ်ယူ သဘောထား၊ ဆင်ခြင်သဘောထားနိုင်တယ်လို့ သုံးသပ်၊ ဝေဖန်သူအတော်များများက ထောက်ပြကြပါတယ်။ Double Helix DNA ဖွဲ့စည်းတည်ဆောက်မှု တွေ့ရှိမှု နဲ့စပ်လျဉ်းပြီး သူ့ရဲ့ ပြန်ပြောင်းသတိရမှု(memoirs) မှာ ကနဦးအနေနဲ့ Rosalind 'ရိုဇာလင်' အသံထွက်ကို "အဖျားဆွတ်ပြီး" Franklin မနှစ်ခြိုက်တဲ့ "ရိုစီ"(Rosie) နာမည်နဲ့ ခေါ်ဝေါ်သုံးစွဲတယ်လို့ ထောက်ပြခဲ့သူများရှိသလို Watson က သူ့ရဲ့စာအုပ် အစောပိုင်းအားလုံးလိုလိုမှာ "ရိုစီ"(Rosie)ရဲ့ DNA ဖွဲ့စည်းတည်ဆောက်မှုနဲ့ စပ်လျဉ်း တဲ့လုပ်ဆောင်ချက်များကို လုံလောက်စွာ အသိအမှတ် မပြုဘဲ စာအုပ်အဆုံးပိုင်း ရောက်ခါနီးကျမှသာ "Rosie"ကို သူနဲ့ဆက်ဆံရေး သိပ်မပြေလည်ခဲ့လို့ ရှေ့ပိုင်းမှာ အနည်းငယ်မာရေကျောရေသဘောမျိုး ရေးခဲ့မိကြောင်း Rosalind Franklin ရဲ့ DNA ဆိုင်ရာသုတေသန လုပ်ငန်းများဟာ အရေးပါပါကြောင်းကို အသင့်အတင့် ဝန်ခံ(သို့မဟုတ်)အနည်းငယ် ဖြေလျှော့ရေးခဲ့တယ်လို့ ဆိုပါတယ်)

၁၉၆၂ ခုနှစ်က ဆေးသိပ္ပံ (သို့မဟုတ်)ဇီဝကမ္မဗေဒ ဆိုင်ရာ နိုဘယ်လ်ဆုပေးပွဲ အခမ်းအနားမှာ Crick, Watson, Wilkins တို့ပြောကြားတဲ့ မိန့်ခွန်းမှာ Rosalind Franklin ကို အသိအမှတ်ပြု၊ ဂုဏ်ပြုပြောကြားခြင်း မရှိခဲ့ပါဘူး။ ၁၉၈၂ ခုနှစ်မှာ ဓာတုဗေဒဆိုင်ရာ နိုဘယ်လ် ဆုကို ချီးမြှင့်ခြင်းရှိခဲ့သူ ဆာအေရွန်ကလပ်(ဂ်) (Sir Aaron Klug) (၁၁ ဩဂုတ် ၁၉၂၆ မွေးဖွား)ဟာ ဓာတုဗေဒဆိုင်ရာ နိုဗယ်ဆုကို ချီးမြှင့်ခြင်းခံခဲ့ရသူ ဖြစ်ပါ တယ်။ Sir Aaron Klug ဟာ ၁၉၅၀ ပြည့်နှစ်အစောပိုင်းမှ အလယ်ပိုင်းနှစ်များအတွင်းမှာ Rosalind Franklin ရဲ့ တပည့်တစ်ဦး သဘောမျိုးဖြစ်ခဲ့ပြီး သူက Rosalind Franklin ရဲ့ဘဝဟာ စောစီး၊ ကြေကွဲစွာ အဆုံးမသတ်ခဲ့ ဘူးဆိုလျှင် သိပ္ပံဆိုင်ရာ နိုဘယ်လ်ဆုတစ်ခုခုကို ထိုက်ထိုက် တန်တန် ချီးမြှင့်ခြင်းခံရမယ့် သူဖြစ်ကြောင်းကိုလည်း သူ့ရဲ့ နိုဘယ်လ်ဆုလက်ခံမိန့်ခွန်း (Nobel acceptance speech)မှာ ထည့်သွင်းဂုဏ်ပြု ပြောကြားခဲ့ပါတယ်။

လောလောလတ်လတ် သတင်းတစ်ရပ်အနေနဲ့ ယူနိုက်တက်ကင်းဒမ်း (United Kingdom)နိုင်ငံ Queen's University of Belfast မှာ ရိုဇာလင်ဖရန်ကလင် ကနဦး ဟောပြောမှု (Inaugural Rosalind Franklin Lecture) ကို ၁၉၅၃ ခုနှစ် ဧပြီ ၂၅ ရက်က Rosalind Franklin နဲ့ Raymond Gosling တို့ *Nature* သိပ္ပံဂျာနယ်မှာ DNA ဆိုင်ရာ ဆောင်းပါးအဖြစ်ပုံနှိပ်ထုတ်ဝေခြင်း (၆၅) နှစ်တိတိပြည့်တဲ့ နှစ်၊ လ၊ ရက် အတိအကျဖြစ်တဲ့ ၂၀၁၈ ခုနှစ် ဧပြီ ၂၅ ရက်မှာ Chair in Translational Genomics ရဲ့ ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခ Mark Lawrence က ဂုဏ်ပြုမိန့်ခွန်းပြောကြားမှာဖြစ်ကြောင်း သိရပါတယ်။

**DNA ဖွဲ့စည်းတည်ဆောက်မှုကို ဦးစွာဖော်ထုတ်ခဲ့သူများ အနက်မှ အသက်ရှင်နေသေးသူ James Watson အကြောင်းစိုးစဉ်းမျှ ဖြည့်စွက်တင်ပြချက်**

၁၉၅၃ ဧပြီ ၂၅ ရက်က *Nature* ပညာရပ်ဂျာနယ်မှ ပုံနှိပ်ထုတ်ဝေခဲ့တဲ့ ပထမ၊ ဒုတိယနှင့် တတိယ ဆောင်းပါး တို့ကို ရေးသားခဲ့တဲ့ ပညာရှင်တွေကတော့ Dr. James Watson, Dr. Francis Crick, (ပထမဆောင်းပါး)၊ Raymond Gosling နဲ့ Dr. Rosalind Franklin (ဒုတိယဆောင်းပါး) Maurice Wilkins (DNA ဆိုင်ရာ တတိယဆောင်းပါးရေးသူသုံးယောက်တွင် ပထမစာရေးသူ first author)တို့ရဲ့ ဆောင်းပါးများ ဖြစ်ကြပါတယ်။

ထိုသိပ္ပံပညာရှင်များထဲမှာ Rosalind Franklin (၁၉၅၈ ဧပြီ ၁၆ ကွယ်လွန်)၊ Francis Crick (၂၀၀၄ ဇူလိုင် ၂၈ ကွယ်လွန်)၊ Maurice Wilkins (၂၀၀၄ အောက်တိုဘာ ၅ ကွယ်လွန်)၊ Raymond Gosling(၂၀၁၅ မေ ၁၈ ကွယ်လွန်)တို့ဟာ ကွယ်လွန် သွားခဲ့ကြပါပြီ။ Dr. James Watson(၁၉၂၈ ဧပြီ ၆ မွေးဖွား)ကတော့ အခုစာရေးနေတဲ့ အချိန်(၂၀၁၈ ဧပြီ ၂၁) အထိ သက်ရှိထင်ရှား ရှိနေဆဲပါပဲ။

Dr James Watson ရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြောင်း အနည်းငယ်ကို တင်ပြခဲ့ပါတယ်။ Rosalind Franklin နဲ့ James Watson တို့ရဲ့ ဆက်ဆံရေးအကြောင်းကိုလည်း အနည်းငယ် တင်ပြခဲ့ပါတယ်။

James Watson ရဲ့ *Double Helix* ဆိုတဲ့ စာအုပ် ကို ၁၉၆၈ ခုနှစ်က ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့တယ်။ Double Helix ဆိုတဲ့ "နှစ်ထပ်ခရုခွံ" (သို့မဟုတ်) "နှစ်ထပ်ကြောင်လိမ်လှေခါး"ပုံစံ(သို့မဟုတ်) ပုံသဏ္ဍာန်နဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ DNA ကိုသူ (James Watson)က (တစ်နည်းအားဖြင့်ဆိုရလျှင်) အဓိကကျကျ ဘယ်လိုတွေ့ရှိခဲ့တယ်ဆိုတာ သူ့ကိုယ်သူအမွှမ်းတင်ကာ ရေးသားထားတဲ့စာအုပ်လို့ မခေါ်နိုင်သည်ထား သူ့ရဲ့ လုပ်ဆောင်ချက်တို့ကို "ဇောင်းပေး"ပြီး ဖော်ပြထားတဲ့ စာအုပ်လို့ ဝေဖန်သုံးသပ်သူ တော်တော်များများက မှတ်ချက်ချခဲ့ကြပါတယ်။ ကမ္ဘာ့အထင်ကရတက္ကသိုလ် တစ်ခုဖြစ်တဲ့ ဟားဗတ်တက္ကသိုလ်(Harvard University) က James Watson ရဲ့ စာအုပ်ကို ထုတ်ဝေဖို့ ကနဦး အားဖြင့် သဘောတူညီ(သို့မဟုတ်) စိတ်ဝင်စားကြောင်း ပြသခဲ့ပေမယ့် နောက်ပိုင်းမှာတော့ James Watson နဲ့အတူ ၁၉၆၂ ခုနှစ်က ဆေးပညာ(သို့မဟုတ်) ဇီဝကမ္မ ဗေဒ နိုဘယ်လ်ဆုကို ချီးမြှင့်ခံခဲ့ရတဲ့ Dr Francis Crick အပါအဝင် လူပုဂ္ဂိုလ်တချို့က Watson ရဲ့ စာမူအချို့ အစိတ်အပိုင်းတို့နှင့်စပ်လျဉ်းပြီး မနှစ်ခြိုက်ဖွယ်ရာများ ရှိတယ်လို့ မှတ်ချက်ပြုခဲ့ကြလို့ ဟားဗတ်တက္ကသိုလ် ပုံနှိပ်တိုက် (Harvard University Press)က Watson ရဲ့ စာမူကို ပုံနှိပ်ထုတ်ဝေခြင်းမပြုတော့ဘဲ Atheneum ပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။

လွန်ခဲ့တဲ့အနှစ်(၅၀)ကျော်က ပထမအကြိမ် ပုံနှိပ် ထုတ်ဝေခဲ့တဲ့ James Watson ရဲ့ *The Double Helix* စာအုပ်ကို ကျွန်တော်မဖတ်ဖူးပါ။ ဒါ့ကြောင့် ယင်းစာအုပ် ကို ဝေဖန်ချက်၊ သုံးသပ်ချက်များထဲမှ အနည်းငယ်သော မှတ်ချက်အချို့ကိုသာ ကောက်နုတ်ဖော်ပြနိုင်ပေမယ့် *The Double Helix* စာအုပ်ပေါ်မှာ ကျွန်တော့်ရဲ့ သဘောထားအမြင် ဘယ်လိုရှိတယ်ဆိုတာကို မတင်ပြ နိုင်ပါ။ ၂၀၀၃ ခုနှစ်က ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ပြီး James Watson နဲ့ အခြားစာရေးသူ နှစ်ဦးဖြစ်တဲ့ Andrew Berry နဲ့ Kevin Davies တို့နဲ့ ပူးတွဲရေးသားတဲ့ *DNA The Story of the Genetic Revolution* စာအုပ်တစ်အုပ်လုံး ကိုတော့ ၂၀၀၄ ခုနှစ်က ကျွန်တော် ဖတ်ဖူးပါတယ်။ *DNA The Story of the Genetic Revolution* မှာ ကျွန်တော် မှတ်မိနေတဲ့အပိုင်းက genetically modified food လို့ခေါ်တဲ့ မျိုးရိုးဗီဇအရ ပြုပြင်ပြောင်းလဲထားတဲ့ အစား အစာ(သစ်သီးဝလံ၊ အသားစသည်)တို့ကို အချို့သော လူပုဂ္ဂိုလ်များက မစားသုံးသင့်ကြောင်း ဆော်ဩတိုက်တွန်း နေတာဟာ အခြေအမြစ်မရှိ(မရှိ)တဲ့ ဆောင်ရွက်ချက်များ ဖြစ်ကြောင်း ရေးသားထားတာပါပဲ။ *The Double Helix* စာအုပ်ကို ထုတ်ဝေခဲ့အပြီး (၃၅)နှစ်ကျော်အကြာမှာ ထုတ်ဝေခဲ့တဲ့ *DNA The Story of the Genetic Revolution*(၂၀၁၇ ခုနှစ် ထပ်မံဖြည့်စွက်ထုတ်ဝေ)စာအုပ်မှာတော့ သည့်အရင် (၃၅)နှစ် ၁၉၆၈ ခုနှစ်က ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့တဲ့ *The Doulde Helix* စာအုပ်မှာလို သူ့ကိုယ်သူ တော်တော် အမွှမ်းတင်ရေးသား၊ DNA ဆိုင်ရာ "ပြိုင်ဘက်"တို့ကို အနည်းငယ်တင်စီးပြီး ဝေဖန်သုံးသပ်တာမျိုးကို *DNA The Story of the Genetic Revolution* စာအုပ်မှာ မတွေ့ရသလောက်ပါပဲ။ James Watson က DNA ဖွဲ့စည်းတည်ဆောက်မှုကို (သူ့လုပ်ဖော်ကိုင်ဖက်တွေရဲ့ ကူညီထောက်ပံ့မှုနှင့်) တွေ့ရှိခဲ့တုန်းက အသက် ၂၅ နှစ် သာရှိပါသေးတယ်။ နိုဘယ်လ်ဆုရခဲ့စဉ်က အသက် ၃၄ နှစ် သာရှိပြီး *The Double Helix* ကို ပုံနှိပ်ထုတ်ဝေခဲ့စဉ် အခါက အသက် ၄၀ ရှိကာ *DNA The Story of the Genetic Revolution* ကို ပထမအကြိမ် ထုတ်ဝေခဲ့စဉ်က အသက် ၇၅ နှစ်ခန့်ရှိပြီဆိုတော့ နိုဘယ်လ်ဆုရ သိပ္ပံပညာရှင်ကြီးဟာ ပိုမိုရင့်ကျက်လာ၊ သဘောထား ကြီးလာပြီထင်ပါတယ်။

James Watson ဟာ ၂၀၀၇ ခုနှစ် အောက်တိုဘာ မှာ သူအနှစ် ၄၀ ခန့် အလုပ်လုပ်ကိုင်ခဲ့တဲ့ အမေရိကန် ပြည်ထောင်စုက Cold Spring Harbor Laboratory မှာ အဓိပတိ(Chancellor)အဖြစ်မှ နုတ်ထွက်ခဲ့ရပါတယ်။ နုတ်ထွက်ခဲ့(ရ)တယ်လို့ "ရ"ကိုထည့်သွင်းပြီးရေးရာမှာ Watson ဟာ သူ့သဘောအလျောက် နုတ်ထွက်ခဲ့တာ မဟုတ်ဘဲ အခြေအနေတွေက ရာထူးမှ သူမနုတ်ထွက်ဘဲ မနေရအောင် ဖြစ်ပေါ်လာခဲ့လို့ပါပဲ။

Watson ရဲ့ ယခင် တပည့်တစ်ဦးဖြစ်ခဲ့သူနဲ့ လူတွေ့ တွေ့ဆုံမေးမြန်းခန်း(အင်တာဗျူး)မှာ Watson က အာဖရိကတိုက်ဖွံ့ဖြိုးတိုးတက်မှုအတွက် သူဟာ ရင်လေး မိတယ်။ (လူတွေရဲ့)အီဗောလူးရှင်းဖြစ်စဉ်မှာ ပထဝီဒေသ အရ ကွဲပြားတဲ့နေရာဒေသများမှာ (အသိဉာဏ်) ဖြစ်ထွန်းမှုတို့က တညီတညွတ်တည်း ဖြစ်လိမ့်မယ် လို့ယူဆနိုင်တဲ့ ခိုင်ခိုင်လုံလုံအကြောင်းမရှိဘူး။ လူတိုင်း လူတိုင်း(လူမျိုးတိုင်း၊ လူမျိုးတိုင်း)က ဆင်ခြင်တုံတရား အညီအမျှရှိတယ်လို့ ဖြစ်စေချင်တဲ့ဆန္ဒတစ်ခုတည်းနဲ့ တော့ အဲဒီအခြေအနေ ဖြစ်မသွားပါဘူးလို့ ထုတ်ဖော် ပြောကြားခဲ့တာကို ပုံနှိပ်ဖြန့်ချိပြီးတဲ့ ရက်ပိုင်းအတွင်းမှာပဲ သူကျက်စားကျင်လည်တဲ့ သိပ္ပံနှင့်တက္ကသိုလ် အသိုင်း အဝိုင်းမှာ ပွက်လောရိုက်သွားခဲ့လို့ ယင်း"အချင်း" (ဆိုပါ တော့)ဖြစ်ပွားပြီး ရက်သတ္တပတ်အနည်းငယ်အတွင်းမှာပဲ သူလုပ်ကိုင်ရာအလုပ်ဌာနမှ နုတ်ထွက်ခဲ့ရတယ်။

ယင်းသို့နုတ်ထွက်ခဲ့ရာမှာ "ဝင်ငွေနည်းသွားလို့" နိုဘယ်လ်ဆုရသိပ္ပံပညာရှင်ကြီး Dr. James Watson ဟာ သူရဲ့ ၁၉၆၂ ခုနှစ်ကရခဲ့တဲ့ နိုဘယ်လ်ရွှေတံဆိပ်ကို လေလံတင် ရောင်းချစေတယ်။ (နိုဘယ်လ်ရွှေတံဆိပ်ဆုကို ဆုတံဆိပ်ရခဲ့သူ မည်သူတစ်စုံတစ်ဦး တစ်ယောက်သည်မျှ သူတို့ အသက်ရှင်စဉ်ကာလ အတောအတွင်းမှာ လေလံတင်ရောင်းချခဲ့တာဟာ Watson မတိုင်ခင်က မပြုလုပ်ခဲ့ဘူးလို့ ဆိုပါတယ်) ၂၀၁၄ ဒီဇင်ဘာက လန်ဒန် မြို့တွင် ပြုလုပ် ခဲ့တဲ့ လေလံပွဲမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ သန်း ဒေါ်လာ ၄၁၀၀၀၀၀ နဲ့ ထိုစဉ်က အမည်မသိသူတစ်ဦးက ဝယ်ယူခဲ့တယ်။ လေလံဆွဲပြီးလို့ ရက်ပိုင်းအတွင်းမှာပဲ ရုရှားနိုင်ငံက ကုဋေထောင်ကြွယ် သူဌေး အလစ်ရှာယူစမာနော့(ဗ်)(Alisher Usamanov) က ဝယ်ယူခဲ့တာကို သိရှိခဲ့ရပြီး ထိုသူဝယ်ယူခဲ့ရတဲ့ Watson ရဲ့ နိုဘယ်လ်ရွှေတံဆိပ်ဆုကို Watson ကိုပင် ပြန်လည်ပေးအပ်ခဲ့တယ်။ ကုဋေထောင်ကြွယ်သူဌေး Usamanov က "ထူးချွန်ပြောင်မြောက်လှတဲ့ သိပ္ပံပညာ ရှင်ကြီးတစ်ဦးဟာ သူ့ရဲ့စွမ်းဆောင်အောင်မြင်မှုများကို အသိအမှတ်ပြုတဲ့ တံဆိပ်ကိုရောင်းခဲ့ရတာဟာ လက်မခံ နိုင်ဖွယ်မရှိဘူး"တဲ့။

၂၀၁၈ ဧပြီ ၂၅ ရက်မှာ ကျရောက်တဲ့ Watson နဲ့ Crick တို့ရဲ့ DNA ဖွဲ့စည်းတည်ဆောက်မှုဆောင်းပါး ပုံနှိပ်ထုတ်ဝေမှု (၆၅)နှစ်မြောက် အထိမ်းအမှတ်အနေနဲ့ အခမ်းအနားများ ဟောပြောပွဲများ ပြုလုပ်ခဲ့လျှင် ယင်းအခမ်းအနားများမှာ ယခု အသက် ၉၀ ကျော်နေပြီ ဖြစ်တဲ့ သိပ္ပံပညာရှင်ကြီးပါမောက္ခ Dr. James Watson က တက်ရောက် မိန့်ခွန်းပြော (သို့မဟုတ်)သဝဏ်လွှာ ပေးပို့ဖြစ်မယ် မဖြစ်ဘူး၊ ဖြစ်ခဲ့တယ် မဖြစ်ခဲ့ဘူးဆိုတာ ကိုတော့ ကျွန်တော်မသိပါ။ ။

# ညောင်တုန်းမြို့ ဥသျှစ်လှုစေတီတော်ကြီးတွင် ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော်နှင့် စတုဒိသာကျွေးပွဲ စည်ကားစွာကျင်းပမည်

**ညောင်တုန်း မေ ၂၇**

မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၅၉)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်နှင့်စတုဒိသာကျွေးပွဲတော်ကြီးကို ညောင်တုန်းမြို့အမှတ်(၈)ရပ်ကွက် စိတ္တသုခလူငယ်အသင်းက ဦးဆောင်ပြီး အောင်သုခလမ်းတစ်လျှောက်တွင် မေ ၂၉ ရက် ၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်နေ့တွင် အထူးစည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



အမှတ်(၈)ရပ်ကွက် စိတ္တသုခလူငယ်အသင်းက ဦးဆောင်ပြီး ၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်(တနင်္ဂနွေနေ့တွင်) ဥသျှစ်လှုစေတီတော်ကြီးရှိ မဟာဗောဓိညောင်ပင်အား အမွှေးနံ့သာရည်များဖြင့် ကဆုန်ညောင်ရေသွန်းလောင်းကြမည်ဖြစ်သည်။ ထို့ပြင် အမှတ်(၈)ရပ်ကွက် အောင်သုခလမ်းတစ်လျှောက်ရှိ နေအိမ် ၁၀၀ ကျော်မှ အလှူရှင်များက ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်း၊ ကံစမ်းမဲဖောက်ပေးခြင်း၊ မုန့်လက်ဆောင်း၊ မုန့်ဟင်းခါး၊ မုန့်လုံးရေပေါ်၊ ပေါင်မုန့်ရှိုစမ်းနှင့် သာကူမုန့်များ၊ အအေးအကျွေးအမွေးများဖြင့် နိဗ္ဗာန်ဈေးလမ်းတစ်လျှောက် လာရောက်လည်ပတ်ကြသူ ဧည့်ပရိသတ်အပေါင်းတို့အား စတုဒိသာနှင့် ကျွေးမွေးဧည့်ခံခြင်းများဖြင့် စည်ကားစွာ ပြုလုပ်သွားမည်ဖြစ်သည်။ ထို့ပြင် သွန်းဘုရားကြီး မြို့ဦးမိုးဟုတ်စေတီတော်၊ ဥသျှစ်လှုစေတီတော်ကြီးများရှိ မဟာဗောဓိညောင်ပင်များအား အမွှေးနံ့သာရည်များဖြင့် ကဆုန်ညောင်ရေသွန်းလောင်းကြမည်ဖြစ်ကြောင်း ကျင်းပရေးဂေါပကအဖွဲ့ထံမှ သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ကော့ရင်းအောက်-အညောကုန်း ပေ ၁၀၀ ကွန်ကရစ်တံတားသစ် ဖွင့်လှစ်

**ဘားအံ မေ ၂၇**

ပြည်နယ်အတွင်းလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး၊ ဒေသတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီနောင်များ အလွယ်တကူ ကူးလူးဆက်ဆံနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော့ရင်းအောက်-အညောကုန်း ပေ ၁၀၀ ကွန်ကရစ်တံတားကို မေ ၂၆ ရက် နံနက် ၈ နာရီက ဘားအံမြို့နယ် ကော့ရင်းအောက်ကျေးရွာအုပ်စု အညောကုန်းကျေးရွာ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



အဆိုပါတံတားသည် ကော့ရင်းအောက်-ကမား-အညောကုန်း-ပန်းကုံး ကျေးရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိပြီး မူလက ( ပေ ၈၀ × ၁၁ပေ× ၈ပေ) ရှိ သစ်သားတံတားအမျိုးအစားဖြစ်ကာ မိုးရာသီတွင် နှစ်စဉ်ရေကြီး၍ ရွာသူ ရွာသားများမှာ ဝါးဖောင်များ၊ စက်လှေများဖြင့် ခက်ခဲစွာသွားလာခဲ့ရသည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်အဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေကျပ်သန်း ၁၀၀ ဖြင့် အရှည်ပေ ၁၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၇ ပေရှိ သံဘောင်ရက်မ သံကူကွန်ကရစ်တံတား အမျိုးအစားအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ စတင်တည်ဆောက်၍ ၂၀၁၈ ခုနှစ် မတ်လတွင်ပြီးစီးကာ ယနေ့ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တံတားဖွင့်ပွဲတွင် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ဘားအံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစောကျော်မင်းဦးက တံတားနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တံတားဖွင့်ပွဲ အထိမ်းအမှတ် အလံငယ်များအား ပေးအပ်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးစောချစ်ခင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်တော၊ သတ္တုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး တံတားဖွင့်ပွဲအထိမ်းအမှတ် ငြိမ်းချမ်းရေးချိုးငှက်များ လွှတ်ပေးခဲ့ကြသည်။

အဆိုပါ တံတားသစ် တည်ဆောက်ပြီးစီးဖွင့်လှစ်ပေးခဲ့သည့်အတွက် ကော့ရင်းအောက်ကျေးရွာအုပ်စုရှိ ကမားကျေးရွာ အညောကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသများရှိ ကျေးရွာပေါင်း ၂၄ ရွာ၊ အိမ်ခြေ ၂၄၆၁ အိမ် နှင့် လူဦးရေ ၁၅၈၃၃ ဦးတို့အတွက် ဒေသတွင်း ထွက်ကုန်သီးနှံ ကုန်ပစ္စည်းများကို အချိန်တိုအတွင်း ရောင်းဝယ်ဖောက်ကားနိုင်ပြီး ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအစရှိသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော

## ၂၀၁၈ ခုနှစ်၊ မေ ၁၈ ရက်နေ့မှ မေ ၂၆ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဦးစံရှားနှင့်လျှို့ဝှက်ဂေဟာ | စစ်ကိုင်းအေးလွင် | ၂၅၀၀ | လမ်းသစ်စာပေ |
| ၂ | ခြုံငုံလေ့လာ မားကတ်တင်းပညာ | ဝင်းသိန်းဦး | ၂၅၀၀ | Future Publishing |
| ၃ | ဧည့်လမ်းညွှန် သုတပဒေသာ (၄) | သုတေသီဦးစိုးမြင့် | ၈၀၀၀ | ရှင်မတောင်စာပေ |
| ၄ | လွဲနေတဲ့ဆုံမှတ် | ကိုကို(B.Agr.Sc) | ၁၅၀၀ | ဒေါက်တာကိုကို |
| ၅ | ဒေါ်အောင်ဆန်းစုကြည် လျှောက်သောလမ်း | ကျော်စွာမင်း (D. မင်း) | ၂၀၀၀ | ရွှေကလောင်စာပေ |
| ၆ | မျှော်တလင့်လင့်တစ်ဘဝ | အိန်ဂျယ်လှိုင်၊ခိုင်လေး | ၂၀၀၀ | ၇၇၇၇ စာပေ |
| ၇ | ချစ်သမီးထံသို့နေရူး၏ ကမ္ဘာကျော်ပေးစာများ | ပါရဂူ | ၃၀၀၀ | လောကသစ်စာပေ |
| ၈ | တစ်မိနစ်မန်နေဂျာနဲ့ ခေါင်းဆောင်မှု | အောင်စည်သာ | ၂၅၀၀ | စိတ်ကူးချိုချို |
| ၉ | ဟစ်တိုင် | သျှင်မ | ၃၀၀၀ | ပတ္တမြားသိုက်စာပေ |
| ၁၀ | ရေရှည်စစ်ပွဲဖြစ်သွားနိုင်သော ရခိုင်ဒေသနှင့် ရခိုင်ဒေသအရေးဆောင်းပါးများ | သရဝဏ် (ပြည်) | ၃၀၀၀ | ကံ့ကော်ဝတ်ရည် |
| ၁၁ | ကလေးများအတွက် ကာလီဒါသလျှောက်ထုံး ပုံပြင်များ | ကြည်နိုင် | ၂၀၀၀ | ခူဝံစာအုပ်တိုက် |
| ၁၂ | အောင်မြင်မှုအတွက် အပြုံး၏တန်ဖိုး | အောင်လှိုင် | ၂၅၀၀ | စိတ်ကူးချိုချို |
| ၁၃ | အမှတ်တရ ဟံသာဝတီ ဦးဝင်းတင် | ကလောင်စုံ | ၅၀၀၀ | ခေတ်ပြတိုက်စာပေ |
| ၁၄ | စိတ်နှင့်ဂမ္ဘီရ | ဟိန်းလတ် | ၂၀၀၀ | မျိုးမြန်မာစာပေ |
| ၁၅ | နေညိုညိုအမေအို မျှော်နေရော့မည်နှင့် မဂ္ဂဇင်းဝတ္ထုတိုများ | နီသင်အောင်ကျော်မိုး | ၂၅၀၀ | ယဉ်မျိုးစာပေ |
| ၁၆ | မွေးနှင့်တွေ့ဆုံခြင်း | သပြေ | ၂၀၀၀ | ကျော်မွေးစာပေ |
| ၁၇ | ပြည်သူချစ်သောခေါင်းဆောင်နှင့် အခြားဆောင်းပါးများ | တင်မောင်ထက် | ၁၈၀၀ | ရန်အောင်စာပေ(၂) |
| ၁၈ | IRON & BLOOD | Nanda | ၈၀၀၀ | စိတ်ကူးချိုချို |
| ၁၉ | စစ်သားမယား | အောင်မြင်သူ | ၂၅၀၀ | အားမာန်သစ် |
| ၂၀ | ဝုန်းနေတဲ့လက်ထိပ် လန်းနေတဲ့သေနတ်များ | စောဝေ | ၃၅၀၀ | ၇၇၇၇ စာပေ |
| ၂၁ | သူ၊ ကျွန်တော်နှင့်မြန်မာနိုင်ငံ့အရေး | သူရဦးရွှေမန်း | ၂၀၀၀ | Myanmar Heritage |
| ၂၂ | မြင်းမိုရ်တောင်ထိပ်မှ သဲပွင့်ကလေးများ | ထူးဆွေအောင် | ၂၅၀၀ | ငါတို့စာပေ |
| ၂၃ | နွမ်းလျသေရှင် (ပထမတွဲ) | တော်ကောင်းမင်း | ၅၀၀၀ | ဘဝတက္ကသိုလ်စာပေ |
| ၂၄ | နွမ်းလျသေရှင် (ဒုတိယတွဲ) | တော်ကောင်းမင်း | ၅၀၀၀ | ဘဝတက္ကသိုလ်စာပေ |
| ၂၅ | ယုံရခက်သောဇာတ်လမ်းတစ်ခု | ဘုန်းမြင့် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂၆ | ဇော်ဂျီသက်တမ်း တစ်ဂဏန်းသုံးလုံးစာများ | ကလောင်စုံ | ၁၀၀၀၀ | စိတ်ကူးချိုချို |
| ၂၇ | ထားဝယ်ခရိုင် ဒေသန္တရပထဝီဝင် | - | ၁၀၀၀ | ပါရမီစာပေ |
| ၂၈ | MYANMAR TOP 100 2018 | - | ၅၀၀၀ | ယဉ်မျိုးစာပေ |
| ၂၉ | ဗိုလ်ချုပ်၏နောက်ဆုံးနေ့ | - | ၂၂၀၀ | စိတ်ကူးချိုချို |